
www.burmeseclassic.com



www.burmeseclassic.com

## တော်ဝင်မြို့မစာအုပ်တိုက်မှ ရရှိနိုင်သောစာအုပ်များ

| | | |
|---|---|---|
| ၁။ | လေရူးသုန်သုန် | နနွ |
| ၂။ | တစ္ဆာသစ်ရဲ့ ဖန်ဆင်းရှင် ဘီသိုဗင် | ရန်နောင်ဦး |
| ၃။ | ထောင်းမူးနှင့် ထားနံ့ခြင်း | အောင်ကျော် |
| ၄။ | ထိုင်းဒို့၏ ဖိုးထဲတော့ဝိဉာဉ်ဇာတ်လမ်းများ | မောင်လှိုင်းသစ် |
| ၅။ | နှမ်ခဲသာဗွာဝုဲတော် | လှမိုး(ပညာရေး) |
| ၆။ | ထလေထျှီ၏ နီခါနီ | အကြည်တော် |
| ၇။ | ဘီလူး | အကြည်တော် |
| ၈။ | ကျောက်ဆင်ရုပ်းတွေမိုးထားတဲ့အိမ် | အကြည်တော် |
| ၉။ | ဆူထုံးသည်း | အကြည်တော် |
| ၁၀။ | နတ်နေတိုင်း | အကြည်တော် |
| ၁၁။ | ခိုထိမ်ပျိုပြင် | အကြည်တော် |
| ၁၂။ | ပြုတ်ထွက်သွားသော ကျော့ရိုးဆစ်ကလေးများ | အကြည်တော် |
| ၁၃။ | အသည်းတွဲနှစ်ဆယ့်လေးနာရီ | အကြည်တော် |
| ၁၄။ | ယောက္ခမနှင့် တစ်ထောင့်တစ်ည | အကြည်တော် |
| ၁၅။ | အိပ်မက်အပိုင်းခဲ့ -၉ | အကြည်တော် |
| ၁၆။ | ရိုတန်းသောဗ်ဘီလူး | အကြည်တော် |
| ၁၇။ | နေတစ်ခြမ်းလတစ်ခြမ်း | အကြည်တော် |
| ၁၈။ | မော်ဆရာမှတ်တမ်း | ကိုကိုလေး |
| ၁၉။ | အပြစ်ကင်းတဲ့ ချစ်ခြင်းမေတ္တာ | ကိုဆန်း+အေမင်းဆက် |
| ၂၀။ | အင်္ဂလိပ်လိုပြောမလို့လား-၂ | ချစ်ဖူး |
| ၂၁။ | ရွှီအဆုနိပ်နယ်နည်းများ | မောင်လှိုင်းသစ် |
| ၂၂။ | ခေတ်မီစီးပွားဖြစ်ဓာတ်ပုံအတတ်ပညာ | တက္ကသိုလ်စိုးဝင်း |
| ၂၃။ | အိုင်အိုခင်းကိုကိုကြီးနှင့် | အကြည်တော် |
| ၂၄။ | နေ့ရိရိ | ပီမိုးနင်း |
| ၂၅။ | မောင်လူအေး | သိပ္ပံမောင်ဝ |
| ၂၆။ | ဝေလီဝေလင်းချစ်သူ | မိုးဆက်လင်းထက် |
| ၂၇။ | အိပ်မက်ပန်းအလွှမ်းနှင်းဆီ | ညီနှင်းအိမ် |
| ၂၈။ | ရသစာတမ်းများ | ပေါ်ဦးသစ် |
| ၂၉။ | ပိုးကောင်များ | အကြည်တော် |
| ၃၀။ | တုလားအုတ်တွေနေတဲ့တဲ | သာရွှေဩ |
| ၃၁။ | နှစ်ဂဏန်းရဲ့ပဥ္စလက် | ညီနှင်းအိမ် |
| ၃၂။ | ကျွန်တော့်ချစ်သူပြောသော သူ့ချစ်သူအကြောင်း | အကြည်တော် |
| ၃၃။ | ရတနာပုံ၏ နီဒါန်းနှင့်နိဂုံး | ဒဂုန်ခင်ခင်လေး |
| ၃၄။ | အချစ်ရဲ့နက္ခတ် | ပြည့်ပိုင်မှူးအိမ် |
| ၃၅။ | ဇ | အကြည်တော် |
| ၃၆။ | လွန် | မိုးဆက်လင်းထက် |
| ၃၇။ | စီးပွားရေးဓာတ်ပုံပညာနှင့် မြိုင်ပွဲဝင်ဓာတ်ပုံပညာ | တက္ကသိုလ်စိုးဝင်း |
| ၃၈။ | သတ္တမမြောက် နတ်သမီး | ပြည့်ပိုင်မှူးအိမ် |
| ၃၉။ | မီးနပ်စ်ရဲ့တတိယတောင်ပံ | မိုးဆက်လင်းထက် |
| ၄၀။ | အောင်မြေ | အကြည်တော် |
| ၄၁။ | ပန်းနုရောင်ပြက္ခဒိန်ထဲက ကကြိုးလှတဲ့ သတို့သမီး | ပြည့်ပိုင်မှူးအိမ် |
| ၄၂။ | ကြယ်စင်တွေပျော်တဲ့ည | ညီနှင်းအိမ် |
| ၄၃။ | အာဒမ်၏ စာတေး | အကြည်တော် |
| ၄၄။ | မြောစည်တီး၍လှူလိုက်သည် | ထူးဆွေအောင် |
| ၄၅။ | ရဲသိန်းတန်၊ ဂျစ်မောင်မောင်နှင့် သရေခေတ္တရာကြည်အောင်တို့၏ စွန့်စားခန်းများ | ထူးဆွေအောင် |
| ၄၆။ | နွေရင်ခွင်အတွက် နှင်းစက်အနမ်း | ပြည့်ပိုင်မှူးအိမ် |
| ၄၇။ | မိတ္တဟာဒယဟာသတက်ကျမ်း | အကြည်တော် |
| ၄၈။ | မြူတို့ရေးတဲ့ ကျောက်ဆစ်လမ်းလျှာ | မိုးဆက်လင်းထက် |
| ၄၉။ | မပျော်ရင်ကော | ထူးဆွေအောင် |
| ၅၀။ | ဝဇီကိုင်နှင့် ဟာသဝတ္ထုတိုများ | တုသ |
| ၅၁။ | မိုးကောင်းကင်ကိုလှည့်စားတဲ့ကြယ် | ပြည့်ပိုင်မှူးအိမ် |
| ၅၂။ | လေပြည်ပိုက်မှာမိတဲ့ဝတ်မှုန် | မိုးဆက်လင်းထက် |
| ၅၃။ | ကျွန်တော်ထောင်းခဲ့သော ပေါင်များ | အကြည်တော် |
| ၅၄။ | သဲလှည်း | အကြည်တော် |
| ၅၅။ | တစ်ခါက ယယ်ယယ်လေးတွေ | အကြည်တော် |
| ၅၆။ | [illegible] | ပြည့်ပိုင်မှူးအိမ် |

# ပြည့်ပိုင်မှူးအိမ်

# မိုးရထားပေါ်က လက်ပြတဲ့ကောင်မလေး

**တော်ဝင်မြို့မစာအုပ်တိုက်**

အမှတ်(၈၈)၊ ဒုထပ်(ညာ)၊ ၃၈-လမ်း၊ ကျောက်တံတား။

ဖုန်း - ၂၄၅၂၈၄၊ ၃၇၉၄၈၇

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၄၀၁၇၈၀၉၁၂

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၄၀၀၄၇၁၀၉၆

| | | |
|---|---|---|
| အဖုံး ဒီဇိုင်း | - | အာကာ |
| ထုတ်ဝေသူ | - | ဦးလှိုင်ဝင်းနိုး (မြဲ - ၀၃၉၀၀) |
| | | ၈၈၊ ၁၃ရပ်ကွက်(ညာ)၊ ၁၇လမ်း၊ ကျောက်တံတား။ |
| မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ | - | ဦးဝင်းကျော်ထွန်း (မုံရွေးပုံနှိပ်တိုက်) |
| | | ၈၀/၁၊ သံလွင်လမ်း၊ ဗဟန်း။ |
| အတွင်းဖလင် | - | ကိုဦးနှင့် ညီများ |
| စာအုပ်ချုပ် | - | ကြူကြူမွှေး |
| ပုံနှိပ်ခြင်း | - | ပထမအကြိမ် |
| | | ၂၀၀၆ခုနှစ်၊ ဒီဇင်ဘာလ |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၁၀၀၀ ကျပ် |

BURMESE CLASSIC .com



"မင်း ကြက်မနဲ့ပေါင်းရမယ်"

"ဗျာ !"

"မဗျာနဲ့ မင်းကြက်မနဲ့ တစ်ညပေါင်းရမယ်"

"အင်"

သူ့နှလုံးတွေ ကတုန်ကယင်ကြီးဖြစ်သွားရသည်။ ရှက်ရှက်ဖြင့် ဘေးသီကိုကြည့်တော့ သူ့အဖော်အပေါင်းတို့က တခွီးခွီးရယ်နေရာက ဘရိတ်အုပ်ကာ ရယ်ချင်ပက်ကျိနှင့် ပြုံးစိစိကြည့်နေကြသည်။ ကျေးဖိုးရှင်နှစ်ကောင်ကဆို တခွီးခွီးနှင့်ပင် ခိုးရယ်နေလိုက်ကြသေးသည်။

"အာ - မပေါင်းဘူး"

ရှက်လွန်း၍ နီရဲသောမျက်နှာဖြင့် သူအကြောက်အကန်ငြင်းသည်။ ခိုးကြောင်ခိုးဝှက်နှင့် တခွီးခွီးတဟီးဟီးရယ်သံများကိုသူကြားနေရသည်။

လက္ခဏာ၊ ဗေဒင်၊ အကြားအမြင်နှင့် အခြားလိုင်းပေါင်းစုံ ဆြာမကြီးက သက်ပြင်းကို "ဟင်း"ခနဲ ဟန်ပါပါချသည်။ ဆြာမကြီးဆိုသော်လည်း တကယ်တမ်းကျ မိန်းမကြီးတစ်ယောက်မဟုတ်သလို ယောကျ်ားကြီးလည်းမဟုတ်။

"မင်းရဲ့ကံဇာတာတွေညှို့နေတယ်၊ မိန်းမနဲ့ပတ်သက်ပြီး သောကပရိဒေ၀တွေအကြီးအကျယ်ကို ရောက်ကိန်းရှိတယ်ကွဲ့"

"ခင်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ဒီတော့ စောစောကပြောသလို ယတြာချေရမယ်"

နီနီဆိုသောကလေးမက နောက်မှာထိုင်နေရာက ရှေ့ကိုဆတ်ခနဲတိုး ရင်း ဖွာဖွာသလဲ ထမေးသည်။

"ခဏလေး ခဏလေး သမီးမေးဦးမယ် သောကပရိဒေဝတွေပေးမယ့် မိန်းတလေးက ဘာ ဘာနေ့သမီးလဲဟင်"

ဆြာမကြီးက မျက်လွှာကိုချထားရာက လှန်ပင်မကြည့်။ ခပ်ပြတ် ပြတ်ပြေသည်။

"ကြာသပတေး သမီး"

"အမလေး တော်ပါသေးရဲ့ စနေသမီးမဟုတ်လို့"

"ဟင်"

အရေးထဲနီနီက "တော်ပါသေးရဲ့"ဝင်လုပ်နေသေးသည်။ 'ဟင်'ခနဲ သူ့အံ့အားသင့်သွားရသည်။ 'ပန်း'သည် ကြာသပတေးသမီးဖြစ်ဖို့များသည်။ 'ဝန်းကေသီလှိုင်'ဆိုတော့ ပ၊ ဖ၊ ဗ၊ ဘ၊ မ ကြာသပတေးမှ ကြာသပတေး။ ယုံကြည်သည်မဟုတ်သော်လည်း စိတ်ထဲကတော့ စနောင့်စနင်း ဖြစ်မိသည် တားအမှန်။ 'အပျော်ဟုဘုမသိဘမသိ လိုက်လာမိတာ မှားလိုက်လေခြင်း'ဟု ဘယ်နှကြိမ်မြောက်မှန်းမသိ တွေးဖြစ်သည်။

"အဲဒီတော့ မိန်းမနဲ့ပတ်သက်တဲ့ အညံ့တွေပြေပျောက်သွားအောင် ကြက်မနဲ့တစ်ညပေါင်းရမယ်"

"အာ . . မပေါင်းဘူး၊ ကျွန်တော်က အခုမှ ၁၈နှစ်ကျော်ရုံကလေး ပဲရှိသေးတာ။ အဲဒါမျိုးဝါသနာမပါဘူးဗျ၊ တော်ကြာ AIDS တွေ ဘာတွေဖြစ် နေမှဒုက္ခ"

"ဘာကွဲ့"

ခေါင်းကြီးဖွတ်ငုံ့ကာ မျက်နှာနီတွတ်စွာဖြင့် အသည်းအသန်ငြင်းနေ သောသူ့ကို ဆြာမကြီးက ဒေါသဖြင့် 'ဘာကွဲ့'ဟု မျက်လုံးမှိတ်ထားရာက ထအော်သည်။ ရုတ်တရက်မို့ လန့်ပင်သွားရသည်။

"မင်းကို ဟိုဒင်းနဲ့ပေါင်းခိုင်းတာမဟုတ်ဘူး ဘာတွေကြံ့ကြံဖန်ဖန်





လျှောက်တွေးနေတာလဲ၊ မင်းကိုငါက ဟိုဒင်းနဲ့ပေါင်းခိုင်းပါ့မလားဟဲ့၊ မင်းကို တိရစ္ဆာန်ကြက်မနဲ့ပေါင်းခိုင်းနေတာ ရှင်းလား"

"ဗျာ၊ တိရစ္ဆာန်မနဲ့ ကြက်မနဲ့၊ အောင်မလေးဗျ၊ ပိုတောင်ဆိုးသေး တယ်၊ လူစင်စစ်က တိရစ္ဆာန်ကြက်မနဲ့ပေါင်းရမတဲ့၊ အရှုပ်ကတို့ရှေ့၊ ပေါင်း ဘူး၊ ပေါင်းဘူး၊ ပေါင်းနိုင်ဘူး"

အကြောက်အကန်ငြင်းရင်း အဖော်တွေဘက်လှည့်ကာ အကူအညီ တောင်းတော့ တခွီးခွီးခိုးရယ်နေကြသော ကျေးဇူးရှင်များက လက်ခါပြသည်။ မျက်လုံးမှိတ်ထားသော ဆြာမကြီးက-

"အိုပေါင်းတယ်ဆိုတာက ယတြာစွမ်းအောင်ပြောတာ ကြက်မကို ခုတင်တိုင်မှာတစ်ညချည်ထားရနေတာပဲ၊ ဘာပင်ပန်းတာလိုက်လို့၊ ငွေကုန် ကြေးကျလည်းများတာမဟုတ်"

"အာ မလုပ်ချင်ဘူး ဆြာမကြီး တခြားယတြာဆိုတော်သေး"

"ဟဲ့၊ တခြားယတြာမှငါမသိ၊ အဲလေ ဒီယတြာက တခြားယတြာတွေ ထက်အရမ်း အရမ်းကိုစွမ်းတယ်ကွဲ့၊ ကြက်မနဲ့မင်းနဲ့ တစ်ညပေါင်းပြီး မိုးလင်း တာနဲ့ ကြက်မကို တော်ရာမှာသွားစွန့်ပစ်၊ ပြီးတော့ 'နင်နဲ့ငါနဲ့ ရာသက်ပန်ကွဲ ပြီ'လို့ ပြောလိုက်ရုံပဲ၊ ခြေနှစ်ချောင်းဝင်ပြီး ခြေနှစ်ချောင်းထွက် ကဲ - မကောင်း ဘူးလား"

"ကောင်းတယ် ကောင်းတယ်"

"ဟုတ်တယ် သူရ အညံ့တွေပြေပျောက်သွားအောင် မင်း ကြက်မ နဲ့တစ်ညတော့ပေါင်းလိုက်စမ်းပါ။ အဟီး"

သူက ဟ,မယ်ကျန်ရုံရှိသေး၊ ကျေးဇူးရှင်များကဝိုင်းပြီး အရောက်ပို့ ချောက်တွန်းနေကြသည်။ တမင်ညစ်နေကြသော သူငယ်ချင်းတို့ကိုကြည့်ရင်း က ဖျတ်ခနဲအကြံတစ်ခုရသွားသည်။

"ဟုတ်ပြီဗျာ"

"ပြော လက်ခံပြီမဟုတ်လား ဟင်းဟင်းဟင်း"

"မခံဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အမ်"

"ဒီလိုဗျ ကြက်မကို တစ်ညလုံးပေါင်းရင်ဖြစ်တယ်မဟုတ်လား"

"ဖြစ်တာပေါ့ ကွဲ"

"ဟုတ်ပြီ၊ တစ်ညလုံး မီးအလင်းကိုပေါင်းမယ်၊ ဟင်းမပေါင်းအိုးနဲ့ကို ကြက်သားပေါင်းပေါင်းမှာ"

"အို- ဟဲ့ ဟဲ့" ဟုဆိုရင်း ဆြာမကြီးမျက်လုံးတွေပွင့်လာသည်။

"နေဦးဗျ၊ တစ်ညလုံးပေါင်းပြီးတာနဲ့ ခြေနှစ်ချောင်းဝင်အောင် ကြက်သားပေါင်းတစ်ကောင်လုံးကိုစားမယ်"

"အမ်"

"ပြီးတော့ ခြေနှစ်ချောင်းပြန်ထွက်အောင် မနက်ခင်းကျတော့ ဝမ်းနုတ်ဆေးစားရင်စား၊ ဒါမှမဟုတ် ဝမ်းချုရင်ချု၊ အဲဒီမှာခြေနှစ်ချောင်း အတောင့်လိုက်ကိုပြန်ထွက်ရော၊ အဲဒီတော့မှ 'နင်နဲ့ငါ ရာသက်ပန်ကွဲပြီ' လွဲပြီ' လို့ပြောလိုက်။ ကိုင်း- မပြီးဘူးလား"

"မပြီးဘူး"

"ရော် ခက်ပြီ"

ပြောင်ချော်ချော်လုပ်နေသော သူ့ကိုကြည့်ကာ ဆြာမကြီးက 'မပြီးဘူး'ဟုဆောင့်ဆောင့်အောင့်အောင့်ဆိုရင်း 'ဝုန်း'ခနဲ ထဘီစွန်တောင်ဆွဲကာ ထရပ်သည်။ ပြီးရင်ဘတ်ကို တဖြန်းဖြန်းရိုက်သည်။ နောက်ဘက်လက်ဖဝါးပေါ် ညာလက်ဖမိုးကိုတဖြန်းဖြန်းရိုက်ပြန်သည်။

"အမလေးဟဲ့ စော်ကားလှချည်လား ဟင်း၊ ဒါ ငါ့ပညာကိုစော်ကားတာ၊ ငါ့ဆိုင်ရာပိုင်ရာတွေနဲ့ တိုက်လိုက်ရမလား၊ တိုက်လိုက်ရမလား ဟွင်းဟွင်းဟွင်း၊ လူကိုကြိုက်သလောက်ဆော်သွားချင်ဆော်သွား၊ အဲလေ - စော်ကားချင်စော်ကား၊ ပညာကိုတော့မထိနဲ့ ဟဲ့၊ မထိနဲ့ မီးပွင့်သွားမယ် ဟွန်း၊ ခုတိုက်လိုက်ရမလား"

ဆြာမကြီး၏စကားကြောင့် မကြောက်ကြသည့်အပြင် တခွီးခွီးရယ်ဖြစ်သွားကြသည်။





"ဟဲဟဲဟဲ ဦးလေး အဲလေ အဒေါ်ကြီးကလည်း၊ နောက်ရဘူးလေ ဖောက်သည်တွေဖြစ်သွားရင် နောက်လည်းလာဦးမှာပဲဟာကို"

စိုးအောင်က မချော့တတ်ချော့တတ် ပြောင်စပ်စပ်ဖြင့်ချော့သည်။

"ဘာ !နောက်လာဦးမယ် ဟုတ်လား၊ မလာနဲ့ မလာနဲ့ ဟီးဟီးရွှတ်၊ တစ်သက်လုံးသိက္ခာနဲ့နေလာတာ သူတို့နဲ့ကျမှ အစော်ကားခံရတယ်"

စိုးအောင်။ ။ "ဟာဗျာ သူများကြားရင်တစ်မျိုးထင်နေပါဦးမယ်၊ ပညာကိုစော်ကားတယ်လုပ်ပါ"

ဆြာမကြီး။ ။ "ဟင့် အီးအီးရွှတ် ငါလည်းအဲဒါကိုပြောတာပဲ"

စိုးအောင်။ ။ "ဟီးဟီး အားနာလိုက်တာနော်။ ဟိုဒင်း အမိုက်အမဲ လေးတွေ မို့ခွင့်လွှတ်ပါနော်။ နော်လို့"

ဆြာမကြီး။ ။ "လွှတ်ဘူး၊ လွှတ်ဘူး တိုက်မယ်။ နင်တို့ကို ငါ့ဆိုင်ရာပိုင်ရာနဲ့ တိုက်မယ်"

စိုးအောင်။ ။ "အာ - မလွယ်ဘူးဟ။ ဟကောင်တွေ ထ ထ ပြန်ရအောင်"

ဆြာမကြီး။ ။ "ဟင့် ပြန်ပြန် တစ်သက်လုံးမလာခဲ့နဲ့။ အဲ ဟဲ့ ဟောဒါတော့ ထားခဲ့ဦး ရွှတ်"

"ဒီမှာ ရော့၊ ထားခဲ့ပြီနော်"

နီနီက တစ်ထောင်တန်တစ်ရွက်ကို ကမန်းကတန်းစားပွဲပေါ် လှမ်းတင်သည်။ ငိုနေသည့်ကြားက မျက်လုံးဖြုံကြည့်သော ဆြာမကြီးကတစ်ထောင်တန်ကိုလှမ်းမြင်သည်။

"ဟဲ့ သေနာကျတွေ၊ နည်းသေးတယ်ဟဲ့ နည်းသေးတယ်"

ဆြာမကြီးလိုက်အော်နေသော်လည်း သူတို့အားလုံးကတော့ လမ်းပေါ်ရောက်နေကြပြီဖြစ်သည်။ လမ်းပေါ်ရောက်တော့ သူ့ကိုရှိန်းကြည့်တော့ တဟီးဟီး တဟားဟားဖြင့် အူနှိပ်ကာရယ်နေကြသည်။ သူကတော့ ထုံးစံအတိုင်း အူကြောင်ကြောင်ဖြင့် ခေါင်းကိုသာကုတ်ဖြစ်သည်။ ကံကောင်းလို့ လူဖျိုဘဝကို ခပ်တင်းတင်းထိန်းလိုက်နိုင်တာမဟုတ်လား။

♣ ♣ ♣



www.burmeseclassic.com

www.burmeseclassic.com



နေ့က ကျောင်းအပ်တော့ လူမရှိသလိုလိုနှင့် ခုကျတော့လည်း လူက အများ သားဟုတွေးရင်း ကျောင်းဝင်းထဲဝင်ခဲ့သည်။ ကျောင်းတက်ရက်မို့ ဘော်ဒါကလည်းမရှိသေး။ အတန်းကလည်း ဘယ်မှာရှိမှန်းမသိ။ အခုကြောင့် ကြောင်ကြီးကိုဖြစ်လို့နေသည်။

နှစ်ထပ်ကျောင်းဆောင်ကြီးအောက်မှ ကျောင်းသားကျောင်းသူများ စုစုရုံးရုံးရှိရာဆီသူလျှောက်သွားသည်။ ဘယ်သူ့ကိုမေးရပါ့ဟုတွေးရင်း ကျောင်းသား ကျောင်းသူတွေကိုဝေ့ကာကြည့်နေဆဲ ကျောင်းသားတစ်ယောက်က သူ့ကိုပြုံးပြသည်။ အူကြောင်ကြောင်ပြန်ပြုံးပြရင်း ထိုကျောင်းသားဆီသူ လျှောက်သွားသည်။ သူ့လိုကိုယ်လိုအသက် ၁၈ ၁၉ခန့်ရှိမည်ထင်သည်။

"ဟို EP First Year ရဲ့သင်တန်းခန်းက ဘယ်မှာလဲမသိဘူးနော်"

"EP Electrical power ဟုတ်လား"

"ဟုတ်တယ်"

"ဟိုးမှာ မြင်လား ပန်းရောင်အဆောင်"

"တွေ့တယ်"

"အဲဒီမှာသွားလိုက်"

"ကျေးဇူးပဲ"

"ရပါတယ်"





ထိုကျော ... ားကိုကျေးဇူးတင်စွာ နှုတ်ဆက်ရင်း ငှင်းညွှန်ပြရာ ပန်းရောင်အဆောင်ဘက်ကို ခပ်သုတ်သုတ်ထွက်ခဲ့သည်။ လျှောက်လာရင်းနှင့်သူ့စိတ်မှာ ထင့်ခနဲဖြစ်သည်။ ဘယ့်နှယ်ကြီးပါလိမ့် ကျောင်းသားကျောင်းသူတွေလည်းမရှိ။

အဆောင်ရှေ့ကော်ရစ်ဒါမှ ဆိုင်းဘုတ်က လှုပ်လီလှုပ်လဲ့ဖြင့်သူ့ကိုကြိုနေသည်။ မသဲမကွဲမို့ ရှေ့တိုးကာဆိုင်းဘုတ်ကိုကြည့်လိုက်တော့-

"Library လိုင်ဘရီဆိုတော့ စာကြည့်တိုက်ပဲ"အပတ်ခံလိုက်ရပြီမို့ တောက် ! ကိုခပ်ပြင်းပြင်းခေါက်ဖြစ်ရင်း စောစောက အူကြောင်ကြားနှင့်ပတ်လွှတ်လိုက်သောကျောင်းသားရှိရာအခန်းကို ပြန်လာဖြစ်သည်။ သွားရင်းမှ ညှိုးနှိန့်စဉ်းစားဖြစ်သည်က ထိုကျောင်းသားကားထိုနေရာ၌ရှိတော့မည်မထင်။ ရှိသည်ပဲထား 'လှောင်'၍ပင် 'ဟား'တာထပ်ခံရနိုင်သည်။ ဒါမျိုးကစိတ်ဆိုးလို့လည်းမဖြစ်။ ထိုအဆောင်ကို မသွားချင်တော့။ ဘယ်ကိုသွားရမှန်းလဲမသိ။

စိတ်ညစ်ညစ်ဖြင့် ခြေဦးတည့်ရာလျှောက်သွားရင်း ကျောင်းသူကျောင်းသားတွေခပ်များများရှိနေသော နှစ်ထပ်ဆောင်တစ်ခု၏အောက်ထပ်ကို သူလျှောက်သွားဖြစ်သည်။

"တောက် ! ကျောင်းသားတွေက သောက်ကျင့်ကောင်းတာမဟုတ်ဘူး ဒီတစ်ခါတော့ ကျောင်းသူတစ်ယောက်ယောက်ကိုမေးမှပဲ"

တွေးရင်းလျှောက်ရင်းဖြင့် ကျောင်းသူတစ်အုပ်ရှိရာကို သူရောက်သည်။

အူကြောင်ကြောင်ဖြစ်နေသောသူ့ကိုခပ်သွက်သွက်ရှိပုံရသော ကျောင်းသူတစ်ယောက်ကမြင်သည်။ သူကမန်းကတန်းထိုကျောင်းသူကို သူမရဲတရဲပြုံးပြလိုက်သည်။ ခ်တော်ကြာငန်းနေသည်ဟုထင်မှာကလည်းစိုးရသေးသည်။

"ဘာရှာနေတာလဲ မောင်လေး"

"ပြောပြော အစ်မတို့ဘာကူညီပေးရမလဲ"

"မောင်လေးကိုကြည့်ရတာ ဖရက်ရှာနဲ့တူတယ်"

ကောင်မလေး ၄ယောက်ခန့်မှတစ်ယောက်တစ်ပေါက်စီထွက်လာသော အမေးလား ဘာလားမကွဲပြားသော စကားများကြောင့်သူကြောင်သွားရ



www.burmeseclassic.com

www.burmeseclassic.com



သည်၊ သာလီတာတွေလား အောက်မေ့ရအောင်ကို တစ်ယောက်တမ်ပေါက် မိန်းတလေးတွေကိုး၊

"ဟယ်တော့ အူကြောင်ကြောင်ကြည့်နေတယ် လူကို"

"သေသေချာကြည့်စမ်း ရွာကနင့်အမျိုးများလား"

"ဟဲ့မောင်လေး တို့ကိုသိလို့လား"

ရော် ခက်ပြီဟုသူတွေးသည်။ ရှက်လိုက်သည်ဖြစ်ခြင်း။ နီရဲနေသော သူ့မျက်နှာကိုကြည့်ကာ ထိုကောင်မလေးတစ်သိုက်က တခွီးခွီးနှင့်သဘောကျနေကြသည်၊ သူကလည်းသူပင်။ နေရာမရွေ့ဘဲ ကြောင်တောင်ရပ်နေမိသည်ကိုး။

"ဟိုဒင်းဗျ"

"အေးပြော"

"စကားတော့ပြောတတ်တယ်တော့"

"ဟဲ့ ရှက်နေပါဦးမယ်ဟယ်"

"ပြောပြောမောင်လေး ဟိုဒင်း ဘာပြုလဲပြော"

"ဟို ကျွန်တော်က လျှပ်စစ် (စွမ်းအား) အင်ဂျင်နီယာဘာသာနဲ့ ဒီနေ့မှ ကျောင်းစတက်တာ"

"ဖြစ်ရမယ် ဒါကြောင့် အူကြောင်ကြောင် အဲလေ . . ကျောင်းနဲ့စိမ်းပုံရပါတယ်လို့၊ ဘာလဲ အခန်းယိုက်ရှာနေတာလား"

"ဟုတ်ကဲ့"

"မောင်လေးက Roll No. ဘယ်လောက်လဲ"

"59 ပါ"

"ဒါဆို Section - A ပေါ့"

"မဟုတ်ဘူး Section - B "

"အေးအေး၊ Section - B ပြောတာ၊ ဟိုမှာကြည့်၊ ကျောင်းသူလေးတစ်ယောက်လွယ်အိတ်ပိုက်ပြီးရပ်နေတယ်တွေလား"

"ဟုတ်ကဲ့"





"အဲဒါသောင်လေးတက်ရမယ့် First Year EP ရဲ့ Section - B သင်တဲ့ အခန်းပဲ ဟုတ်ပြီလား"

"ကျေးဇူးပဲဗျာ"

"နောက်တွေ့ရင်မခေါ်နဲ့နော်"

"ဗျာ"

"ဩော် ထမင်းစားပြီးရင်ရေသောက်လို့"

" . . . . "

သူဘာပြန်ပြောရမည်မသိ။ ရှက်ရှက်ဖြင့် ထိုအုပ်စုကိုကျောခိုင်းတာ လှည့်အထွက်။

"မောင်လေး နေဦး"

ခေါ်သံကြောင့်နောက်လှည့်ကြည့်တော့ အားလုံးကပြုံးစိစိကြီးတွေနှင့် သူကိုကြည့်သည်။

"စာကြိုးစားရမယ်နော်"

"ဆေးလိပ်တွေဘာတွေခိုးမသောက်နဲ့"

"ကျောင်းမှန်မှန်တက်"

"မှတ်မိတယ်နော်"

တစ်ယောက်တစ်ပေါက်ဝိုင်းပြောကြသော စကားများကြောင့် တမင်ဝိုင်းရစ်နေကြမှန်းသိရတော့သည်။ ရှက်ရှက်ဖြင့်အားလုံးကိုကျောခိုင်းလိုက်သည်။

"သူတို့ပြောတဲ့အခန်းက ဟုတ်ရောဟုတ်ပါ့မလားမသိဘူး"

တွေးရင်းလျှောက်ရင်းနှင့်ပင် ထိုအခန်းနားကို သူရောက်သည်၊ အခန်းရှေ့က လွယ်အိတ်ပိုက်ကာရပ်နေသော ကျောင်းသူက သူ့ကိုအူကြောင်ကြောင်ဖြင့်လှမ်းကာကြည့်သည်။ ခပ်တည်တည်ဖြင့် လှမ်းလာရင်း ထိုအခန်းရှေ့မှ လှုပ်စိလှုပ်စိဖြစ်နေသော ဆိုင်းဘုတ်ကိုသူလှမ်းအကြည့် -

"ကျောင်းသူများသာ"တဲ့။

"ဟိုက် !"



www.burmeseclassic.com

www.burmeseclassic.com



'ခ'အိမ်သာကြီး၊ ရှက်ရှက်ဖြင့် ပြုံးနေသောမျက်လုံးကြီးဖြင့် ဟိုအခန်းရှေ့မှာလွယ်အိတ်ပိုက်ကာရပ်နေသော ကျောင်းသူကို မလုံမလဲ ဖျတ်ခနဲကြည့်တော့ ထိုကျောင်းသူက 'ဆတ်'ခနဲမျက်စောင်းထိုးရင်း လူကိုကျောခိုင်းသည်။ သူ့စိတ်ထဲမှာ မိန်းကလေးအိမ်သာကိုချောင်းရန် ရစ်သီရစ်သီလာလုပ်နေသောနွားသူခိုးအောက်မေ့နေသလားမသိ။ 'ဒီလိုအဖြစ်မျိုးရှိဖူးသလား'ဟုအော်ပစ်လိုက်ချင်သည်။

ဒေါသထွက်ထွက်ဖြင့် စောစောက မဟုတ်မမများကို လှည့်ကြည့်တော့တချို့က တာ့တာလုပ်ပြသည်။ တော်သေးသည်၊ ဝင်သွား ဝင်သွားဟု လေ့စ်ပြတာကိုပဲ ကြံဖန်ကျေးဇူးတင်ရဦးမည်။

ရှက်လည်းရှက်၊ ရယ်လည်းရယ်ချင်၊ စိတ်လည်းညစ်ဖြင့် ခြေဦးတည့်ရာလျှောက်လာမိသည်။ ကျောင်းဆိုတာကလည်း အ. ထ. ကကျောင်းကလွဲရင်ဘယ် ကျောင်းမှရောက်ဖူးတာမဟုတ်။ ပြီး ဒါကိုယ့်မြို့လည်းမဟုတ်။

လျှောက်ရင်းလျှောက်ရင်းနှင့် ကျောင်းဝင်ပေါက်ဆီပြန်ရောက်လာသည်။ ကျောင်းဝင်ပေါက်မှ-

စက်မှုလက်မှု ကောလိပ်

အေးသာယာမြို့ဆိုသောဆိုင်းဘုတ်ကြီးကို သူတွေ့သည်။ တောင်ကြီးမြို့နယ်၏မြို့သစ် 'အေးသာယာ'။ အေးသာယာ၏ စက်မှုလက်မှုကောလိပ် သူတွေးရင်းနှင့် ညစ်လာသည်။

ရှေ့မှလျှောက်လာသော ဆရာမတစ်ယောက်ကို တွေ့သည်။ သူဝမ်းသာသွားမိသည်။ ဆရာမကိုမေးရမည်။

"ဆရာမ"

"......"

"ဆရာမ"

မကြားသောထိုဆရာမကို နောက်တစ်ခေါက်ခေါ်တော့ ဆရာမကလှည့်ကြည့်သည်။

"ဟို 'First Year EP Section - B ' ကဘယ်အခန်းမှာလဲ သိချင်လို့





ခင်ဗျ"

"ဟဲ့ ငါဘယ်သိမှာလဲ"

"ဗျာ"

"မဗျာနဲ့ သွားဟိုကျောင်းသားရေးရာအောက်ထပ်က ကြော်ငြာသင်ပုန်းမှာသွားကြည့် အဲဒီမှာအခန်းနေရာရော၊ အချိန်ဇယားပါကပ်ထားပေးလိမ့်မယ်"

"ဟုတ်ကဲ့ ကျေးဇူး"

ကျေးဇူးကိုတစ်ဝက်တစ်ပျက်ဆိုရင်း ကျောင်းသားရေးရာ ရုံးခန်းဘက်သူခပ်သွက်သွက်လျှောက်သည်။ ကျောင်းသားရေးရာကိုတော့ သူသိသည်။ သိဆို မနေ့ကမှ အဲဒီမှာကျောင်းအပ်ထားသည်ကိုး။

ကျောင်းသားရေးရာအောက်ထပ်မှ ကြော်ငြာသင်ပုန်းများကို တစ်ခုပြီးတစ်ခုသူလိုက်ကြည့်သည်။ တွေ့ပါပြီ။

Electrical Power Section . B - D - 4

D - 4 ဆိုတော့ D အခန်းလားဘာလားမသိ။ နောက်က 4 ဆိုတာကြီးကလည်းပါနေသေးသည်။

"ဟကောင် ငါတို့ C အဆောင်က အခန်း 12 မှာကွ"

ကျောင်းသားတစ်ယောက်က သူ့ဘော်ဒါကိုလှမ်းအော်နေသည်။ သူ့စိတ်မှာ ဖျတ်ခနဲတွေးမိသည်။ ဩော် D ဆိုတာ D အဆောင်ကိုပြောတာဖြစ်မည်။ 4 ဆိုတာက အခန်းနံပါတ်လေးဖြစ်မည်။

ကျောင်းသားရေးရာအောက်ထပ်နောက်ရစ်ဒါမှလျှောက်ရင်း ညာကိုချိုးလိုက်တော့ အဆောင်ကြီးတစ်ဆောင်ကိုတွေ့သည်။ အဆောင်ကြီး၏ရှေ့ဆင်ဝင်မှာ 'C'ဆိုတာကိုသူလှမ်းမြင်ရသည်။

"လာဟဲ့ D ဆောင်အပေါ်ထပ်မှာ Drawing (ပုံဆွဲ)စုံသွားဦးရအောင်"

ကျောင်းသူနှစ်ယောက်က ပြောပြောဆိုဆိုသူ့ရှေ့မှ ဖြတ်သွားကြသည်။ 'သူတို့သွားရာဆီလိုက်သွားရမည်'ဟုသူတွေးသည်။ သူမတို့သွားရာဘက်မှာ အဆောင်တစ်ခုသာရှိတော့သည်။ D ဆောင်ပဲဖြစ်မည်။

www.burmeseclassic.com



D ဆောင်ကိုရောက်တော့ အခန်းတံခါးဝထိပ်မှအခန်းနံပါတ်ကိုကြည့်ရသည်။

D-1- D-2- D-3 - နောက်တစ်ခန်းကမှ D-4 ။

သူအခန်းထဲရောက်တော့ ကျောင်းသား/သူ တော်တော်များများပင် အခန်းထဲရောက်၍ နေကြလေပြီ။ ထိုင်နေကြတာကလည်းပျောက်သောက်။

ထိုင်ခုံကနောက်ဘက်မှာပဲ ကျန်တော့တာမို့ လွတ်ရာခုံတစ်ခုံမှာသူဝင်ထိုင်ဖြစ်သည်။ ရှေ့ခုံကကောင်မလေးတစ်ယောက်က သူ့ကိုလှည့်ကြည့်သည်။

"ဒီအချိန် ဘာအချိန်လဲ"

သူ့အမေးကိုသူမက 'အင်္ဂလိပ်'ဟုဖြေရင်း 'အချိန်ဇယားမရှိဘူးလား' ဟုပြန်မေးသည်။

"အေး မရှိဘူး၊ မကူးရသေးဘူး"

"ရော့ ယူထားလိုက်"

ကောင်မလေးက ဘယ်တုန်းက အပိုကူးထားမှန်းမသိသော အချိန်ဇယားစာရွက်ကိုပေးသည်။

"ကျေးဇူးပဲ"

သူကပြုံးရင်းကျေးဇူးစကားဆိုတော့ ကောင်မလေးက သူ့ကိုလှမ်းကြည့်နေသည်။

"နင်ကပါးချိုင့်နှစ်ဖက်စလုံးပါတာပဲ"

အစမရှိ အဆုံးမရှိပြောလိုက်သောထိုကောင်မလေး၏စကားကြောင့် သူရှက်သွားရသည်။ ဘယ်လိုကောင်မလေးပါလိမ့်။ အသက်ကတော့ သူ့လို ၁၈၊ ၁၉လောက်ပဲရှိဦးမယ်။

"ငါ့နာမည်က နီနီ"

ကောင်မလေးက ကဗျာမဆန်စွာပင်မိတ်ဆက်သည်။ နာမည်ကိုပြန်ပြောရမည်ဆိုတာကိုသူသိသည်။

"ငါက သူရ"

"Roll နံပါတ်ဘယ်လောက်လဲ"





"59"

"ငါက 67"

ကောင်မလေးကရှေ့ပြန်လှည့်သွားသည်။ ဆရာလည်းမလာသေး။

'ရှုတ်'

ခေါ်သံကြောင့် အသံလာရာလှည့်ကြည့်တော့ သူနှင့်ရွယ်တူလောက်ရှိမည့် ကျောင်းသားနှစ်ဦး။ သူကဘာလဲဟုမေးဆတ်ပြလိုက်သည်။

"ဒီနှစ်ခုံ လူရှိလား"

"မရှိဘူးထင်တယ် ဘယ်သူမှလာမထိုင်ကြဘူး"

"OK - ဒီမှာထိုင်ရအောင်"

ကျောင်းသားနှစ်ဦးက တစ်ဦးကိုတစ်ဦးဆိုရင်း သူ့ဘေးခုံမှာဝင်ထိုင်သည်။ ပြီးသူ့ကိုပြုံးပြသည်။

"မင်းက Roll No ဘယ်လောက်လဲ"

"59"

ဒီနေ့တော့ ဖြေရင်းနဲ့ပြီးပါပြီဟုသူတွေးဖြစ်သည်။ ကျောင်းသားနှစ်ယောက်ကိုကြည့်ရတာ ခင်ဖို့တော့ကောင်းသည်။

"ငါက စိုးအောင် Roll No . 54"

"ငါက သီဟ Roll No. 87"

သူပြုံးရင်းခေါင်းညိတ်ပြတော့ 'မင်းနာမည်ပြောဦးလေ'ဟုဆိုသည်။

"ငါက သူရ ကလောက"

"ထင်တယ် မင်းတောင်ကြီးသားတော့ မဟုတ်ဘူးလို့ လေသံကဝဲတယ်"

"ငါက အင်းသားလူမျိုးပဲ။ ဒါပေမယ့် တောင်ကြီးမှာမွေးပြီးတော့ တောင်ကြီးမှာကြီးတော့ အင်းသံမဝဲဘူး"

စိုးအောင်က သူ့ကိုယ်သူ လေသံမဝဲသည့်အကြောင်းပြောပြသည်။ ဆရာကမလာသေး။ သူတို့သုံးယောက်ပြောရင်းဆိုရင်းဖြင့် ရင်းနှီးသွားကြသည်။ သူတို့က တောင်ကြီးသားများဖြစ်ကြသည်။

"မင်းက ကလောကဆိုတော့ အဆောင်မှာနေလား"



www.burmeseclassic.com

www.burmeseclassic.com



"မနေ့ဘူး၊ ငါ့အစ်ကိုဆီမှာနေတာ။ ရေအေးကွင်းမှာ"

"ဟုတ်လား၊ ငါက ဝါးပြားမှာ မင်းနဲ့တော့အရှေ့နဲ့အနောက်"

"ငါက တောင်ပိုင်း"

Science-I Science II နှင့် Maths ကလည်း ဂျီအောမေထရီ၊ အယ်(လ်)ဂျီဘရား ကဲကူးလက်(စ်)စသည်ဖြင့် သင်္ချာချည်းကငါးပိုင်း၊ အင်္ဂလိပ်၊ လက်တွေ့အသုံးချမကြွင်းနစ်၊ အခြေခံလျှပ်စစ်ဘာသာရပ်၊ လက်တွေ့ Lab ချိန်၊ ပုံဆွဲ (Drawing) ချိန်၊ အင်္ဂလိပ်စသည်ဖြင့် စာသင်ချိန်တွေကဆက်လို့နေသည်။

"မင်း Drawing ဆွဲဖို့ T(တီ)ပေတံတွေ Set Squareတွေ၊ အောက်ခံ ဖလင်ပြားတွေဝယ်ပြီးပြီလား"

"မဝယ်ရသေးဘူးကွ"

ဒီကောင်တွေပြောမှပဲ အဲဒီဟာတွေဝယ်ရမည်မှန်းသိတော့သည်။ လျှောက်လိုက်ပြီးကျလာလို့သာတက်ရသည်။ ဂျီတီအိုင်အကြောင်း ဂဃနဏ မသိ။

" Calculater (ဂဏန်းတွက်စက်)ကော၊ ဝယ်ပြီးပြီလား"

"မဝယ်ရသေးဘူး ဘယ်လို မော်ဒယ် Model ဝယ်ရမှန်းမသိဘူး"

"991-3- ဖြစ်ဖြစ်၊ 991-w ဖြစ်ဖြစ်ဝယ်ပေါ့"

"အာ x. 82 TL လောက်ဆိုသုံးလို့ဖြစ်ပါတယ်"

သူတို့နှစ်ယောက်ပြောသော မော်ဒယ်တွေကို သူများမကြားဖူး။ ဂျီတီအိုင်သုံးဂဏန်းပေါင်းစက်သည် Sciencetific Calculates ဖြစ်ရမည်ဆိုတာလောက်ပဲ သူသိထားသည်။ ရိုးရိုးဂဏန်းပေါင်းစက်တွင်မပါသော Cos တွေ Sin တွေ tan တွေပါမှရမည်ဆိုတာလောက်တော့ကြားဖူးခဲ့သည်။

"ဒါဆို စျေးချိုချိုထဲက ဘာမော်ဒယ်ဝယ်ရင်ကောင်းမလဲ"

သူ့အမေးကြောင့် သီဟရော စိုးအောင်ပါတွေသွားသည်။

"ငါကြားဖူးတာတော့ ရှိတယ်ကွ"

သီဟက လက်ညှိုးထောင်ရင်းဆိုသည်။ သူရောစိုးအောင်ပါ သီဟ ဘာပြောမည်ကိုနားထောင်ဖြစ်သည်။





"GTC ကျောင်းသားမှန်ရင် Calculater ပေါင်ဖူးရမယ်တဲ့"

"အာ ဘာဆိုင်လို့လဲကွ"

စိုးအောင်က ထမေးသည်။

"ဆိုင်တာပေါ့ကွ Calculater ကောင်းကောင်းဝယ်ထားရင် ငွေပြတ်တဲ့အခါပေါင်သုံးလို့ရတယ်လေ။ အဲဒီတော့ ကောင်းကောင်းကိုဝယ် အဲ- စျေးသက်သက်သာသာလိုချင်ရင်တော့ အပေါင်ခံတဲ့ အဆောင်မှူးတို့ စျေးဆိုင်တို့မှာ အပေါင်ဆုံးတွေဘာတွေရှိမယ် တချို့ကလည်း ကျောင်းပြီးတာနဲ့ စျေးချိုချိုနဲ့ ရောင်းစားပစ်ခဲ့တာတွေရှိတယ်တဲ့"

"ငါကတော့ မော်ဒယ်အောက်ချင်အောက် စျေးပေါချင်ပေါပါစေ၊ အသစ်ပဲကိုင်ချင်တယ်"

သူ့အပြောကြောင့် ပေါ ချောင် ကောင်းဝယ်ရန်အကြံပေးသောသီဟက 'စေတနာနားမလည်တဲ့ကောင်'ဟုမပြောရုံတမယ်ကြည့်သည်။

"ငတုံး စက်အဟောင်းလည်းတစ်နဲ့တစ်ပေါင်း နှစ်ပဲ၊ အသစ်လည်းတစ်နဲ့ တစ်ပေါင်းနှစ်ပဲ အဟောင်းမို့လို့ အဖြေတစ်မျိုးထွက်တာမှမဟုတ်ပဲ"

"ဒါပေမယ့်"

"အေးပါ မင်းဆိုလိုချင်တာကို ငါသိပါတယ်၊ အသစ်မှကိုင်ချင်ရင်လည်း အသစ်ပဲဝယ်ပေါ့ကွာ"

"Sharp လည်းမဆိုးဘူးတဲ့၊ Casio လည်းကောင်းတယ်ပြောတယ်"

စကားပြောလို့မဆုံးသေးခင်မှာ အတန်းထဲသို့အင်္ဂလိပ်စာဆရာမဝင်လာသည်။

"မင်္ဂလာပါဆရာမ"

"မင်္ဂလာပါကွယ် ထိုင်ကြ"

ဆရာမက ခပ်ငယ်ငယ်ဖြစ်သည်။

ဆရာမက စာသင်ပြီးသည်နှင့် Roll call ခေါ်သည်။ မှတ်မှတ်ရရ Section B တစ်ခုလုံးပေါင်းမှ မိန်းကလေးဆယ့်တစ်ဦးသာရှိသည်။ လျှပ်စစ်(နှင့်အား)အင်ဂျင်နီယာ ဘာသာရပ်သည်နှစ်စဉ်လိုလို ယောကျာ်းလေးများ



www.burmeseclassic.com

www.burmeseclassic.com



ဝတ်ပြီး Civil (မြို့ပြအင်ဂျင်နီယာ) လိုဘာသာရပ်မှာ မိန်းကလေးတွေသာ များတတ်သည်။ တျန် MP (စက်မှုစွမ်းအား) MT (စက်မှုပုံစံပြု) မှာလည်းအတူတူ မိန်းကလေးနည်းသည်။ နောက်ပိုင်း IT တွေ၊ Bio Tech တွေပေါ်လာတော့မှ ယင်းဘာသာရပ်များမှာ မိန်းကလေးများလာသည်။ Mining လိုဘာသာဆိုယောကျ်ားတွေချည်းမို့ မုဆိုးဖိုမေဂျာဟု နောက်ခဲ့ကြသည်။ Section -B မှာတတော့ မိန်းကလေး ၁၁ယောက်ပါပြီး Section-A မှာတော့ ကောင်မလေးဘယ်နှယောက်ရှိမှန်းမသိ။

"ဒီအတိုင်းဆိုရင်တော့ ငါတို့ကောင်တွေ ရည်းစားလုကြရလိမ့်မယ်ကွ"

"ဟာကွာ မင်းကလည်း ပညာရှာဖို့တော့မပြောဘူး"

စိုးအောင်၏စကားကို သူကဆရာကြီးလုပ်ကာ ကန့်ကွက်သည်။

"ဟုတ်ပြီ သူရ မင်းရည်းစားထားကြည့် သိမယ်"

"ဟီး . . . ဒါတော့ . . . အခြေအနေအရပေါ့ကွာ"

"ဒါနဲ့များ ကြီးကြီးနဲ့ကျယ်ကျယ်လျှောက်ပြောချင်သေးတယ်"

သီဟကပါနှိပ်ကွပ်သည်။ ၁၈-၁၉အရွယ်မြီးကောင်ပေါက်များမို့ ပညာကို အားတက်သရောရှာဖွေရန် အားတင်းထားကြသလို စိတ်ကလည်း ကစားနေခဲ့ကြသည်သာ။

• • •





[redacted]ဆင်းတော့ ကျောင်းပေါက်ဝမှာ ၁၃ လိုင်း (အေးမြို့တော်လိုင်း) လိုင်းကားများက စောင့်လို့နေသည်။

"သူရ ဟိုညီအစ်မနှစ်ယောက်ကိုကြည့်စမ်း"

"ငါအစောကြီးကတည်းက မြင်ပါတယ်ကွ"

"သိသားပဲ မင်းကြည့်နေမှန်းသိလို့ ရွဲ့တာ"

စိုးအောင်က ဘုတောသည်။

"အငယ်တစ်ယောက်က ချစ်စရာလေးကွာ။ မြင်ရတာ ရင်တောင်ငြိမ်းချမ်းသွားတယ်။ ဘာမေဂျာကဖြစ်မလဲမသိဘူး"

"ငါသွားမေးပေးရမလား"

သူ့စကားကို သီဟကရွဲ့သည်။ သူဘာမှပြန်မပြောဖြစ်။ ကောင်မလေးနှစ်ယောက်က လိုင်းကားတစ်စီး၏ရှေ့ခန်းကိုကြည့်သည်။ လူရှိနေသဖြင့် သူတို့တက်ထိုင်နေသောကားဘက်လျှောက်လာကြသည်။

"လာနေပြီကွ"

"သိပါတယ်ကွာ ငါတို့လည်းမျက်လုံးပါပါတယ်"

သူ့စကားကို စိုးအောင်ကဘုတောပြန်သည်။ သူကလည်းသူပင် ကိုကလေးမလေးကိုကြည့်လိုက်။ ပါးစပ်ကတတွတ်တွတ်ရွတ်လိုက်ဆိုတော့ နှစ်ကောင်သားကြည့်မရဖြစ်နေကြဟန်တူသည်။

www.burmeseclassic.com



"ရှေ့ခန်းအားလား"

အကြီးကောင်မလေးက စပယ်ယာကို လှမ်းမေးသည်။

"အားတယ် .အားတယ်"

စပယ်ယာမဖြေခင်ကို ကျောင်းသားတချို့ကဝင်ဖြေသည်။ ကောင်မလေးနှစ်ယောက်စလုံးက မကြားချင်ယောင်ဆောင်နေကြသည်။ မကြားချင်ယောင်ဆောင်တာချင်းအတူတူကို အငယ်မလေးက ခေါင်းငုံ့ကာထားသည်။ အကြီးမကတော့ ဘာမှမဖြစ်သလို ခပ်တည်တည်။ စပယ်ယာကိုသာကြည့်နေသည်။

"အားတယ် ညီမ လာလာ"

စပယ်ယာက ပြောပြောဆိုဆိုရှေ့ခန်းတံခါးကိုပြေးဖွင့်ပေးသည်။ ကားရှေ့ခန်းထဲဝင်သွားတာကို သူမျက်စိတစ်ဆုံးလိုက်ကြည့်ဖြစ်သည်။

"သီဟရေ ငါတို့ကောင်တော့ မျက်တောင်ခတ်ဖို့မေ့နေပြီထင်တယ်"

"မင်သက်မိနေတာကွ"

ဘေးမှဘော်ဒါတို့၏စကားကြောင့် သူရှက်သွားမိသည်။ ဘေးက ကျောင်းသူအချို့ကလည်း ဟိုနှစ်ကောင်၏စကားကြောင့် သူ့ကိုဘာမသိ ညာမသိပြုံးစိစိနှင့်ဝိုင်းကြည့်နေကြသေးပြန်သည်ကိုး။

လူပြည့်သည်နှင့်ကားက ထွက်သည်။ အေးသာယာမြို့သစ်မှထွက်လာသော ကားကလေးက တောင်ကြီးသို့ မြွေလိမ်မြွေကောက်လမ်းအတိုင်းတက်သည်။ တောင်ပေါ် တောင်အောက်ဆွဲသောလိုင်းကားများက တော်တန်ရုံအင်ဂျင်ကောင်းရုံနှင့်မရ။ ကားများက အပြန်လူရရန်၊ ဂိတ်အရင်ထိုးရန် အသည်းအသန်မောင်းကြသည်။ တစ်စီးနှင့်တစ်စီးကျော်တက်သွားချိန်ကျော်တက်သည့်ကားပေါ်မှ ကျောင်းသားများက ကျန်ရစ်သောနှေးသည့်ကားပေါ်မှ ကျောင်းသားများမခံချင်အောင် တာ့တာလုပ်ပြကြသေးသည်။ တဝေးဝေးတဝါးဝါးနှင့် အင်မတန်ပျော်စရာကောင်းသည်။ များသောအားဖြင့်တော့ တစ်စီးပြည့်မှတစ်စီးထွက်မို့ဆုံတော့ဆုံခဲသည်။ ထိုဆုံခဲသည့်ကြားမှ ဆုံခဲ့လျှင်တော့ ကိုယ်စီးသည့်ကားက လိပ်သာသာပြေးလျှင် အားမရလို့အားမရဖြစ်ကြသည်သာ။ မြန်





မြန်မောင်းပြန်လျှင်လည်း ကျောင်းသားအချို့က 'ကျွန်တော်တို့မိန်းမမရသေးဘူးဗျို့'ဟုအော်ပြန်သည်။ ထို့ကြောင့်ကားသမားတော်တော်များများကတော့ ပုံမှန်သာမောင်းကြလေ့ရှိသည်။

တောင်ကြီး၏စတိုင်အတိုင်း လိုင်းကားအများစုမှာ HiLux များသာဖြစ်သည်။ Bus မှာ ၉လိုင်းနှင့် ၁၀လိုင်းနှစ်လိုင်းသာရှိသည်။ ၉ လိုင်းမှာမြို့ပတ်ဖြစ်၍ ၁၀လိုင်းမှာ တောင်ကြီး-အေးသာယာ-တောင်ကြီး-အေးသာယာ-စက်မှုဇုန်စသည်ဖြင့်ဆွဲသည်။

အများအားဖြင့် HiLux ကားငယ်များက သွက်သည်မို့ ကျောင်းသားကျောင်းသူများက HiLux ကားငယ်များကိုသာအစီးများသည်။ Bus တို့မှု တော်တန်ရုံ သိပ်မစီးကြ။

သူတို့စီးလာသော ကားငယ်လေးက တောင်ကြီး(တောင်ပေါ်)ရောက်လာသည်။ ကားမှတ်တိုင်များမှာ ကျောင်းသူ/သားတွေအသီးသီးဆင်းသွားကြသည်။ သူတို့သုံးယောက်စလုံးကတော့ မဆင်းကြသေး။ ဂိတ်ဆုံးရောက်မှဆင်းကြမှာဖြစ်သည်။ ကားရှေ့ခန်းက ကောင်မလေးနှစ်ယောက်လည်း မဆင်းကြသေး။

"သူတို့လည်း ဂိတ်ဆုံးနဲ့တူတယ်"

"ဟုတ်မယ်"

စိုးအောင်ကပြောပြီး သီဟကထောက်ခံသည်။ တကယ်တမ်းကျသူ့ကိုရိနေကြခြင်းဖြစ်သည်။ ဒီကောင်တွေနဲ့က ဘာရေစက်မှန်းမသိ။ ဒီရုတ်ပိုင်းအတွင်းမှာပဲ တော်တော်မှလေးခင်သွားကြသည်။

ကားငယ်လေးက ဂိတ်ဆုံးမှာ ငြိမ့်ခနဲထိုးရပ်သည်။ သူတို့သုံးယောက်နှင့် ကားပေါ်ကျန်နေသေးသော ဂိတ်ဆုံးစီးကျောင်းသား/သူများနှင့်ခရီးသည်အချို့ဆင်းကြသည်။

"ဟကောင်တွေ ဖြည်းဖြည်းဆင်းကွ"

"ဘာဖြစ်လို့လဲ"

သူ့အပြောကြောင့် သီဟကကြောင်တောင်တောင်နှင့်မေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုတွ - အဲဒီညီအစ်မနှစ်ယောက်နောက်ကို ငါလိုက်ကြည့်ချင်တယ်"

"ဒုတ္ခပဲ"

"ရောဂါတော့ဝင်ပြီ"

တစ်ယောက်တစ်ပေါက်စီရေရွတ်နေကြသော်လည်း သူမတို့နှစ်ယောက်နောက်မသိမသာလေး သူလိုက်သောအခါ သူ့နောက်ကိုတစ်တပ်တစ်အားလိုက်ကူကြရှာပါသည်။

သူမတို့က မိန်းလမ်းအတိုင်း တောင်ဘက်ကိုလျှောက်နေကြသည်။ ၅ လိုင်းကားဂိတ်ကိုလည်းကျော်လွန်သွားသည်မို့ ဒီလမ်းမှာဒီလိုင်းကားမှမစီးလျှင် သိပ်မဝေးသောနေရာမှာပဲမို့ လမ်းလျှောက်တာဖြစ်မည်ဟု စိုးအောင်ကတောက်ချက်ချသည်။

"သူရရေ ၅လိုင်းကားမစီးဘဲနဲ့ ဒီမိန်းလမ်းအတိုင်းလျှောက်နေပုံထောက်တော့ သူတို့အိမ်သိပ်မဝေးလောက်ဘူးကွ"

"မြို့မထဲကလား၊ သစ်တောကလား၊ တောင်ပိုင်းထဲကပဲလား တစ်ခုခုပေါ့"

သီဟပြောသော မြို့မဆိုတာရော၊ သစ်တောဆိုတာရော၊ တောင်ပိုင်းဆိုတာကိုရော တောင်ကြီးသားမဟုတ်သောသူမသိ။ သို့သော်ခေါင်းကိုတော့လိုက်ညိတ်ပေးလိုက်သည်။

မြသုခ ရုပ်ရှင်ရုံရှေ့ရှိ မီးပွိုင့်ကိုလှမ်းမြင်နေရသည်။

"အဲဒီမီးပွိုင့်ကနေ နောက်ဘက်လမ်းသွယ်ထဲကိုချိုးရင် ဟော်ကုန်းပဲမဟုတ်လား"

"မသိဘူး။ အရှေ့ဘက်လမ်းသွယ်ဘက်ချိုးရင်တော့သစ်တောပဲ"

စိုးအောင်နှင့် သီဟတို့ပြောနေကြသော အမည်များထဲတွင် ဟော်ကုန်းဆိုတာကပိုလာပြန်သည်။ မည်သို့ပင်ဆိုဆို သူမတို့နေရာနှင့်သူနေသောနေရာမှာလုံးလုံးဆန့်ကျင်ဘက်ဖြစ်သည်။

မြသုခ ရုပ်ရှင်ရုံရှေ့လမ်းဆုံမီးပွိုင့်ရောက်တော့ သူမတို့နှစ်ဦး အရှေ့





ဘက်လမ်းသွယ်ဘက်ချိုးဝင်သွားသည်မို့ သီဟက လက်ဖျောက်ထတီးသည်။

" OK သစ်တောပဲ သေချာတယ်"

"သေချာရင် ငါလစ်တော့မယ်"

"အမ်"

သူ့အပြောကြောင့် သီဟရော စိုးအောင်ပါ 'အမ်'ဟုကြောင်သွားကြသည်။ ပြီးမှ-

"ဩ- ဟုတ်သားပဲ မင်းကရေအေးကွင်းဆိုတော့ လျှောက်ခဲ့သလောက်ပြန်လျှောက်ရမှာ။ အားပါးပါး အဝေးကြီးပြန်လျှောက်ရဦးမှာပဲ"

"လျှောက်ပါစေ နှာခေါင်းသွားသလောက်လိုက်တဲ့ကောင်"

သကောင့်သားနှစ်ကောင်က တစ်ယောက်တစ်ပေါက်စီ နှိပ်ကွပ်ကြသည်။ နှစ်ယောက်စလုံးကို နှုတ်ဆက်ရင်းနောက်ကြောင်းလှည့်ကာပြန်လျှောက်ခဲ့သည်။

လမ်းတစ်လျှောက်လုံးမေးခွန်းများက ရင်ထဲအပြည့်ပါလာသည်။

သူမ ဘယ်သူ။

ဘယ်မေဂျာ။

ဘယ်အတန်း ဘယ်အခန်းနည်း။ ဘာတွေဘယ်လိုမှန်းမသိသော်လည်း အဲဒီညက သူမကိုသူ အိပ်မက်မက်သည်။

♣ ♣ ♣



www.burmeseclassic.com

www.burmeseclassic.com



မနက်အစောကြီးနိုးသည်မို့ ၆ နာရီခွဲအိမ်မှထွက်ခဲ့သည်။ ကားဂိတ်ရောက်တော့ ၇ နာရီအတိ။ ဂိတ်စမှစ,စီးရမည်မို့ ကားဂိတ်ကိုပဲသူလာစီးရသည်။ သီဟနှင့်စိုးအောင်တို့လည်း တက္ကသိုလ်၅ လိုင်းနှင့် ဝါးပြား ၆လိုင်းတို့ ကိုစီးရင်း မကြာမီရောက်လာကြလိမ့်မည်။ ၅ လိုင်းကားဂိတ်၊ ၆ လိုင်းကားဂိတ် နှင့် အေးမြို့တော် (တောင်ကြီးအေးသာယာ)ကားဂိတ်တို့မှာ မြို့မဈေးကြီး၏ ဘေးပတ်ပတ်လည်မှာမို့ တစ်နေရာနှင့်တစ်နေရာ၊ တစ်ဂိတ်နှင့်တစ်ဂိတ်သွားရလာရသိပ်မဝေးကြ။ ၁ လိုင်းနှင့် ၂ လိုင်း - ၃ လိုင်း-၄လိုင်းတို့သည်လည်း ဈေးအနီးတစ်ဝိုက်တွင်ရှိသလို ၇လိုင်း- မေလိုင်း-ရွှေညောင်လိုင်း- ညောင်ရွှေ(အင်းလေး)လိုင်းတို့သည်လည်း ဈေးအနီး တစ်ဝိုက်မှာပဲရှိကြသည်။

၇ နာရီငါးမိနစ်မှာ သီဟရောက်လာသည်။ ထမင်းချိုင့်နှင့် T ပေတံကြီးတကားကားဖြင့် သီဟနှင့်ရှေ့ဆင့်နောက်ဆင့်မှာ စိုးအောင်ရောက်လာပြန်သည်။ စိုးအောင်ကလည်း ထမင်းချိုင့်နှင့် T ပေတံတကားကားနှင့်ပင်။

"ဟကောင် သူရ မင်း T(တီ)မဝယ်ရသေးဘူးလား"

"ဟာ မဝယ်ရသေးဘူး၊ ဟုတ်သားပဲ ဈေးထဲမှာရှိလား"

"ရှိတယ် ဒါပေမယ့် ကျောင်းက G E C မှာလည်းရှိတာပဲ"

"ဒါဆို ကျောင်းရောက်မှဝယ်တော့မယ်။ ကိုင်ရတာ သက်သာ





တာပေါ့"

နောက်တော့ သုံးယောက်သားကားပေါ် တက်ထိုင်ကြသည်။ သူအမှတ်တမဲ့ ရှေ့ခန်းကိုကြည့်ဖြစ်သည်။ လူမရှိသေး။ ဖျတ်ခနဲသူမကို သတိရသည်။ ရင်၌လှုပ်ခနဲအေးသည်။

လက်ထဲမှထမင်းချိုင့်ကို အကြောင်းမဲ့ကြည့်နေဖြစ်သည်။

"သူရ သူရ လာနေပြီ ဟကောင်"

သီဟ၏အဆက်အစပ်မရှိ ပခုံးနှင့်တွန်းရင်းပြောသောစကားကြောင့် သူကြောင်သွားရသည်။

"ဘာလာတာလဲ"

"ရှေ့ခန်းစီးတဲ့ကလေးမတွေကိုပြောတာ"

ကျွန်တော့်အမေးကို စိုးအောင်က သီဟကိုယ်စားဝင်ဖြေပေးသည်။

"ရှေ့ခန်းစီးတဲ့ကလေးမ"ဆိုသောစကားက ရင်ကိုကတုန်ကယင်ကြီးဖြစ်သွားစေသည်။

မျက်လုံးကအလိုလို ကားရှေ့ခန်းရှိရာဘက်ကိုရောက်သည်။ ရှေ့ခန်းထဲအဝင်ဖျတ်ခနဲလှည့်ကြည့်သော သူမ၏မျက်ဝန်းနှင့်ကားနောက်ခန်းမှခေါင်းအနည်းငယ်ထွက်ကာကြည့်နေဖြစ်သော သူ့မျက်ဝန်းတို့ ရုတ်တရက်ဆုံသည်။ ထိုအကြည့်ချင်းဆုံသောခဏသည် နဂိုကတည်းက ကတုန်ကယင်ကြီး ဖြစ်နေခဲ့သောသူ၏ရင်ကို မောဟိုက်သွားစေသည်။ သူမကတော့ ဘာမှမဖြစ်သလို အကြည့်ကို ဇာတ်သိမ်းကာ ရှေ့ခန်းထဲကြွေရရပဲငုံ့ဝင်သွားခဲ့သည်။

"ရှူးဆေးပေးစမ်း သီဟ"

"ဟ အလန့်တကြား၊ ဘာလဲ စိုးအောင်ရ"

"ဒီမှာ သူရ ငုတ်တုတ်မေ့နေတာ မင်းမမြင်ဘူးလား၊ မျက်လုံးကအဖွင့်လိုက်ကြီးနဲ့"

စိုးအောင်စကားကြောင့် သူရှက်ရှက်ဖြင့်ရယ်ဖြစ်သည်။ ဒီကောင်နှစ်ကောင်က တစ်ချက်လေးမမှားနှင့် နှိပ်ကွပ်မယ်ဆိုတာကြီးပဲဖြစ်သည်။ လူပြည့်ပြီမို့ ကားစ,ထွက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဆံပင်ကလည်းအရှည်ကြီးပဲကွာ၊ ကုန္ဒြေကလည်းရှိတယ်။ မြင်ရတာ ရင်ထဲငြိမ်းအေးလိုက်တာကွာ"

တို့နှစ်ကောင်ကြား၏ ခပ်တိုးတိုးဆိုဖြစ်သည်။ သီဟက ပြုံးစိစိနှင့် စိုးအောင်တို့ ကြည့်သည်။ စိုးအောင်ကလည်း ငါးခူပြုံး ပြုံးသည်။ ဒီကောင်တွေ ပြုံးလျှင် ကြောက်ဖို့ကောင်းသည်။ ထိုအပြုံးက တစ်ခုခုနှိပ်ကွပ်တော့မည်ဆို သောရှေ့ပြေးလက္ခဏာ။

"သီဟ၊ မင်းဒီကောင့်ကို မေးမိလိုက်သေးလား"

"မမေးမိဘူး၊ မင်းကော"

"ဟင့်အင်း"

"ဪ ဒီလိုဆိုဒီကောင် ဘယ်သူမှမမေးဘဲ တစ်ယောက်တည်း စကားပြောနေတာပေါ့"

"လွှတ်ထားလိုက်ပါကွာ"

"အေးပါ . . . ကျွတ်ကျွတ် ရှပ်ကလေးက သနားကမားနဲ့ အဆဲ ခံနေရှာတယ်",

သီဟနှင့်စိုးအောင်က အတိုင်အဖောက်တွေညီနေသည်။ 'ခွေး ကောင်တွေ'လို့ရှုက်ရှက်ဖြင့် သူရွတ်တော့သကောင့်သားနှစ်ကောင်က ရယ် သည်။

ကျောင်းသူ/သားများ၊ ခရီးသည်များဖြင့်ကားက ကျပ်သပ်နေသည်။ ရှေ့ခေါင်းထဲကိုယ်မမြင်ရ။ ထိုင်တာကလည်းကားနောက်မြီးပိုင်းလောက်ဆို တော့ပိုဆိုးသည်။

"မြတ်သူပါလား မြတ်သူ"

"ပါတယ်"

အသက်ခပ်လတ်လတ်လူတစ်ယောက်ဆင်းသွားသည်။

"ဝတ်ရည်ပါသေးလား ဝတ်ရည်"

"ပါတယ်"

အသက်ခပ်ငယ်ငယ် မိန်းကလေးတစ်ဦးဆင်းသွားသည်။ ဘာရယ်





မဟုတ်ကြားဖူးမနေကျ နာမည်နှင့်မှတ်တိုင်။ ဟာသကိုပြန်အောက်မေ့ရင်းပြုံးဖြစ် သည်။ ဒါကိုစိုးအောင်ကသတိထားမိသည်။

"သီဟရေ - အသားလွတ်ကြီးတစ်ယောက်တည်း ပြုံးနေပြန်ပြီကွ၊ သွား ရှာပြီ . . ."

"ယဉ်ယဉ်လေးပါကွာ လွှတ်ထားလိုက်"

"အေးပေါ့ကွာ မိုးကောင်းတုန်းရွာထားကြဦးပေါ့"

သူ၏မကျေမနပ်ကြိမ်း ကြိမ်းသောစကားကြောင့် သကောင့်သားနှစ် ကောင်ကတခွီးခွီးရယ်သည်။

"စစ်ကိုင်းပါသေးလား စစ်ကိုင်း" (တကယ်တော့ Sky ဖြစ်သည်ထင် သည်)

". . . ."

"မပါဘူး ဆရာရေ့ ဆွဲ ကျောင်းရှေ့"

စပယ်ယာ၏အသံက စူးခနဲ ကျောင်းရှေ့မှတ်တိုင်ရောက်တော့ ကျောင်းသူ/ကျောင်းသားများဆင်းကြသည်။ ကားက လက်ကျန်ခရီးသည်များ နှင့် အေးသာယာစက်မှုဇုန်ဘက် ခရီးဆက်သွားသည်။

သီဟနှင့်စိုးအောင်က ကားပေါ်မှအမြန်ဆင်းကာ ဆတ်တောက် ဆတ်တောက်ဖြင့် ကျောင်းထဲကိုအမြန်လျှောက်သည်။ ဒီကောင်တွေ တမင် ညစ်ခြင်းဖြစ်သည်။ ကောင်မလေးတွေရှေ့ခန်းကထွက်လာချိန်မှာ သကောင့် သားနှစ်ကောင်က ကျောင်းဝင်းပေါက်ဝကို ရောက်နေပြီဖြစ်သည်။

သူတို့နှစ်ကောင်ကို အမှီလိုက်ရင်း စိတ်မှပျစ်ပျစ်နှစ်နှစ်ကျိန်ဆဲမိ သည်။ 'ခွေးကောင်တွေ'ဟု။ သူ ကောင်မလေးတွေနှင့် ယှဉ်လျက်(သို့) နောက်ကလိုက်လျှောက်မှာကိုသိသောကြောင့် တမင်ရှေ့ကနေ ခပ်သွက်သွက် နောက်က ကျားလိုက်နေသလိုမျိုးလျှောက်သွားခြင်းဖြစ်သည်။ ဆရာသမား နှစ်ယောက် နောက်ကိုအပြေးလိုက်ရင်း နောက်ကိုလှည့်ကြည့်တော့ လက် တစ်ဖက်က လယ်ဂျာစာအုပ်တချို့ကိုပွေ့ကာ ကျန်လက်တစ်ဖက်က ဒ(ဘီ) ပေတံကို ခါးလယ် မှနေကိုင်ကာထားသောသူမ၏ အကြည့်နှင့်ဆုံသည်။ ရင်ထဲ



www.burmeseclassic.com

www.burmeseclassic.com



မှာ ဒုန်းခနဲ အုန်း ခနဲ ရင်ခုန်သံတို့က ဝုန်းဒိုင်းကြသွားသည်။

"တကောင်တွေ ဖြည်းဖြည်းလျှောက်ပါကွ"

"လျှောက်ဘူး"

နောက်ကအမှီလိုက်ရင်းဆိုသော သူ့စကားကို စိုးအောင်က တုံးတိတိလှည့်မကြည့်ဘဲ (လျှောက်လက်စအရှိန်ကိုမလျှော့ဘဲ)ဆိုသည်။ အမြန်လိုက်တော့မိသည်။

"မင်းတို့ညစ်တာ ငါသိတယ်နော်"

"ရော် ဘာလဲကွ ဘလိုင်းကြီး"

"အေးကွာ လူကိုများစွပ်စွပ်စွဲစွဲ"

"မိုးကောင်းတုန်းရွာထားကြပေါ့ကွာ ဝဋ်ဆိုတာ တစ်နေ့လည်ဦးမှာပါ"

မကျေမနပ်ဖြင့် တတွတ်တွတ်ရွတ်နေသော သူ့ကို ဆရာသမားနှစ်ယောက်က ဂရုမစိုက်။ သီဟက သူ့ဘက်မေးငေါ့ရင်း စိတ်မနှံ့ဘူးဟု ခေါင်းကိုလက်ညှိုးထိုးကာခါပြသည်။ စိုးအောင်ကလည်း 'ထားလိုက်ပါကွာ'ဟူသော ပုံစံဖြင့် မျက်စိမှိတ်ရင်းမေးကိုဆတ်သည်။

အတန်းထဲရောက်တော့ ကျောင်းသူတချို့က သူတို့သုံးယောက်ကို ကြည့်နေကြသည်။

"လာပြီလား သူရ"

ထိုကျောင်းသူများထဲမှ တစ်ယောက်ကနှုတ်ဆက်သည်။ နီနီ. . . မနေ့ကကောင်မလေး။ ကျစ်ဆံမြီးနှစ်ခွကျစ်ကာ ဘယ်ညာချရင်းနာမည်နှင့်လိုက်အောင်ဆံပင်နီနီမှာ ဖဲကြိုးနီတွေစည်းနှောင်ထားသည်။ နှုတ်ခမ်းကလည်း နီရဲလို့။

"ရော့စားဦး"

နေကြာစေ့ထုပ်နှင့် အချည်ပေါင်းထုပ်တချို့ကို လက်ထဲထိုးထည့်ပေးသည်။

"ဟာ. . . နေပါစေ။ မဟုတ်တာဟာ၊ တော်ပြီ မစားတော့ဘူး"





လက်ထဲကြောင်တောင်တောင်နှင့် ကိုင်မိလျက်သားဖြစ်သွားသော မုန့်တို့ကိုပြန်ကမ်းပေးချိန်မှာ နီနီက လှည့်ထွက်သွားပြီဖြစ်သည်။

ရှေ့ဆုံးခုံတန်းဆီ ပြန်ရောက်သွားပြီဖြစ်သော နီနီကိုကြည့်ရင်း လက်ထဲမှမုန့်တို့ကိုပြန်လိုက်ပေးရကောင်းမလား ဟုတွေးဖြစ်သည်။ လိုက်ပေးလို့ ဟိုတငြင်းကာ ပြန်မယူပြန်လျှင်လည်း ဒုက္ခ။ နောက်ဆုံးတော့ ပြုံးစိစိဖြင့် လူတိုကလိသလို ရိသလိုကြည့်နေသော ဆရာသမားနှစ်ယောက်ရှေ့မှာ ပုံချဖြစ်သည်။

"စားကြကွာ"

"ဟင့်အင်း" (သီဟ)

"တော်ပါပြီကွာ" (စိုးအောင်)

"ဘာဖြစ်လို့လဲကွ'

"ငါတို့ကိုကျွေးတာမှမဟုတ်တာ မင်းကိုကျွေးတာပဲ" (စိုးအောင်)

"အေးလေ" (သီဟ)

"အာ အခုမင်းတို့နဲ့ မခင်သေးလို့နေမှာပါ"

"မထင်ပါဘူး"

"အနေအထားက သိသာလွန်းပါသည်"

နှစ်ကောင်သားတစ်ယောက်တည်းရေရွတ်သလိုလိုနှင့် သူ့ကိုမခံချင်အောင်စသည်။ သီဟကဆို 'သိသာလွန်းပါသည်'ဆိုတာကိုသီချင်းဆိုသလို သံစဉ်ဖြင့်ဆိုကာ စောင်းသေးသည်။ စ,နေမှန်းသိသော်လည်းသူမနေတတ်။

"မောင်နှမတွေလိုဘော်ဒါတွေလိုခင်တာပေါ့ကွာ။ မင်းတို့ကလည်း သိရဲ့သားနဲ့"

"အဟွတ် အဟွတ်"

"အဟမ်း သီဟရေ မင်းကချောင်းဆိုးတာ၊ ငါကရင်ကြပ်တာနော့ အဟမ်း အဟမ်း"

သူ့စကားကို သီဟက ချောင်းဆိုးသံပြုရင်း၊ စိုးအောင်ကလည်း ရင်ကြပ်သံပြုရင်း နောက်ကြပြန်သည်။ ချစ်ဖို့လည်းကောင်း၊ ချဉ်ဖို့လည်းကောင်း



www.burmeseclassic.com

www.burmeseclassic.com



ဆိုသလို ဒီဘော်ဒါနှစ်ကောင်က အင်မတန်ချစ်ဖို့ကောင်းသလို၊ တစ်ဖက်မှာ ခါးနှိုက်ပြီး သွားကြားထိုးပစ်ဖို့ကောင်းသည်။ မဟုတ်သည့်နေရာ၌ အင်မတန့် အင်မတန်ကို လျှပ်တစ်ပြက်ဉာဏ်ရှင်တဲ့ကောင်တွေ။

"စားကြပါကွာ၊ တစ်ဖက်သားကုသိုလ်ရအောင်"

"အဟွတ် အဟွတ်"

"ချောင်းဆိုးတာနော့ ချောင်းဆိုးတာ"

သူ့စကားဆုံးတာနဲ့ သီဟက ချောင်းဆိုးသံပြုသည်။ (ရင်ဘတ်ကို တောင်ဟန်ပါပါနှိပ်လိုက်သေး)။ ဒါကိုစိုးအောင်က နောက်ကရှင်းချက်ထုတ်သည်။

"မင်းတို့ငါတင်းလာပြီနော်။ ရိုးရိုးပါလို့ဆိုနေမှပဲ"

"အဟမ်း အဟမ်း"

"မင်းမလဲ ရင်အတော်ကြပ်နေတာကိုး စိုးအောင်ရ၊ အိမ်း ဒုက္ခ ဒုက္ခ"

သီဟက ဇာတ်ထဲကလို ဇာတ်သံဖြင့် ရှင်းချက်ထုတ်သည်။ တမင် နောက်နေမှန်းသိသိကြီးနှင့် သူ့မျက်နှာနီလို့နေသည်။ မနေတတ် မထိုင်တတ် ဖြင့်အရှက်သည်းနေသော သူ့ကိုဆရာသမားနှစ်ယောက်သနားသွားဟန်တူ သည်။ တစ်ယောက်ကိုတစ်ယောက် မျက်စပစ်သည်။

"ကဲကဲ တော်လောက်ပြီ သီဟ၊ မင်းကောင် ဆက် 'စ'လို့ကတော့ ချုံးပွဲချငိုမယ့်သဘောမှာရှိတယ်"

"ကဲစားရတာပ၊ စားရတာပ။ အိမ်း တစ်ယောက်သောသူအတွက် စေတနာတွေ စေတနာတွေ"

သီဟက နေကြာစေ့တစ်ထုပ်ကို ယူကာဖောက်ရင်းမျက်ခုံးပင့်ကာ ပင့်ကာဖြင့်ကလိဖြစ်အောင် ကလိသေးသည်။ သူမြင်ချင်ယောင်ဆောင်နေ လိုက်သည်။

ကျောင်းတက်ချိန် ဘဲ(လ်)တီးရန်အချိန်ကလည်း အတော့ကိုလိုနေ သေးသည်။

"ဟကောင် ငါတို့ကျတော့ အသေအလဲစားခိုင်းပြီးတော့ မင်းကျတော့





မစားဘူး"

"အေးလေ စား စား"

သီဟ၏အနူပြောကို စိုးအောင်ကထောက်ခံသည်။ နေကြာစေ့အနည်း ငယ်ကိုယူကာစားပေးရသေးသည်။

"သီဟ"

"ဟေ ပြောစိုးအောင်"

"ငါ မျက်စိဝါးနေလို့ နေကြာစေ့နာမည်က ဘာတဲ့"

"ဩော် စွဲနေပြီတဲ့ဟ"

"ဟုတ်လား စွဲနေပြီ စွဲနေပြီ"

စိုးအောင်က ပထမစွဲနေပြီကို သံရှည်ဆွဲကာ (ညစ်ကျယ်ကျယ်ပြုံး ရင်း) ဇာတ်သံနှောကာနီနီဘက် မျက်စပစ်ကာဆိုသည်။

"မလုပ်ကြပါနဲ့ကွ ဟင်ကောင်တွေရ"

သူမလုံမလဲတားမြစ်ရင်း နီနီရှိရာရှေ့ဆုံးခုံဘက်အမှတ်တမဲ့ကြည့်မြစ် သည်။ နောက်ဘက်သို့ကြည့်နေသော နီနီ၏အကြည့်နှင့်ဆုံသည်။ နီနီက မျက် လုံးစုံမှိတ်သွားသည်အထိ အားပါးတရပြုံးပြသည်။ သူပြန်ပြုံးပြဖြစ်သည်။

"အဟွတ် အဟွတ် တံ့ပြန်အပြုံးချင်းလဲလှယ်ကာ ဟာဟာ အဟွတ် အဟွတ်"

ကြည့်- အင်မတန်ဉာဏ်ရှင်ပါသော ဘော်ဒါများပါပေ။ ရှက်ရှက်ဖြင့် ခေါင်းကိုကုတ်ဖြစ်သည်။ ဘယ်သူတွေဘာပြောပြော ရင်ဘတ်ထဲမှာ သူမှတ သာကြီးစိုးနေသည်။

"သီဟ- စိုးအောင်"

"ပြော"

"ငါ ဒီပထမအချိန်ပြီးရင် ဟိုအဆောင်တွေဘက်လျှောက်ကြည့်ချင် တယ်ကွာ"

ကလေးတစ်ယောက် မုန့်ပူဆာသလိုမျိုး မျက်နှာငယ်လေးနှင့်ဆိုသော သူ့ကိုကြည့်ကာ သီဟနှင့်စိုးအောင်က တစ်ယောက်မျက်နှာတစ်ယောက်ကြည့်



www.burmeseclassic.com

www.burmeseclassic.com



သည်၊

"လိုတ်ခဲ့ကြနော့"

ထပ်လောင်းပြောသောသူ့စကားကြောင့် စိုးအောင်နှင့်သီဟ တစ်ယောက်တို့တစ်ယောက်မေးဆတ်ကြပြန်သည်။

"လိုက်သင့်မသင့်ကိုစဉ်းစားလိုက်ဦးမယ်"

"ဟုတ်တယ် ဒီတစ်ချိန်ပြီးမှ ပြောမယ် ဟုတ်ပြီလား"

အရေးထဲဆရာသမားနှစ်ယောက်က အထာကိုင်နေသေးသည်၊ ပြီးလျှင်လိုက်မကူဘဲနေမှာလည်းမဟုတ်။

သို့သော် ထုံးစံအတိုင်းတစ်ဖက်သားကိုမှ မညှဉ်းဆဲရလျှင်မနေနိုင်ကြသည်မို့ သူ့ကိုမတင်မကျကြီးတမင်လုပ်ထားခြင်းဖြစ်သည်။

"ဟင်း"

ဘာကြောင့်မှန်းမသိ သက်ပြင်းကိုချဖြစ်သည်။

သူမ ဘယ်သူပါလိမ့်။

ဘယ်မေဂျာသူဖြစ်၍ ဘယ် Section မှာပါလိမ့်။

ရှာပုံတော်တော့ ဖွင့်ရလိမ့်ဦးမည်။

● ● ●





တသင်ချိန်တစ်ချိန်နှင့်တစ်ချိန်ကြား အနည်းငယ်အားသော အချိန်လေးကိုပင် သုံးယောက်သား အချိန်လုကာ ထွက်ခဲ့ကြသည်၊

ဘေးအခန်းကို ကျော်လာပြီးမှသူနောက်ပြန်ဆုတ်မိသည်၊ အခန်းထဲရုတ်တရက်ကြည့်မိစဉ်က ဆုံလိုက်သော မျက်ဝန်းလေးတစ်စုံ။

အခန်း၏ဝင်ဝင်ချင်းရှေ့ဆုံးခုံမှာထိုင်နေသော ညီအစ်မနှစ်ယောက်၊ ခေါင်းငုံ့ရင်းစာရေးနေပြီဖြစ်သော သူမ။

ဆတ်ခနဲရပ်ကာ ငေးမိရင်းက ဟန်မပျက်ဆက်လျှောက်ခဲ့သည်၊ စိုးအောင်နှင့် သီဟကကပ်ပါလာသည်။

"ဝမ်းသာတော့ ငါ့ကောင်"

သီဟ၏အစမရှိ အဆုံးမရှိ ပခုံးပုတ်ရင်းပြောသော စကားကြောင့် သူကြောင်တောင်တောင်ဖြစ်သွားရသည်။

"ဘာကိုဝမ်းသာရမှာလဲ"

"မင်းရှိုးနေတဲ့ ကလေးမရဲ့အခန်းက First Year EP Section -A လေကွာ"

First Year EP Section - A

သူ့ရင်တွေပြုန်းစားကြီးခုန်သည်။

မေဂျာတူ၊ ပထမနှစ်ချင်းလည်းအတူတူ။



www.burmeseclassic.com

www.burmeseclassic.com



အဆောင်ဟိုဘက်ထိပ်ထိလျှောက်ပြီး နောက်ကြောင်းပြန်လျှောက်ခဲ့သည်။ သည်ဘေးကအတန်းဖော်တစ်ယောက်နှင့် စကားပြောရင်း ဖွတ်ခနဲပြုံးလိုက်သောသူမ၏ အပြုံးကိုမြင်လိုက်ရသောခဏ . . . အရာရာကို လှုပ-နေသော ထိုခဏ။ သူရှာမှာလည်နေသည်ကို တဒင်္ဂမေ့လျော့သွားမိသည်။ နူးညံ့ပါသော၊ သိမ်မွေ့ပါသောအပြုံး။

• • •





နောက် ရက်များမှာ သူ့အဖို့တာဝန်များပိုလာခဲ့သည်။
ကားဂိတ်ကိုစောစောရောက်သောတာဝန်။

သူမတို့ရောက်လာသည့်အထိ စောင့်ရသောတာဝန်။ (ဤတာဝန်က ဆရာသမားနှစ်ယောက်ကိုပါ စောင့်ရသောဒုက္ခတို့ကို မျှဝေခံစားစေခဲ့သည်)

သူမတို့ စီးသောကားမှာပင် မရမက ကုတ်ကပ်တွယ်ပြီးစီးသောတာဝန်။

ကားဂိတ်မှာ မျက်လုံးချင်းဆုံအောင်ကြည့်ရသောတာဝန်။

ကားအဆင်းမှာ မျက်လုံးချင်းအဆုံကိုစောင့်ကြည့်ရသောတာဝန်။

စာသင်ချိန် တစ်ချိန်နှင့်တစ်ချိန်ကြား အားသောအချိန်မှာ ပြေးပြေးကြည့်ရသောတာဝန်။

ကျောင်းဆင်းချိန် သူမစီးသောကားမှာ လိုက်စီးရသောတာဝန်။

ကားပေါ်မှအဆင်း တောင်နှင့် မြောက်သူ့အိမ်အပြန်လမ်းနှင့်ဆန့်ကျင်ဘက် သူမတို့ပြန်ရာနောက်တကောက်ကောက်လိုက်သောတာဝန်။ တာဝန် . . . . တာဝန် . . . . . တာဝန် . . . . . . . . . . တာဝန် . . . . . . . . . . . . တာဝန် . . . . . . . . . ။ တာဝန်မမည်သော တာဝန်တို့ကို ဘယ်သူကမှ သတ်မှတ်မပေးပါဘဲ ကျေကျေနပ်နပ်လက်ခံရရှိခဲ့သည်။

ဘယ်သူကမှသတ်မှတ်မပေးပါဘဲ အလိုလိုရခဲ့သော တာဝန်များထဲ



www.burmeseclassic.com

www.burmeseclassic.com



မှာ ကျောင်းပိတ်သော စနေ၊ တနင်္ဂနွေရက်များမှာ လွမ်းဆွတ်သတိရမှုကလေးတ ပိုလာပြန်သည်။ စနေမှာ လွမ်းသလို တနင်္ဂနွေမှာလည်း လွမ်းသည်။

နေ့ဘက်တွေ့ရသော်လည်း တနင်္လာနေ့ညဆိုလွမ်းသည်။
အင်္ဂါနေ့ညမှာလွမ်းသလို ဗုဒ္ဓဟူးမှာလည်းလွမ်း၏။
ကြာသပတေးမှာလွမ်းသလို သောကြာမှာလည်း လွမ်းပြန်သည်။
တစ်ပတ်လုံးမှာ လွမ်းရင်း အိပ်မက်တို့မှာ တစ်ခါတစ်ခါဆုံသည်။
ထိုအခါများမှာ သူမက ခပ်ဖွဖွပြုံးပြတတ်သည်။

ညတိုင်းကြီးမက်နေတာမျိုးမဟုတ်သော ထိုအိပ်မက်ကိုလွမ်းရသော ဒုက္ခတို့က ပိုလာပြန်သည်။ ထိုဒုက္ခသည် တာဝန်တစ်ခုပင်လားမသိ။ ဘာပဲဖြစ်ဖြစ် သူ့အတွက်တော့ သူမနှင့်ပတ်သက်သမျှသည် ချိုမြိန်ပါသည်။

♣ ♣ ♣





တာဝန်တကာ့တာဝန်များတွင် တာဝန်တစ်ခုကိုတော့ သူမလုပ်။ ထိုတာဝန်ကား သူမ၏အမည်ကို စုံစမ်းရမည့်တာဝန်ဖြစ်သည်။

တစ်မေဂျာတည်း၊ တစ်နှစ်တည်းအတူတူမို့ စုံစမ်းရခက်ခဲမည်မဟုတ်သော်လည်း စုံစမ်းလိုစိတ်မရှိ။

မထင်မှတ်ဘဲ အမှတ်တမဲ့ သိချင်သည်။ အဲဒီခံစားမှုကို သူလိုချင်သည်။ တပ်မက်သည်။ ထို့ကြောင့် သီဟနှင့်စိုးအောင်တို့ကိုလည်း မစုံစမ်းခိုင်းသလို သူကိုယ်တိုင်ကလည်း မစုံစမ်းခဲ့။ မသိချင်ဘူးလားဆိုတော့လည်း သိချင်သည်။

သိချင်ရင် စုံစမ်းပါလားဆိုပြန်တော့လည်း မစုံစမ်းပါဘဲ ရုတ်တရက် သိလိုက်ရမည့် ခံစားမှုကိုသူလိုချင်သည်။

သေချာတာကတော့ ခုထိသူမ၏အမည်ကို တစ်လုံးတစ်ပါဒမှ သူမသိသေး။ သူ့အထင် လူကတော့ အင်မတန်ချစ်စရာကောင်းနေသည်။ သူမ၏နာမည်သည်လည်း မလွဲမသွေ လှပကာ ချစ်စရာကောင်းနေပါလိမ့်မည်။

♣ ♣ ♣

www.burmeseclassic.com



နာမည်လေးကိုတောင် မသိပါဘဲနဲ့
ငါ့ရဲ့နှလုံးသားက
နှင့်ကိုချစ်သတဲ့ ကောင်မလေး။
အဲဒါ ... ငါ ... လွန်လား ?

www.burmeseclassic.com

www.burmeseclassic.com



“မင်း ပြောပြလိုက်”

“အာ - မင်းပဲပြောပြလိုက်ပါ သီဟရ - အဲဒီနာမည်က ကြက်သီးထစရာကြီး”

သီဟနှင့်စိုးအောင်ကတစ်ယောက်နှင့်တစ်ယောက်တွတ်ထိုးနေကြသည်။

“ဘာတွေလဲကွ ကြက်သီးထစရာကြီးဆိုတာ”

သူ့အမေးကြောင့် သီဟနှင့်စိုးအောင်က ‘မင်းပြောလိုက်’ဆိုသော ပုံစံဖြင့် မေးလွှဲပြသည်။ သီဟက ‘မင်းပြောပြလိုက်ပါကွာ’ဟု ဆိုပြန်သည်။

“ငါကြက်သီးထလို့ပါဆို”

ပဟေဠိလုပ်နေသောသကောင့်သားနှစ်ကောင်ကို သောက်ညင်ကပ်ကပ်ဖြင့်ကျောပေးကာသီချင်းညည်းပစ်လိုက်သည်။ သူတို့ကိုဂရုမစိုက်ဘူး။ သူတို့ပဟေဠိကို မသိချင်ဘူးဆိုသောစတိုင်ဖြင့်-

“သူရ”

သူမကြားချင်ယောင်ဆောင်နေလိုက်သည်။

“သူရ”

“ဘာလဲကွ”

“ရှေ့ခန်းဒေဝီတွေရဲ့နာမည်တွေ ငါတို့သိပြီကွ”





“မပြောရဲဘူးကွာ”

“ဟ! ဘာဖြစ်လို့လဲ”

“ကြက်သီးထလို့”

“ဘာဆိုင်လို့လဲကွ”

“အကြီးမနာမည်က ကိစ္စမရှိဘူး၊ မင်းရဲ့ အငယ်မနာမည်က-”

စိုးအောင်က ပြောလက်စ,စကားကိုရပ်ကာ ပခုံးကို ကြက်သီးထဟန်တွန့်ပြပုံက Over (အိုဗာ)ဖြစ်လွန်းသည်မို့ သူသောက်ညင်ကပ်သွားရသည်။ သို့သော် ဘုတောပစ်လို့တော့မရ။ သူ့အလိုလိုသိလာပါစေဟု Feel ဖြင့်အောင့်အီးထားသော်လည်း ဤသို့ မထိတထိလုပ်လာချိန်မှာတော့ သူ တောင့်မခံနိုင်တော့။ သူမ၏အမည်ကိုသိချင်စိတ်က အစွမ်းကုန်ရုန်းကြွကာနေသည်။

“ပြောမှာကိုပြောစမ်းပါ စိုးအောင်ရာ မင်းကလည်းတွန့်ဆုတ်တွန့်ဆုတ်နဲ့”

“အငယ်မ နာမည်က . . . .”

“ပြော- ဘာဖြစ်လဲ”

“ဥစ္စာစောင့် နာမည်ကြီး”

“ဘာ!”

“ဟုတ်တယ် သူရ၊ စိုးအောင်ပြောတဲ့အတိုင်း မင်းကောင်မလေးနာမည်က ဥစ္စာစောင့်မ နာမည်ကြီး”

“ဘာ ဘာတဲ့လဲ”

သီချင်းဇာဖြင့်မေးသောသူ့အမေးကို သကောင့်သားနှစ်ကောင်က မကြားချင်ယောင်ဆောင်နေသည်။ သူ၏သီချင်းစိတ်က မရိုးမရွကြီးဖြစ်လာရသည်။ ဒီကောင်တွေရဲ့ အထာကိုသူသိပါသည်။ တမင်အိုက်တင်ခံကာဆေးကိုင်နေကြခြင်းဖြစ်သည်။

“ငါလက်ဖက်ရည်တိုက်ပါ့မယ်ကွာ”

“အိုး ဟိုးဟိုး ကြက်သီးထရတာနဲ့ မကာမိဘူး၊ လက်ဖက်ရည်လောက်နဲ့တော့ ပြောမပြနိုင်ဘူး”



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ငါလဲပဲ"

"ကဲကွာ- ကျောင်းပိတ်ရက်မှာ ရုပ်ရှင်လိုက်ပြမယ်ကွာ"

သူ့မဲ့ဆွယ်မှုကြောင့် ဆရာသမားနှစ်ယောက်တစ်ယောက်ကိုတစ်ယောက်မျက်ခုံးပင့်ကာ ညာညှိနေကြသည်။ စိုးအောင်က နှုတ်ခမ်းတစ်ဝိုက်တိုလျှာဖြင့်သပ်သည်။

"ရုပ်ရှင်ပြတာအပြင် ဝက်သားတုတ်ထိုးပါကျွေးမယ်ဆိုရင်တော့ . . ."

"ကြက်သီးထရကျိုးနပ်ပါတယ်"

စိုးအောင်၏စကားကို 'သီဟ' ကဆက်ပေးလိုက်ခြင်းဖြစ်သည်။ (တော်တော်ဟုတ်တဲ့ကောင့်တွေ) အတိုင်အဖောက်တွေညီနေလိုက်ကြသည်မှာ အတတ်တိုက်ထားသလားတောင်ထင်ရသည်အထိ။

ရုပ်ရှင်ကြည့်ရမည့် သုံးယောက်စာစရိတ်၊ ဝက်သားတုတ်ထိုးတစ်ယောက်ကို နှစ်ပွဲထက်မနည်းစားကြမည့်စရိတ် (တောင်ကြီးဝက်သားတုတ်ထိုးမှာ အခေါ်သာ တုတ်ထိုးဖြစ်ပြီး တကယ်တမ်းကျ တုတ်ထိုးမဟုတ်ဘဲ ဝန်းကန်ပြားနှင့် ပြင်ပေးတာဖြစ်သည်။)

ခန့်မှန်းခြေကုန်ကျစရိတ်ကိုတွက်ပြီး ရင်တွေကတုန်ကယင်ကြီးဖြစ်သွားရသည်။ ရက်စက်ကြပါပေ့။ သက်ပြင်းကိုအသာချဖြစ်သည်။ စနေသားမဟုတ်သော်လည်း သူကအင်မတန်စိတ်မြန်လက်မြန်ရှိသည်။ သိချင်ပြီဆိုလျှင်လည်း ဘယ်လိုအခက်အခဲရှိရှိ သိကိုသိလိုက်ရမှ။

"အေးပါကွာ"

"မင်းကတိပေးတယ်နော်"

"အေး"

"ယောကျာ်းကတိနော်"

"အေးလို့ဆို"

"မင်းမှာသစ္စာလူမှာကတိဆိုတဲ့အတိုင်း"

"ခွီးတဲ့မှပဲ. အေးပါဆို"





နည်းနည်းစိတ်တိုပြလိုက်တော့မှ စိုးအောင်ကချောင်းဟန့်သည်။

"မင်းရဲ့ဥစ္စာစောင့်မရဲ့ အဲလေ ဟိုရှေ့ခန်းဒေဝီအကြီးမနာမည်ကသက်သက်နွယ်တဲ့"

"အင်း ဟိုအငယ်မလေးကရော"

" 'ပန်းကေသီလှိုင်' တဲ့"

"ပန်းကေသီလှိုင်"

နာမည်က နန်းဆန်သလို ဣန္ဒြေကလည်းတော်ဝင်သည်။ အမူအရာသိမ်မွေ့သလောက် ချစ်စရာလည်းကောင်းသည်။

"ဆံပင်ကလည်း အရှည်ကြီး၊ ပုံစံကလည်း အေးတိအေးစက်၊ နာမည်ကလည်း ပန်းကေသီလှိုင်ဆိုတော့၊ သီဟရေ မဟုတ်မှလွဲရော ငါပြောသလို . . ."

"အမလေးကွာ ကြက်သီးထပါတယ်ဆိုနေမှ စိုးအောင်ရာ မင်းတာတစ်မျှောင့်"

ဆရာသမားနှစ်ယောက်ကတော့ သူ့ကိုမခံချင်အောင် လုပ်နေကြပြန်သည်။ သူတို့မှကြက်သီးထတာမဟုတ်။ သူလည်းကြက်သီးထပါသည်။ သူမနာမည်ကိုသိလိုက်ရသောခဏ။ ထိုခဏမှာ ကြက်သီးတွေလည်းထ ရင်တွေလည်းခုန် လက်တွေတောင်တုန်လို့။ မယုံကြည်နိုင်အောင်ပဲဖြစ်ရသည်။ အချစ်သည် တိုတောင်းလှသောကာလမှာလည်း တည်မြဲစွာဖြစ်ပေါ်စေနိုင်သည်တဲ့လား။

"သေသေချာချာတော့ စဉ်းစားဦးဆရာ"

"ဘာဖြစ်လို့လဲ စိုးအောင်ရ"

"မင်းဟာက ဥစ္စာစောင့်မှန်းမသိ၊ ဘာမှန်းမသိ"

"ဟာ မင်းကလည်း ငါကအကောင်းမှတ်လို့"

"သေချာပြီလား"ဟု ကိုယ့်ကိုယ်ကိုယ် ဆန်းစစ်မိသည်။ ဆယ်ကျော်ဆက်ဖြစ်သောသူ့အဖို့ ဒါသာမန်ရင်ခုန်မှုတစ်ခုလည်းဖြစ်နေနိုင်သည်။

ဆန်းစစ်လေလေ ခိုင်မာလေလေ။ သူ ပန်းကေသီလှိုင်ဆိုသော



www.burmeseclassic.com

www.burmeseclassic.com



တောင်မလေးကိုချစ်သည်။

အချိန်တိုင်းသူမကိုကြည့်နေချင်သည်။ ဒါကြောင့်လည်း စာသင်ချိန် တစ်ချိန်နှင့်တစ်ချိန်ကြားရသော အားလပ်ချိန်ခဏမှာ ပြေးပြေးကြည့်ရတာ အခေါ။

သူမတို့အတန်းရှေ့မှာ မကြာမကြာလျှောက်ရလွန်းတော့ သီဟတို့ စိုးအောင်တို့တောင်လိုက်ကူရတာ စေတနာသိပ်မပါချင်ကြတော့။

"မင်းဒီအတိုင်းပဲ သွားသွားခိုးကြည့်ပြီးနေတော့မှာလား"

သီဟ၏အမေးကို ရုတ်တရက်သူမဖြေနိုင်။ တကယ်တမ်းကျတော့ အဲဒီမေးခွန်းကိုပဲသူ့ကိုယ်သူမေးခဲ့သောအကြိမ်ပေါင်းမနည်းတော့။

တွေတွေကြီးငေးနေသော သူ့ကိုစိုးအောင်က-

"မင်းကိုအသိပေးရဦးမယ် မင်းရဲ့ဥစ္စာစောင့်မလေးကို လာလာရစ်နေတဲ့ ငနဲတွေသုံးလေးယောက်ရှိတယ်တဲ့။ သူ့ပုံစံလေးက တစ်မျိုးထူးခြားနေတော့ စိတ်ဝင်စားစရာဖြစ်နေတော့ပေါ့ကွာ။ Second Year က အစ်ကိုကြီးတွေ တောင်ပါသေးဆိုလား"

စိုးအောင်အသိပေးသောကိစ္စကို သူလည်းသိသင့်သလောက်သိပါသည်။ သိသိနှင့်ရင်ပူစွာခံမှုထားခဲ့သော ထိုကိစ္စ စိုးအောင်က ပြန်ဆွပေးသလိုဖြစ်နေသည်။

"လာလာရစ်နေတဲ့ လူတွေထဲမှာ ငွေလည်းရှိ၊ ရုပ်လည်းဖြောင့်တဲ့ နိုင်ဦးက ခေါက်ရေအစိပ်ဆုံးပဲတဲ့ဆရာ၊ 'နောက်ကျတော့ အပေါက်ဝ'ဆိုတဲ့ စကားရှိတယ်နော်။ တော်ကြာ မင်းအပေါက်ဝကလှည့်ပြန်နေရဦးမယ်"

စိုးအောင်၏စေတနာထုံမွမ်းနေသော သတိပေးစကားသည် သူ၏ စိုးရိမ်ရေမှတ်ကို အမြင့်မားဆုံးထိဆွဲတက်သွားသည်။

တစ်စုံတစ်ယောက်ကသာ သူမ၏အချစ်ကို ဦးသွားခဲ့လျှင် ဆိုသော အတွေးက ရင်ကိုပူလောင်သော ဝေဒနာနှင့်အတူ ခပ်ကြမ်းကြမ်းလာဆောင့်သည်။

"ငါ . . . ကြိုးစားမယ်"





လက်သီးကို ကျစ်ကျစ်ပါအောင်ဆုပ်ထားသော်လည်း အားကသိပ်မရှိချင်။ စိုးအောင်ပြောသောနိုင်ဦးဆိုသည့်ကျောင်းသားက Civil (မြို့ပြ အင်ဂျင်နီယာ)က ကျောင်းသား။ သူတို့ကဲ့သို့ First Year ကျောင်းသား။ ကားတတော့ ကားတို့တွင် နိုင်ဦး၏ကားက မော်ဒယ်အမြင့်ဆုံး။ Parado လိုကားမျိုးကို ကိုယ်တိုင်မောင်းကာ ကိုးရိုးယားမင်းသားတစ်ယောက်လို ချောမောသောနိုင်ဦးသည် Civil အင်ဂျင်နီယာဌာနအပြင် ကျန် MP, MT, EP, EC, IT စသဖြင့် တစ်ကျောင်းလုံးက အင်ဂျင်နီယာကျောင်းသူတို့၏နှုတ်ခမ်းဖျားမှာ ရေပန်းစားသောကျောင်းသားတစ်ဦး။

နိုင်ဦးကို သူ့အနေနှင့် ရုပ်ရည်ချင်း၊ ပညာချင်း နှိုင်းယှဉ်လို့ရသည်ပဲထား . . ဥစ္စာခနေတို့တွင် သူမယှဉ်နိုင်ပါ။ ရုပ်ရှိချင်းအတူတူ လိုင်းတားဖြင့် ကျောင်းတက်သည့် 'သူရ'ဆိုသော ကျောင်းသားတစ်ဦးထက် Parado ကားပေါ်က 'နိုင်ဦး'က ပိုမိုရွေးချယ်ချင်စရာ မိန်းကလေးတို့၏ ပစ်မှတ်တစ်ခုဖြစ်နေနိုင်သည်။

"အချစ်မှာ မျက်စိမရှိ"ဆိုသည့် စကားပုံလေးကို တဆိတ် သူမှတ်စိမ့်တိုယုံစားချင်ပါသည်။

မိန်းကလေးတစ်ယောက်၏ စိတ်တို့ ကိုယ့်အပေါ် ညွတ်ကျလာအောင် စွမ်းဆောင်ရသည့် အမှုအရာတို့ကို သူမတတ်ကျွမ်းပါ။

သာမန်စားနိုင်သောက်နိုင် အဆင့်အတန်းသာရှိသော သူ့တွင်မိန်းကလေးတို့ကျလောက်သောကား၊ ပစ္စည်းဥစ္စာမရှိ။

သူ့မှာရှိသည်ကား ဘဝမှာဘယ်သူ့ကိုမှ မချစ်ခဲ့ဖူးသေးသောဖြူစင်ရှင်းသန့်သည့် အချစ်များသာ။

ထိုအချစ်တို့ကို သူမအား ရက်ရက်ရောရော . . . ကြည်ဖြူစွာပေးအပ်ချင်ပါသည်။ သူမသာလက်ခံသည်ဆိုပါစို့။ အချစ်တို့နှင့်အတူ ဘဝတစ်ခုလုံးကိုပါ သူမ၏ရင်ခွင်၌ အပြီးအပိုင်နေရာယူချင်ပါသည်။

အေးသာယာမှတက်လာသော ကားငယ်လေးက တောင်ပေါ်(တောင်ကြီး)မြို့မစျေးရှိ အေးမြို့တော်ကားဂိတ်မှာပင် ဂိတ်ဆုံးသည်။ ဂိတ်ဆုံးရောက်



www.burmeseclassic.com

www.burmeseclassic.com



သည်နှင့် ခါးသည်နှင့်ကျောင်းသူကျောင်းသားများဆင်းကြသည်။

သူတို့သုံးယောက်တော့ ကားပေါ်က မဆင်းသေး။ သူမတို့ရှေ့ခန်းက အဆင်းကိုစောင့်ရသည်။ ရှေ့ခန်းက အဆင်းမျက်လုံးဝေ့ကာရှာနေသော သူမ၏အကြည့်က နောက်ခန်းမှ ပြူးကြောင်ကြောင်ဖြစ်နေသော သူ့ဆံတွင် အဆုံးသတ်သွားသောအခါ ရင်ဝ်ှ်ဝမ်းသာသလိုလို ကြောက်သလိုလိုကြီးဖြစ်သွားသည်၊ ရှေ့ခန်းမှဆင်းကာ မြို့မဈေးဘေးရှိလမ်းမှ ခပ်သွက်သွက်လျှောက်နေသော သူမတို့နောက် မလှမ်းမကမ်း သူတို့သုံးယောက်ပါလာသည်။

"ဟကောင် . . . သူရ လိုက်သွားတော့"

"ဖြစ် . . ဖြစ်ပါ့မလားကွာ . . . "

"အာ . . . ဘာဖြစ်လို့လဲ"

"ငါ . . . ငါ ဒူးတွေတုန်နေလို့"

"ခွီး"

ကိုယ်ချင်းမစာတတ်သော စိုးအောင်က ခွီးခနဲနေအောင်ရယ်သည်။ သီဟကတော့ ရယ်ချင်သော်ငြားလည်း မကောင်းတတ်သည်မို့(အတော့်ကို) အောင့်ထားဟန်တူသည်။

"သူ့ဘာသာသူ အဆင်ပြေသွားမှာပါ။ လိုက်သာလိုက်၊ မင်းကလည်း ယောကျ်ားပဲကွ . . . ဘာဖြစ်လဲ"

သီဟက အားပေးစကားပြောရင်း ပခုံးကိုညှစ်သည်။ "မကြောက်စမ်းပါနဲ့ ဟူသောသဘော။ သူ အားကိုတင်းရင်း လက်ထဲက သံစ်သားတီ(T)ပေတံကို ကျစ်နေအောင်ဆုပ်လိုက်သည်။ အံကိုကြိတ်သည်။

"ငါ လိုက်သွားမယ်"

"သွား . . . သွား မြန်မြန်"

စိုးအောင်၏ စကားအဆုံး သူအမြန်ဆုံးဖြစ်အောင်ခြေလှမ်းတို့၏ မြန်နှုန်းကိုတင်ကာခပ်သွက်သွက်လိုက်သည်။ သူမတို့က တိုင်ပင်ထားသလိုနောက်ကိုလှည့်ကြည့်သည်။ ပြီး . . တိုင်ပင်ထားသလိုပင် နဂိုထက် နှစ်ဆခန့်ခပ်သွက်သွက်လျှောက်သည်။ (နောက်က ကျားလိုက်သလို ဆိုတာမျိုး)





မြို့မဈေးကနေ ကမ္ဘောဇဘက်နှင့် မျက်စောင်းထိုးနေရာမှာ မိန်းလမ်းပေါ်တက်သော လှေကားထစ်လေးရှိသည်။ လှေကားထစ်ပေါင်း တစ်ဆယ်၊ ဆယ့်နှစ်ထစ်လောက်ရှိမည်။ ထိုနေရာမှာ သူမတို့နှင့် သူလက်တစ်ကမ်းသာသာလောက်သာကွာတော့သည်။ သူမတို့ ထိပ်ဆုံးလှေကားထစ်ပေါ် ခြေချချိန်မှာ သူက ထိပ်ဆုံးလှေကားထစ်သို့ရောက်ရန် သုံးလေးထစ်ခန့်အလို။ အမြန်မိစိမ့်သောငှာ လှေကားထစ်ကို အရှိန်ဖြင့် ထစ်ကျော်တက်လိုက်သည်။ အဲဒီမှာ ခလုပ်တိုက်ကာ မှောက်လဲတော့သည်။ လဲတာကမှ အကုန်းလိုက်။ လက်နှစ်ဘက်စလုံး ကမန်းကတန်းထောက်လိုက်ချိန် လက်တစ်ဖက်က အားလပ်နေသော်လည်း ကျန်တစ်ဖက်က T(တီ)ပေတံကို အဖျားမှကိုင်ထားသည်မို့ အကုန်းလိုက်လဲသောအခါ ထို T(တီ)ပေတံဖြင့် ရှေ့က သူမ၏ခြေသလုံးကိုရိုက်မိသည်။ ရိုက်မိတာမှ အကုန်းလိုက်ကြီးတုတ်နှင့် ဖားရိုက်သလိုကိုရိုက်မိသည်၊ အရှိန်နှင့်လဲသည်မို့ သူမ၏ခြေသလုံးကို 'ဖြောင်း'ခနဲနေအောင်ကို ကပ်သီးဘပ်သပ်ရိုက်မိသည်။

'အား လားလား'

သူမက အရိုက်ခံလိုက်ရသော ခြေသလုံးကို ပွတ်ရင်း ခုန်ဆွခုန်ဆွဖြစ်သွားသည်။

'တောက် . . '

တက်ခေါက်ကာ, သူ့ကိုလှည့်ကြည့်သောမျက်လုံးတို့က မီးဝင်းဝင်းတောက်နေသလိုမျိုး၊ လှေကားထစ်ပေါ်မှာ အကုန်းလိုက်ကြီးကြောင်နေသော သူ့လက်ထဲမှ T(တီ)ပေတံကိုဆတ်ခနဲအကြီးမကဆွဲယူသည်။ ပြီး အားကုန်လွှဲကာ သူ့ခေါင်းကိုရိုက်သည်။

'ဖြောင်း . . . . 'ခနဲ။

'အောင်မလေးဗျ'

ခေတ်ပေါ်သစ်သား T(တီ)ပေတံကလေးကျိုးသွားသည်။ အကြီးမက T(တီ)ပေတံကိုခပ်ဆောင့်ဆောင့်ပစ်ချရင်း ချာခနဲလှည့်ထွက်သွားသည်။

"ဘယ်လိုဖြစ်တာလဲကွာ"



www.burmeseclassic.com

www.burmeseclassic.com



နောက်မှ ကပ်ပါလာသောသီဟနှင့် စိုးအောင်က သူ၏ချိုင်းတစ်ဖက်တစ်ချက်တို့မှရင်းဆိုသည်။

"ငါ . . မှောက်လဲတာ၊ လက်ထဲက သစ်သား T(တီ)နဲ့ သူ့ခြေသလုံးသွားနှိုက်မိတယ်"

"မြင်တယ် . . . မင်းလှေကားထစ်တွေကို နှစ်ထစ်သုံးထစ်ကျော်ဖတ်သွားပုံကိုက ကိုးရိုကားယားကြီး ခလုပ်တိုက်လဲတာတောင် နည်းသေး"

စိုးအောင်က ကရုဏာဒေါသောနှင့်ရေရွတ်သည်။ ကျိုးသွားသောသစ်သား T(တီ)လေးကို ကောက်ရင်း ဘေးမှလည်းကောင်း၊ အပေါ်မှလည်းကောင်း ဝိုင်းကြည့်နေကြသူတို့ကြောင့် ရှက်သွားမိသည်။ လူကလည်း အတော်များသည်။ များဆို ဈေးထိပ်မှာကိုး။ ကမ္ဘောဇဘဏ်ရှေ့ပလက်ဖောင်းမှ လမ်းသွားတချို့ပင် လမ်းဒီဘက်ခြမ်းမှာ အုံနေသောလူတို့ကို လှမ်းကြည့်နေကြသေး။

"တောက် . . . ရှက်စရာကြီးကွာ"

သီဟက ခေါင်းကြီးငုံ့ကာ အံကြိတ်ရင်းရေရွတ်သည်။ သို့သော်သူ့ဘာတို့မှမကြား။ သူ့အာရုံ၌ သူမသာကြီးစိုးနေသည်။ သူမ၏ဒေါသမျက်ဝန်းတိုမြင်သောခဏ ရင်၌ပူလောင်သွားရသည်။

"တောက် . . . လက်သံပြောင်ချက်ကတော့ကွာ . . . လွှဲရိုက်ထည့်လိုက်တာများ . . . T(တီ)ပေတံပါးပါးလေးမို့လို့ ခေါင်းမှာသာဆို မင်းခေါင်းထက်ခြမ်းကွဲတယ်"

စိုးအောင်၏စကားကို သူမကြားတစ်ချက် ကြားတစ်ချက်။

"သူ့ခြေသလုံးတော့ တော်တော်နာသွားမှာပဲ"

"ဘာ . . . နာသွားမှာပဲဟုတ်လား၊ တောက် . . . အရေးထဲမှာ သူကပဲ ကိုယ်ချင်းစာနေရသေးတယ်လို့"

"အရှူး"

တစ်ယောက်တစ်ပေါက်ဝိုင်းသမကြသော်လည်း သူစိတ်မဆိုးမိ။ မသိမသာဝမ်းနည်းမိနေသည်မို့ ဘာကိုမှလည်း ခွန်းတုံ့ပြောချင်စိတ်မရှိတော့။

သူ့နားထဲမှာ သီဟပြောသောစကားကို ကြားသည်။





"အဲဒါမှ အကုန်သွားရောပဲ" တဲ့၊ စိုးအောင်ကတော့ "အဲဒါမှ ပွဲသိမ်းတယ်ခေါ်တာ" ဆိုလား။

♠ ♠ ♠



www.burmeseclassic.com

www.burmeseclassic.com



ကွယ် ....
တို့နှစ်ယောက်ရဲ့ ဇာတ်လမ်းအစ
ပက်ပက်စက်စက်ကို မလှပလိုက်ပုံများ ...

www.burmeseclassic.com

www.burmeseclassic.com





“ဟကောင် သူရ . . ဟိုမှာခေါ်နေတယ်”

သီဟ၏ လက်တို့မှုကြောင့် သီဟညွှန်ရာကိုသူကြည့်မိသည်။ မြင်ရသောမြင်ကွင်းက ကိုယ့်မျက်လုံးကိုယ်တောင်မယုံချင်။ သူမ . . သူမတို့ညီအစ်မနှစ်ယောက် လက်ယပ်ကာခေါ်နေသည်။ မယုံရဲ ယုံရဲမို့ ကိုယ့်ကိုယ်ကိုယ်လက်ညှိုးပြန်ထိုးပြတော့ အကြီးမက ‘ဟုတ်တယ်’ဟုခေါင်းညိတ်ပြရင်း “လာခဲ့”ဟုလက်ယပ်ခေါ်ပြန်သည်။ ကင်တင်းထဲမှထကာ မဝံ့မရဲထွက်လာခဲ့သည်။ ယောကျ်ားလေးတွေချည်း ဝိုင်းဖွဲ့ထိုင်နေသည်မို့ ညီအစ်မနှစ်ယောက် လာရဲဟန်မတူ။

အနီးရောက်တော့ သူမက ကိုင်ထားသော T(တီ)ပေတံအသစ်ကလေးကို အကြီးမလက်ထဲသို့ထည့်သည်။

“လမ်းပေါ်မှာ ဒီအတိုင်းကြီးမကောင်းပါဘူး . . လာ ဟို အခန်းရှေ့က စားပွဲမှာ ခဏထိုင်ရအောင်”

အကြီးမ၏စကားကို သူရော သူမပါ လိုက်နာဖြစ်ကြသည်။ အကြီးမဦးဆောင်ရာကို သူရော သူမပါလိုက်ခဲ့ကြသည်။ Civil ဌာန၏ လက်တွေ့ခန်းရှေ့စားပွဲခုံဘေးမှ ခုံများမှာ ထိုင်မိကြသည်။

“ရော့”

အကြီးမထိုးပေးသော T(တီ)ပေတံအသစ်ကို သူကြောင်ကြည့်နေမိ





သည်။

“ဟိုတစ်နေ့က ကိစ္စကို ‘မ’ကပဲတောင်းပန်ပါတယ်၊ ဒါ ‘ပန်း’က အစားပြန်လျော်ပေးတာ၊ ဟိုတစ်နေ့ကကိစ္စကို စိတ်မရှိပါနဲ့နော်”

အကြီးမက အားတုံ့အားနာဖြင့်ဆိုနေချိန်မှာ သူမကတော့ ခေါင်းကိုငုံ့ကာထားသည်။ ကိုယ်တိုင်မပေးချင်ရလောက်အောင် သူ့အပေါ်မှာ သူမစိမ်းသည်တဲ့လား။ သူ အကြီးမလှမ်းပေးသော T(တီ)ကိုလှမ်းမယူဖြစ်။

“ရပါတယ် . . . လျော်စရာမလိုပါဘူး အဲဒီနေ့က ကိစ္စအတွက်လည်း ကျွန်တော်ကျေနပ်ပါတယ်”

ခေါင်းငုံ့နေသော သူမခေါင်းမော့လာသည်။

“ပန်း တကယ့်ကိုတောင်းပန်တာပါ . . . ယူလိုက်ပါလား”

အမိန့်ပေးသည်လည်းမမည်၊ တိုက်တွန်းသည်လည်းမခေါ်၊ တောင်းပန်သည်လည်းမဟုတ်၊ သူမလေသံက အေးအေးငြိမ့်ငြိမ့်။

“ပန်း ကျွန်တော့်ကိုစိတ်မဆိုးဘူးဆိုရင်တော့ ကျွန်တော်ယူမယ်”

အလဲ . . . ကိုယ့်ကိုယ်ကိုယ်တောင် အံ့သြသွားရသည်။ ဒီလိုဆိုတော့လည်း “တယ်ဟုတ်တဲ့ ငါပါလား”ဟု ဘဝင်တောင်မြင့်ချင်ချင်ဖြစ်သွားသည်။

“ပန်း စိတ်မဆိုးပါဘူး”

လက်ထဲကို T(တီ)ပေတံ ဘယ်လိုရောက်လာမှန်းပင်မသိ။

“သက်ရေ . . . သွားရအောင် . . . ခွင့်ပြုပါဦး”

ကြောင်တောင်တောင်နှင့် ငြိမ်သက်နေသော အကြီးမနှင့် သူ့ကိုသူမကတပ်လှန့်လိုက်သည်။ ထွက်ခွာစပြုနေပြီဖြစ်သော သူမကို မသွားစေချင်သေးပါ။

“ပန်း”

သူမက ဆတ်ခနဲလှည့်ကြည့်သည်။ မျက်ဝန်းတို့ကား ပကတိကြည်သင်လျက်။

“ဟို . . . နောက်တွေ့ရင်လည်းခေါ်မယ်နော်”

သူ့အဆိုကို သူမကခေါင်းခါသည်။



www.burmeseclassic.com

www.burmeseclassic.com



"မခေါ်ပါနဲ့"

"ခင်ဗျာ"

"ကျွန်မက ဘယ်ယောက်ျားလေးနဲ့မှ ပတ်ပတ်သက်သက်မနေဘူး ရှင့်၊ အခုတောင်မတတ်သာလို့၊ ကျွန်မဘက်က ရိုင်းဖျသလို ဝတ္တရားမဲ့သလို ဖြစ်သွားမှာစိုးလို့ တောင်းမန်တာ၊ ပြီးသွားပြီလေ၊ နောက် ကျွန်မတို့ပတ်သက် စရာအကြောင်းမရှိတော့ဘူး၊ ခွင့်ပြုပါဦး"

ပြောရင်း လှည့်ထွက်သွားသော 'ပန်း'ကို ကြည့်ရင်း သူအံ့အားသင့် သွားရသည်။

ပြတ်သားလိုက်တာ၊ အားနာပါးနာလေးတောင် 'အင်း' မသွားခဲ့။ ရှက် သည်းရှက်သလို ဒေါသလည်းထွက်သည်။ ယောက်ျားတစ်ယောက်ရဲ့မာနက နိုးကြွလာသည်။ သူမက ဘာမို့တဲ့လဲ။

အံ့ဩစရာတော့ ကောင်းသည်။ ကမ္ဘာပေါ်မှာ ဤမျှစိမ်းကားပြတ် သားလှသော မာကျောသည့်နှလုံးသားပိုင်ရှင်မိန်းကလေး ရှိနေသတဲ့လား။ မှုန်နှံ့နှံ့ သွဲ့သွဲ့ဆံနွယ်ရှည်တို့နှင့် မဟာဆန်သောမိန်းကလေးတစ်ဦးသည် ဤမျှယ် ပြတ်သားလှသည်မှာ သူ့အဖို့တော့ ယုံတောင်မယုံချင်။

ကင်တင်းမှလိုက်လာသော သီဟတို့က "ဘယ်လိုလဲ OK လား"ဟူ သောပုံစံနှင့် "လက်မ"ထောင်ပြရင်းမေးသည်။ ခေါင်းကိုတွင်တွင် ခါရမ်းပြမိ သည်။

"မလွယ်ဘူးကွ။ ဒီမိန်းကလေးက မင်းတို့ပြောသလိုကြွက်သီးထစရာ ကောင်းတယ်"ဟု ရှက်ရှက်ဖြင့် အံကိုကြိတ်ကာတွေးရင်း သူမဝတ်ကျေတန်း ကျေပေးလျော်သွားခဲ့သော T(တီ)ပေတံကို ကျစ်နေအောင်ဆုပ်ထားမိသည်။

ရှန်းကြွနေသော ယောက်ျားတစ်ယောက်၏ သိက္ခာနှင့် မာနတရား တို့ကို "ချစ်ခြင်း" တည်းဟူသော ချစ်စိတ်ကချေဖျက်နေသည်။ ထိုနှစ်ခု၏ ပဋိပက္ခကြားမှာ သူ့နှလုံးသားက ဝုန်းဒိုင်းကြရင်း ကြားညပ်နေရှာသည်။

◆ ◆ ◆



တ သင်ချိန်တစ်ချိန်ပြီးတော့ ထုံးစံအတိုင်း အားလပ်သည့်အချိန်ခဏ ကိုလုကာ အပြင်ထွက်ရန် သီဟနှင့်စိုးအောင်က ထရပ်သည်။ ငြိမ်း ငွေငိုင်ငိုင် နှင့် ထိုင်နေဆဲသူကို အထူးအဆန်းလိုကြည့်သည်။

"ငါ့ကောင် ဣန္ဒြေရလှချည်လား .... ထ ... သွားရအောင်"

သီဟရော၊ စိုးအောင်ပါ Civil မှာ သွားကြည့်စရာကောင်မလေးတွေ တွေ့ထားမြို့ဖြစ်သည်။ လမ်းကြောင်းအသုံးယောက်စလုံးအတူတူမို့ အတူတူ သွားလို့အဆင်ပြေသည်။ အခုတော့ ကိုယ့်ဝမ်းနာကိုယ်သာသိမို့ ငြိမ်နေသော သူ့ကို လာဆွနေကြသည်။ ထိုအနာကို ဖွင့်လည်းဖွင့်မပြရဲ၊ ဒီကောင်တွေက အားမနာ လှောင်မကျိုး နှိပ်ကွပ်တတ်သည်။ သူ ခေါင်းကိုခါပြလိုက်သည်။

"ဟ ဘာဖြစ်တာလဲကွ .. တစ်မျိုးကြီးပါလား"

"ဘာမှမဖြစ်ပါဘူးကွာ ... ငါမလိုက်တော့ဘူး"

မျက်နှာသေလေးနှင့်ငြင်းသည်မို့ ထပ်ခေါ်နေလည်းအပိုပဲဆိုတာ- တွက်မိကြဟန်တူသည်။

"ဒီလိုဆိုလဲ မင်းကိုယ်စား ငမ်းကြည့်(အဲလေ) လှမ်းကြည့်ပေးခဲ့မယ်၊ ဟုတ်ပြီလား"

"အေး"

သူခပ်သွက်သွက်ပဲသဘောတူလိုက်သည်။ သူ့အတွေးမှာ မျက်ခနဲ

www.burmeseclassic.com

www.burmeseclassic.com



စိတ်ကူးရလိုက်လို့ဖြစ်သည်။ သီဟနှင့်စိုးအောင် နှစ်ယောက်တည်း သူမတို့အတန်းရှေ့မှဖြတ်သွားချိန်မှာ ရှေ့ဆုံးခုံမှာထိုင်သော 'ပန်း'တို့နှစ်ယောက်သတိမထားမိဘဲနေမှာမဟုတ်။ ဒီတစ်ခါ ပါမလာသောသူ့အပေါ် 'ပန်း'တို့ ဘယ်လိုတုံ့ပြန်မည်ဆိုတာကို သူသိချင်သည်။ မိန်းကလေးဆိုသည့် ကောင်မလေးတွေ၏စိတ်ကား တစ်ခါတရံ၌မှန်းဆ၍မရအောင် ဆန်းကြယ်နေတတ်သည်။ ထို့ကြောင့် တတ်သလောက် မှတ်သလောက် ပညာလေးနှင့်စမ်းသပ်ကြည့်ချင်သည်၊ တစ်ခါတရံ "ရှုပါထက် ဇာ္ဇာဟာက တာ"သွားသည်မဟုတ်ပါလား။

ဆရာမဝင်ခါနီးမှာပဲ သီဟနှင့် စိုးအောင်ပြန်ရောက်လာသည်။ 'ပန်း'၏အနေအထားကို ကိုယ်က စ,မေးလို့မဖြစ် . . . ဒီကောင်တွေကညစ်သည်။

"ဟကောင် . . . သူရ"

"ဆို"

"မင်း ဝမ်းသာတော့"

သီဟစကားကြောင့် သူ ရင်'လိုက်'ခနဲဖြစ်သွားရသည်။ မျက်နှာသေလေးတလည်း လုပ်ထားရသေးသည်။ ဒါမှလည်း ဟိုကောင်တွေရဲ့နှိပ်ကွပ်ချင်ကြသောစိတ်ကိုဖိထားနိုင်မှာဖြစ်သည်။ သူတို့အမြင်မှာ ကရုဏာသက်စရာလေးဖြစ်နေပါမှ ပြောပြချင်စိတ်လည်းရှိမည်ကိုး . . .။

"ငါနဲ့စိုးအောင်နဲ့ 'ပန်း'တို့အတန်းရှေ့ကနေ ဖြတ်လျှောက်သွားတော့မင်းရဲ့'ပန်း'က မင်းကိုရှာနေတယ်ကွ . . ငါတို့ဘေးမှာ မင်းပါမလာတာလည်းသိရော ခေါင်းကြီးငုံ့သွားလိုက်တာများ မင်းကိုမြင်စေချင်တယ်"

"ဟုတ်တယ်ကွ . . . ငါတို့နှစ်ယောက်ကိုမြင်တာနဲ့ သိသိသာသာကြီးကိုဘေးဘီကြည့်ပြီးရှာတော့တာ၊ ငါတို့ အဲဒါပြောပြချင်လွန်းလို့ အမြန်ပြန်လာတာ၊ ငါတို့ကောင်မလေးတွေကိုတောင် ကောင်းကောင်းမကြည့်ခဲ့ရဘူး"

ဒီလိုကျပြန်တော့လည်း ဆရာသမားနှစ်ယောက်က ထိုင်ရှိခိုးချင်စရာကောင်းလောက်အောင်ကို လေးစားစရာကောင်းနေပြန်သည်။

"မင်းတို့ဟာက သေချာရဲ့လားကွာ၊ ငါစိတ်ချမ်းသာအောင်ပြောပေးနေတာလား"





မယုံရဲ ယုံရဲမို့ ဝမ်းသာချင်ချင်ဖြစ်နေသောစိတ်ကိုအောင့်အည်းကာမျက်နှာသေလေးနှင့် သေချာအောင်ထပ်မေးရသေးသည်။

"မင်းကို သနားလို့အမှန်အတိုင်းပြောပြတာပါကွာ"

"အေးလေ . . . ကြက်ကြီးလည်လိမ်ဖြစ်နေလို့ . . . အမှန်အတိုင်းဘာမှမစားမသောက်ရပါဘဲ ပြောပြရတာ . . . တကယ်ဆို ဒီလိုဟာမျိုးကတစ်ခုခုတော့ စားလိုက်သောက်လိုက်ရမှ ပြောပြလို့ OK တာမျိုး"

ဒီလောက်ဆိုလျှင်တော့ ယုံကြည်လိုက်နိုင်ပြီဖြစ်သည်။ 'ပန်း'သည်သူ့ကိုရှာဖွေနေခဲ့သည်တဲ့လား။ ရင်ဘတ်ထဲ၌ လှိုက်ခနဲဝမ်းသာသွားရသည်၊ ရင်ခုန်သံတို့ကလည်း စည်းချက်မမှန်ချင်တော့ . . . ဝမ်းသာသွားမိသည်ကိုး၊

'ဖျတ်'ခနဲ ဟိုစဉ်က ပြောခဲ့သောပန်း၏စကားကိုပြန်ကြားယောင်သည့်ခဏ ပျော်ရွှင်မှုတို့က ဆောင့်ကျသွားခဲ့သည်။ ရင်ထဲ၌ မာနတရားတို့တပြန်လည်ကိန်းအောင်းလာပြန်သည်။

"မင်း ဘာဖြစ်နေတာလဲ . . . တစ်ခုခုတော့ တစ်ခုခုပဲ"

"ငါ . . . ပန်းပြောသွားတဲ့စကားကို ပြန်သတိရလို့ပါကွာ။ "ပြီးသွားပြီလေ"တဲ့။ "နောက်ကို ကျွန်မတို့ပတ်သက်စရာအကြောင်းမရှိတော့ဘူး"ဆိုပြီး ပြောသွားတာကိုပေါ့"

"မင်းက မာနပြိုင်ချင်နေတာလား"

သီဟမေးသော အမေးကထိသည်။ မာနပြိုင်နေတာလား . . . တဲ့၊

"အဲဒီလိုတော့ မဟုတ်ဘူးပေါ့ကွာ၊ ဒါပေမယ့် ခါးခါးသီးသီးကြီး မီးနီပြနေတဲ့ မိန်းကလေးတစ်ယောက်ဆီကို ဇွတ်ချဉ်းကပ်ဖို့ ယောကျ်ားတစ်ယောက်ရဲ့သိက္ခာဆိုတာကတော့ ရှိနေသင့်တယ်လေ"

"ကျွတ်"

စိုးအောင်က စိတ်မရှည်သလို စုပ်သပ်သည်။ သူ့ကို အတွေးခေါင်သည်ဟု ထင်နေဟန်တူသည်။

"မင်းတို့သာ ငါ့နေရာမှာဆိုရင် ငါ့လိုပဲတွေးမိမှာပဲ"

"ဟင့်အင်း . . . မတွေးဘူး"



www.burmeseclassic.com

www.burmeseclassic.com



သီဟက စကားကိုရှေ့ဆက်သည်။

"ငါသာဆို မင်းလိုတစ်ကိုယ်ကောင်းဆန်ပြီး ယောကျ်ားသိက္ခာဆိုတာ ကြီးကို ရှေ့ထားပြီးကိုယ့်ကိုယ်ကိုယ်ဟန်ဆောင်မနေဘူး၊ 'ပန်း'က မိန်းကလေးကွ မင်းသိထားဖို့က ဘယ်မိန်းကလေးကမှ"ရှင်ကျွန်မကို လာပတ်သက်ပါ"လို့ မ ဖိတ်ခေါ်ဘူး။ သေချာတယ်။ ဒါ သူတို့ရဲ့ကျွန်ခြေနဲ့အမျှားကြီးသက်ဆိုင်နေတာယ် လေ။ ဒီတော့ မင်းသူကို နားလည်ပေးမှဖြစ်မယ်။ သူ့ဘက်ကတော့ မင်းကို ရေလာမြောင်းပေးလုပ်နေမှာမဟုတ်ဘူး။ သူက မိန်းကလေးပီသတဲ့မိန်းကလေး တိုး"

သီဟပြောတော့လည်း ဟုတ်သလိုလိုရှိသည်။ သူ့ဘက်က မလိုအပ် သောမာနတွေထားမိနေပြီလားမသိ။

"ငါကတော့ မင်းသာဌွဲရှိရှိကြိုးစားမယ်ဆိုရင် 'ပန်း'အနေနဲ့ မင်းကို လက်ခံမယ်လို့ထင်တယ်။ ဒီနေ့သူ မင်းကိုရှာနေတဲ့မျက်လုံးတွေကို ငါဖတ်မိ နေတယ်"

"ဟုတ်တယ် . . သူရ . . မင်းရဲ့ဘာမှအသုံးမဝင်တဲ့ မာနတွေ၊ သိက္ခာတွေကိုခေါက်ထားလိုက်စမ်းပါ။ တကယ်ချစ်တဲ့အချစ်မှာ အဲဒါတွေရှိ နေလို့မရဘူး . . . မရှိသင့်ဘူး"

သူ ခေါင်းမညိတ်မိသလို ခေါင်းလည်း မခါမိ။ ဆရာဝင်လာသည်မို့ သူတို့စကားပြတ်သွားကြသည်။ သူတို့စိတ်တွေကို စာထဲမှာနှစ်လိုက်ကြသည်။

● ● ●



"ဘယ် လို"

သူ့စိတ်ထဲရှိသော အစီအစဉ်ကိုပြောပြတော့ စိုးအောင်က နားမရှင်းသည်မို့ "ဘယ်လို" ဟုပြန်မေးသည်။

"ဒီလိုလေ . . မင်းတို့ပြောသလိုဆိုရင် ငါတို့သုံးယောက်တတွဲတွဲ ရှိနေတဲ့ကြားက မင်းတို့နှစ်ယောက်ကိုပဲမြင်တော့ သူလိုက်ရှာနေတယ်ဆိုတာ လေ။ ငါ . . . ဒီနေ့ညနေခင်းလည်း သူတို့နဲ့ ကားအတူတူလိုက်မစီးဘူး။ တခြားကားနဲ့လိုက်ခဲ့မယ်။ မသိစေသာအကဲခတ်ကြည့်ပါလား။ ပိုသေချာသွား အောင် . . ဟုတ်ပြီလား"

ရှင်းပြသမျှကို နားထောင်ပြီး စိုးအောင်နှင့်သီဟက တစ်ယောက်ကို တစ်ယောက်ကြည့်သည်။ ပြီး မျက်နှာငယ်လေးနှင့် Request လုပ်နေသော သူ့ကို သနားဟန်ဖြင့်ခေါင်းညိတ်ပြသည်။ ကျောင်းဆင်းပြီမို့ သုံးယောက်သား စကားပြောရင်း လျှောက်လာကြခြင်းဖြစ်သည်။

"အဲဒါဆို မင်း ငါတို့နဲ့မလိုက်ခဲ့နဲ့တော့။ ရော့ . . ဒီဦးထုပ်ကိုခပ်ကုပ် ကုပ်ဆောင်းထား၊ ဟိုဘက်ကားကနေမင်းလည်းအကဲခတ်နေပေါ့။ ကားတစ်စီး နဲ့တစ်စီးသိပ်ကွာမှာမဟုတ်ဘူး၊ တွေ့လား သုံးလေးစီး ကျောင်းပေါက်ဝမှာ ထပ် နေတယ်"

ပြောရင်းဆိုရင်း ၁ှမ်းပေးသော သီဟ၏ဦးထုပ်ကိုလှမ်းယူကာ

www.burmeseclassic.com



မျက်နှာတစ်ဝက်လောက်ထိအုပ်မိအောင် ခပ်ကုပ်ကုပ်ဆောင်းလိုက်သည်။

သစ်ပင်အောက်ရှိ ခုံတစ်ခုံမှာ ထိုင်ရင်းအတော်ကိုအလှမ်းဝေးသွားပြီဖြစ်သောသီဟတို့ကို လှမ်းကြည့်နေဖြစ်သည်။ သီဟတို့ကျောင်းဝင်းအပြင်ရောက်တော့မှ သူခုံမှထရပ်သည်။ ဖြည်းညင်းစွာလျှောက်ရင်း ခေါင်းကိုငိုက်စိုက်ချထားရသည်။

ကားသုံးလေးစီးက ကျောင်းပေါက်ဝမှာရပ်ထားသည်။ တစ်စီးပြီးတစ်စီး လူပြည့်သည်နှင့်ထွက်ကြမှာဖြစ်သည်။ နောက်ထပ်လာသော ကားများကလည်း ခုမှတန်းစီတုန်းဖြစ်သည်။

သီဟနှင့် စိုးအောင်တို့ကို လူပြည့်လုပြည့်ခင်ဖြစ်နေသော ကားတစ်စီးပေါ်မှာ သူတွေ့သည်။ နောက်ထပ် ထွက်မည့်ကားပေါ် သူ ခပ်သွက်သွက်တက်လိုက်သည်။

"ပန်း. . . သူ့ကို တိတ်တခိုးရှာနေမည်လား" ဟုတွေးမိချိန် ကြည်နူးမှုတစ်ခုက ရင်၌ဖြတ်ကာစီးသည်။ ဒီအချိန်ဆို သီဟနှင့်စိုးအောင်နှစ်ယောက်တိုသာတွေ့ပြီး သူမပါမှန်းသတိထားမိချင်ထားမိလောက်ပြီ။

ကျောင်းသူကျောင်းသားများက အုပ်စုလိုက်တွေမို့ လူကွဲမည်စိုး၍ လူတစ်ယောက်နှစ်ယောက်သာလိုတော့သော ရှေ့ကားမှာမတက်ကြဘဲ နောက်ထွက်မည့်သူရှိနေသော ကားပေါ်တက်လာကြသဖြင့် နောက်ကားကလူအရင်ပြည့်တော့မလိုဖြစ်နေသည်။

သိပ်မကြာလိုက် ကားနှစ်စီးစလုံး ရှေ့ဆင့်နောက်ဆင့်ထွက်သည်။ 'ပန်း'တို့စီးသောကားက ရှေ့မှဖြစ်ပြီး သူစီးသောကားကနောက်မှဖြစ်သည်။

ကားနှစ်စီးက လမ်းမှခရီးသည်တို့ကိုလည်း ဆင်းသွားသော(လွတ်သွားသော)ခုံနေရာများမှာတင်သည်မို့ ဟိုမှာရပ်လိုက်၊ ဒီမှာရပ်လိုက်။ ကားတစ်စီးက မှတ်တိုင်တစ်ခုမှာရပ်ကာ လူအတင်အချလုပ်နေချိန်မှာ ကျန်တစ်စီးကကျော်တက်သည်။ ဤသို့တစ်ချိန်လုံးဖြစ်နေချိန်မှာ သူစီးသောကားက သူမတို့စီးသောကားကိုကျော်သွားတိုင်း ကားရှေ့ခန်းမှပန်းရော . . . သက်သက်ပါမျက်လုံးဝေ့ကာ ရှာနေသည်ကိုသူမြင်သည်။ လူတွေက သူ့ရှေ့မှာ ညပ်သပ်ပိတ်





ဆို့နေသည်မို့ သူ့ကိုတစ်ဖက်ကားပေါ်မှ မြင်နိုင်ရန်မလွယ်ပါ။ သူကသာ 'ပန်း'တို့နှစ်ယောက်ကိုမြင်နေရသည်။

ကားတစ်စီးနှင့်တစ်စီး ကပ်ကျော်တိုင်းသိသိသာသာကြီး မျက်လုံးဝေ့ကာရှာနေသော 'ပန်း'တို့ကိုသူမြင်နေရသည်။ ပျော်ရွှင်မှုတို့ကြောင့် ရင်ခုန်သံတို့က ဝုန်းဒိုင်းကြဲနေသည်။ ဖြစ်နိုင်လျှင် "ကိုယ်ဒီမှာ ပန်းရေ"ဟု ကားထဲကနေခေါင်းပြူထွက်ပြကာ အော်ပစ်လိုက်ချင်သည်။

ကားနှစ်စီးက သူမသာ ကိုယ်မသာကပ်ကပ်ကာ ကျော်နေကြသည်။ ဂိတ်ဆုံးမှာရောက်တော့ သူစီးလာသောကားက အရင်ဝင်သည်။ ပန်းတို့၏ ကားကတစ်မှတ်တိုင်စာလောက် ပြတ်ကျန်ခဲ့သည်။

ဂိတ်ဆုံးကိုရောက်ရောက်ချင်း ကားပေါ်က အမြန်ဆင်းပြီး အေးသာယာသို့ဆင်းမည့်ကားများထဲမှ လူလွတ်သော ဘေးချင်းယှဉ်လျက်ရှိနေသည့် ကားတစ်စီးပေါ် တက်ထိုင်လိုက်သည်။ အဲဒီအချိန်မှာပဲ 'ပန်း' တို့စီးလာသော ကားဝင်လာသည်။ သူစီးလာသော ကားပေါ်မှလူများက တဆိတ်နှင့်ဆင်းနေကြတုန်း။

ရှေ့ခန်းမှ ဆင်းလာသော'ပန်း'နှင့် 'သက်သက်'က အရင်ဝင်သော ကားပေါ်မှဆင်းလာသောလူတို့ကိုကြည့်နေသည်။ ကားပေါ်မှာလူကုန်သောအခါ သူမတို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက်ကြည့်နေကြသည်။ ပြီးမိန်းလမ်းမဆီလျှောက်ရင်း နောက်သို့တစ်ချက်တစ်ချက် လှည့်လှည့်ကြည့်သည်။

နောက်ခန်းမှဆင်းလာသော သီဟနှင့် စိုးအောင်ကလည်း ဘေးဘီကိုဝေ့ဝဲကြည့်ကာ သူ့ကိုရှာသည်။ သူ ပန်းတို့မမြင်အောင် ကားများနှင့်ကွယ်ကာလက်ခေါက်မှုတ်လိုက်တော့ သကောင့်သားနှစ်ကောင်က အသံလာရာကိုကြည့်သည်။ သူ့ကိုမြင်သည်။

"သွားသွား" ဟုလိုက်သွားခိုင်းတော့ ခေါင်းညိတ်ပြရင်း ပန်းတို့နောက်ကိုခပ်သွက်သွက် နှစ်ယောက်သားလိုက်သွားကြသည်။

ပန်းတို့အတော်လေး ခပ်လှမ်းလှမ်း ရောက်လောက်ပြီဆိုမှ ကားနှစ်စီး



www.burmeseclassic.com

www.burmeseclassic.com



ကြားတ သူထွက်သည်။ ပြီး မြို့မဈေးနောက်လမ်းကနေ ဖြတ်ကာ နာရီစင်ဘက်လျှောက်သည်။ ပြီး နာရီစင်ဘက်မှမိန်းလမ်းမဘက်ကို ခပ်သွက်သွက်လျှောက်သည်။ ပန်းတို့က မိန်းလမ်း(နှစ်လမ်းသွား)၏အနောက်ဘက်ခြမ်းမှ သွားနေတျ။ သူက အရှေ့ဘက်လမ်းကနေ ခပ်ခွာခွာလိုက်ကြည့်ရမည်။

သူမိန်းလမ်းပေါ် ရောက်ချိန်မှာ 'ပန်း'တို့နှစ်ယောက်၏ အရိပ်အယောင်တိုတောင်မတွေ့ရတော့။ တကယ်တော့ သူအမြန်ပြေးလာခဲ့ခြင်းဖြစ်သည်။ မီကိုမီရမည်။ သူကများစောရောက်နေသလားဟု 'ပန်း'တို့လာမည့်ဘက်တိုလှည့်အကြည့်။

"ဟိုက်"

နောက်ကျောမှာရပ်နေကြသော ပန်းနှင့်သက်သက်။ သူ ကမန်းကတန်းဦးထုပ်ကိုဆွဲချသော်လည်း မမီတော့။

'ဒိုင်း'ခနဲ မျက်စောင်းထိုးကာ 'သက်သက်' ကို ဆတ်ခနဲဆွဲရင်း သူ့ကိုရှောင်ကာ ထွက်သွားသောပန်းကိုလိုက်ကြည့်ရင်း ရှက်အမ်းအမ်းကြီးဖြစ်ကာ သူနေရာမှာပင်ရပ်ကျန်ရစ်ခဲ့သည်။ အဲဒီအချိန်မှာ သီဟတို့ရောက်လာသည်။

"တကောင်တွေ ငါတော့"

"မြင်တယ်"

"တောက် . . . ကြုံမှကြုံတတ်တယ်"

သူရှင်းပြရန်ကြိုးစားသော်လည်း ဟိုနှစ်ကောင်ကမြင်ပြီးသိပြီးဖြစ်နေလေပြီ။ စိတ်ညစ်ညစ်နှင့် ဗန္ဓုလရုပ်ရှင်ရုံအနောက်ဘက်ရှိ "ပန်းအလက်ာ" ကဖေးမှာထိုင်ဖြစ်ကြသည်။

"တောက် . . . ငါတို့က ငါတို့ကောင်မလေးနောက်ကိုတောင် လိုက်တာမဟုတ်ဘူး၊ မင်းကိုသက်သက်လိုက်ကူတာ . . ရလဒ်ကမတန်လိုက်တာကွာ . . ခွီးတဲ့မှပဲ"

"ပြောမနေပါနဲ့တော့ကွာ"

သီဟနှင့်စိုးအောင်က မကျေမချမ်းနှင့်ရေရွတ်နေကြသည်။ သူ့အတွက်စေတနာနှင့်ကြေကွဲနေကြသော ဘော်ဒါနှစ်ကောင်ကိုကြည့်ရင်း





အမျိုးအမည်ခွဲရန်ခက်သော ခံစားမှုကလှိုက်တက်လာသည်။

သေချာတာကတော့ ခုချိန်ထိ ကံတရားက သူ့ကိုမျက်နှာသာမပေးသေးတာပဲဖြစ်သည်။ မြသုခရုပ်ရှင်ရုံလမ်းဆုံရှေ့ မီးပွိုင့်အထိလမ်းလျှောက်ရင်းလိုက်ပို့နေကျ တာဝန်တစ်ခုပျက်ကွက်သွားပြန်သည်မို့ ရင်၌တစ်ဆို့ဆို့ကြီးဖြစ်ကာနေသည်။

မလွယ်လှပါလား 'ပန်း' . . .၊ 'ဒိုင်း' ခနဲမျက်စောင်းထိုးသွားသောပန်းကို ပြန်မြင်ယောင်သည့်ခဏ ရင်၌ပူခနဲခံစားရသည်။ သူကြိုးစားပမ်းစား မစောက်မခေါက် အားထုတ်ထားသည့် သူ့ရဲ့ဇာတ်ကွက်ဟာကို ('ပျင်းတောင်ပျင်းသေးတယ်'လို့)ပန်းတွက်ဆသွားလေသလား။ သို့တည်းမဟုတ် ခါးခါးသီးသီးများ ချွင်သွားလေပြီလား။

ဟုတ်မလိုလိုနှင့် တကယ်တမ်းကျတော့ ဘာမှမဟုတ်။ တကယ်တမ်းသူခံစားကာ သိရှိနေသည်က . . 'ပန်း'ထိုးသွားသောမျက်စောင်းက တကယ့်ကို စိတ်ပါလက်ပါဖြင့် မုန်းတီးခါးသီးနေသော (သူ့ကိုလိုက်နှောင့်ယှက်နေ သူတော သူမဘက်ကသတ်မှတ်ထားသော)လူတစ်ယောက်ကိုထိုးသည့်ခါးသီးသော မျက်စောင်းဆိုတာကိုဖြစ်သည်။

တကယ့်ကို "ခါးခါးသီးသီး" ကြီး။

စိတ်ပျက်ပျက်ဖြင့် သက်ပြင်းကို ဘယ်နှကြိမ်မြောက်မှန်းမသိချမိသည်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးရယ်
နှင့်ရဲ့ မျက်စောင်းက
အစိမ်းရောင်အတိနဲ့ပြင်းထန်လွန်းလို့
ငှါ့ရင်တစ်ခုလုံး ဆို့သွားလိုက်ရပုံများ
အဲဒီမျက်စောင်းမှာ
နှင့်ရဲ့ တစ်သက်စာ ...အမုန်းတွေများ
ပါနေလေရော့သလား ....
ကွယ် ....
ကိုယ်အရမ်းချစ်ရတဲ့
ကောင်မလေးရဲ့ ကိုယ့်အပေါ်တုံ့ပြန်မှုက ...
"ခါးခါးသီးသီး"တဲ့လား ...



ငါဆိုတဲ့ကောင်က
နှင်နဲ့ပတ်သက်လာရင်
ဘယ်လောက်ပဲ နှင့်ဘက်ကခါးသီး ခါးသီး
ရင်စည်းခံမယ့်ကောင်လေ ...။

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းသားအားကစားပွဲလုပ်မည်ဆိုတော့ သူတို့ Section B က ယောကျ်ားလေးနှစ်ကျကျောင်းသားဟောင်းများနှင့် ဘောလုံးဝါသနာရှင် ကျောင်းသားသစ်များက ဘောလုံးတစ်သင်းစာဝင်ကြသည်။ သူကစစ်တုရင် မှာဝင်ပြိုင်ပြီး သီဟနှင့်စိုးအောင်က ဘော်လီဘော အသင်းမှာ ဝင်ကြသည်။

Section B ရှိ ရှားရှားပါးပါးကောင်မလေး(၁၁)ယောက်စလုံးကလည်း ဘော်လီဘောတစ်သင်းစာအဖြစ် စာရင်းပေးကြသည်။

"နီနီ နင်တို့ကလည်းဟာ ဘောလုံးတစ်သင်းစာပြည့်နေ ရဲ့သားနဲ့ နင်တို့ မိန်းကလေးတွေ ဘောလုံးပဲကန်ကြပါတော့လားဟ"

"ဟဲ့ စိုးအောင် ငါတို့မိန်းကလေးတွေက ဒီလိုမေဂျာမှာ ရှေ့ ရှားတာ နင်လည်းသိသားနဲ့"

မဆီမဆိုင်ကြီး 'ရှား'နေသော နီနီ၏စကားကြောင့် စိုးအောင်က "မှားပါ ေ ၁် အကြံပေးမိတာကိုက" ဟုရေရွတ်သည်။ နီနီက စကားကို ဆက်သည်။

"အဲဒီလို ရှေ့လိုရှားတဲ့ အင်မတန်ကြံ့ခိုင်တဲ့ ငါတို့နဲ့ ဘယ်မေဂျာက ကျောင်းသူမှ ယှဉ်ပြီးကန်ရဲမှာတဲ့လဲ"

"ပြောပြလိုက်စမ်းပါ"





"ပြောပြလိုက် ပြောပြလိုက်"

နီနီ၏ဘေးမှ စုစုအောင်နှင့်အေးအေးရွှေက ထောက်ခံကြသည်။ တကယ်တမ်းကျတော့ မိန်းကလေးတွေက ဘော်လီဘောပဲနှစ်စဉ်လိုလိုကစား ဖြစ်တာများသည်။

"ဒီတော့ ငါတို့ ရွေးဆုယူမယ့် ရွှေအသင်းကို စိုးအောင်နဲ့သီဟာစာ နည်းပြလုပ်၊ ဟိုကောင် သူရက စစ်တုရင်ဆိုတော့ ဉာဏ်ကြီးပဲသိပ်အားကိုးနေ လို့မရဘူး။ ကံကိုလည်း အားကိုးရမယ်"

"ဒီတော့"

မခမ်းဆိုင်၏စကားကိုနီနီက 'ဒီတော့'ဟုဝင်ထောက်ပေးသည်။

"ဒီတော့ ကံကောင်းအောင် ငါတို့မိန်းကလေးဘော်လီဘောအဖွဲ့ကို ရေပူရေချမ်းကမ်းလှမ်းရမယ်"

"ခွီး ခွီး"

မခမ်းဆိုင်၏စကားကြောင့် သီဟာနှင့်စိုးအောင်က တခွီးခွီးရယ်ကြ သည်။ 'ဘာမှမဆိုင်ဘူး'ဟု သူခပ်တိုးတိုးရွတ်တော့ နီနီကကြားဖြစ်အောင်ကြား သည်။

"ဘာလဲ နင်က ကိုယ့်မေဂျာကို အားမပေးဘဲ၊ ဘယ်မေဂျာက ကျောင်းသူတွေကို သွားအားပေးချင်နေလဲမှမသိတာ"

"အေး ဟုတ်တယ် ပြောစမ်း၊ နင်ငါတို့ရဲ့ ရွှေသရဖူယူမယ့် အသင်း ကို အားမပေးဘဲ ဘယ်ပြုတ်စော်နံတဲ့အသင်းမှာသွားအားပေးမှာလဲ"

"မဟုတ်ပါဘူးဟ"

"အေး နဂိုကမှ ပါးကန္တာရခြေရာခွက် နှစ်ခွက်ဖြစ်နေတာ ငါတို့ဘော် လီဘောနဲ့ရောရိုက်လိုက်ရ မျက်နှာတစ်ခုလုံး ရစရာမရှိဖြစ်တော့မယ်"

အေးအေးရွှေ၏ခြိမ်းခြောက်မှုက ကြမ်းသည်။ နေရင်းထိုင်ရင်းနှင့် သူ့ပါးချိုင့်က နွားခြေရာခွက်ဖြစ်လိုဖြစ်။

အားလုံးကတော့ တစ်ယောက်တစ်ပေါက်စီ တက်ကြွလို့နေကြသည်။

• • •

www.burmeseclassic.com

www.burmeseclassic.com



“မင်းရဲ့ ‘ပန်း’လည်း ဘော်လီဘောရိုက်တယ်ကွ”

“ဟေ”

စိုးအောင်၏သတင်းကြောင့် ရွှေအံ့အားသင့်သွားရသည်။ လူပုံကန္တဲ့နှင့်သူမသည်လည်း အားကစားမှာဝါသနာပါသည်ကိုး။

“ညီအစ်မနှစ်ယောက်စလုံးလား”

“နေဦး . . . ငါတို့ထင်နေတာမှားနေတယ်။ ‘ပန်း’ နဲ့ ‘သက်သက်’ နဲ့တညီအစ်မမဟုတ်ဘူးတဲ့ကွ”

“ဟေ”

ဒုတိယမ္ဘိ အံ့အားသင့်ရပြန်သည်။

“အိမ်နီးနားချင်းတဲ့။ မူလတန်းလောက်ကတည်းက သူငယ်ချင်းတဲ့၊ တစ်ယောက်နဲ့တစ်ယောက်ညီအစ်မလို အရမ်းချစ်ကြတာတဲ့”

“ဩော်”

“မဩော်သေးနဲ့ဦး”

သီဟက လက်ကာပြရင်းဆိုသည်။

“ပွဲဦးထွက် ပွဲမှာ ငါတို့ Section နဲ့ပန်းတို့ Section က ဆုံးစွာ ထိပ်တိုက်တွေ့တယ်”

“ဟာ”





“မဟာနဲ့ မဲလိပ်နှိုက်ဆုံးဖြတ်ကြတာပဲ၊ MT မေဂျာလည်းဒီလိုပဲ Section နှစ်ခုတွေ့ကြတယ်”

ခွကျပြီဟုသူတွေးဖြစ်သည်။ ‘တစ်အုပ်စုတည်း တစ်ပွဲတည်းမှာမှ ဆုံတတ် ပလေ’ဟုလည်းတွေးမိသည်။

“နောက်ပြီး မင်းကိုတစ်ခုပြောပြရဦးမယ်သူရ”

“ပြော”

“မင်း ‘ပန်း’ကိုသွားသွားရစ်နေတာ ငါတို့အတန်းကကောင်မလေးတွေသိကုန်တယ်”

“ဟိုက်”

နဖူးကိုလက်ဝါးနှင့်မရိုက်မိရုံတမယ် အံ့အားသင့်ရသည်။ ဒီလောက် တောင်သတင်း Current ကမြန်သတဲ့လား”

“အဲဒါ ကြိမ်းနေကြတယ်။ ဟိုဘက် အသင်းအားပေးလို့ကတော့ ဝိုင်းသမမလို့ဆိုလားပဲ”

“ဟေ”

ပြောနေဆိုနေကြတုန်း နီနီနှင့်အသင်းခေါင်းဆောင်မခမ်းဆိုင်ရောက်လာသည်။ မခမ်းဆိုင်က သူတို့ထဲမှာအသက်အကြီးဆုံးအစ်မကြီးဖြစ်သည်။

“ဟဲ့ အကောင် သူရ လာဦး”

မခမ်းဆိုင်က ခါးကို လက်ကောက်ဝတ်နှစ်ဖက်နှင့်ထောက်ရင်းလှမ်းခေါ်သည်။

“ခင်ညာ”

သူတမင်ရွဲ့ထူးထူးလိုက်သည်။ နီနီကတော့ သူ့ကိုမျက်စောင်းထိုးသည်။ ဘာအကြောင်းပြချက်မှလည်းမရှိပါဘဲ တစ်ခုခုတော့ ထူးခြားသည်။

“ရော့ ပိုက်ဆံတစ်ထောင်၊ ခဏနေရင် ဘောလုံးကွင်းထဲလာခဲ့”

“ဗျာ”

“နေဦး ငါပြောတာဆုံးအောင်နားထောင်၊ ဒီပိုက်ဆံနဲ့ လိုတာစိုက်ဦး အအေးပါဆယ်ဝယ်၊ ပြီးရင်ငါတို့လေ့ကျင့်ခန်းလုပ်နေတဲ့နေရာလာပို့၊ အခု



www.burmeseclassic.com

www.burmeseclassic.com



မတုတ်သေးဘူး နာရီဝက်လောက်ကြာမှလာခဲ့၊ ပါဆယ်က ဆယ့်တစ်ထုပ်ပဲ ဝယ်နော်၊ နည်းပြတွေသူတို့စရိတ်နဲ့သူတို့သောက်ပစေ"

"ဟူး"

မခမ်းဆိုင်၏စကားဆုံးတော့ ကျွန်တော်သက်ပြင်းကို လိုအပ်တာထက်ပိုပြီး ချပစ်လိုက်သည်။ မခမ်းဆိုင်ကမသိချင်ယောင်ဆောင်နေသော်လည်း နီနီကတော့ ဘယ်နှကြိမ်မြောက်မှန်းမသိသော မျက်စောင်းကို ခပ်ဆောင့်ဆောင့်ထိုးသည်။ ပြီး-

"မမ ဟိုဥစ္စာပြောထားလိုက်ဦးလေ"

ဘာမှန်းမသိ။ သူမတို့ဘာသာ ဘာတွေတိုင်ပင် ဇာတ်တိုက်ထားမှန်းမသိသော မခမ်းဆိုင်မေ့နေတာကို နီနီကသတိပေးသည်။

"အေးဟုတ်တယ် ငါတို့ နှင့် Section A နဲ့တွေ့တဲ့နေ့မှာ နင်ငါတို့ဘက်ခြမ်းမှာပဲရှိနေပါစေ၊ ခိုးကြောင်ခိုးဝှက်နဲ့ Section A ကိုအားပေးလို့ကတော့ အတွေ့ပဲ"

"ဝှတ်ကဲ့"

"ပြောင်ချော်ချော်မလုပ်နဲ့ အတည်ပြောတာ"

နီနီကပါဝင် ကောလိုက်သေးသည်။ နှင့် Section A တဲ့။ မုန့်ဆိုကြော်တာတော့ ဘယ်မှာမှန်းမသိ။ ရာဇသံတွေဘာတွေကတော့ လက်ခံနေရပြီဖြစ်သည်။

မခမ်းဆိုင်နှင့် နီနီထွက်သွားသော သီဟနဲ့စိုးအောင်က 'ဘယ့်နှယ်ရှိစ'ဟုဝခုံးတွန်းပြရင်း သူမတို့နောက်ကပ်လိုက်သွားသည်။ နည်းပြတွေကိုး။

♣ ♣ ♣





နာရီဝက်လောက်ကြာတော့ ကင်တင်းမှ အအေးဝယ်ကာ ပါဆယ်ဆယ့်သုံးထုပ်ကို ပိုက်တန်းလန်းနှင့်ဆွဲကာ ကျောင်းဘောလုံးကွင်းဆီသို့ထွက်လာခဲ့သည်။

ဆံပင်ရှည်ရှည်နှင့် ဘော်လီဘောပုတ်နေသော 'ပန်း'ကို အဝေးမှ လှမ်းမြင်နေရသည်။ 'ပန်း'တို့ Section A မှကောင်မလေးများက သူတို့ Section B မှ ကောင်မလေးများနှင့် မလှမ်းမကမ်းမှာ လေ့ကျင့်နေကြခြင်းဖြစ်သည်။

အအေးပါဆယ်ဆွဲကာ လျှောက်လာရင်းက 'ပန်း'တို့ကိုစချင်လာသည်။ သူ 'ပန်း'တို့အုပ်စုရှိရာကို ဦးတည်ကာလှမ်းလိုက်သည်။

သက်သက်က သူ့ကိုလှမ်းမြင်သည်။ ပန်းကိုလှမ်းပြောလိုက်တာကိုလည်း သူမြင်နေသည်။ သူမတို့စိတ်ထဲမှာ 'ဒီကောင်တော့ ပိုးကြေးပန်းကြေးနဲ့ အအေးဗျွေလာတိုက်နေပြီ'ဟုထင်နေဟန်တူသည်။ သက်သက်ကသာလှမ်းစလိုက်သည်မသိ။ ပန်းကသူ့ကိုတစ်ချက်လှမ်းကြည့်ရင်း ရှက်ရှက်နှင့်ခေါင်းငုံ့သွားသည်။ အရှက်သည်းနေသော ပန်းကိုကြည့်ရင်း သူအသည်းယားသွားရသည်။ ဘယ်လောက်ချစ်စရာကောင်းတဲ့ ကောင်မလေးပါလိမ့်။

သူဖျတ်ခနဲ နီနီတို့အုပ်စုကိုလှမ်းကြည့်တော့ ဘော်လီဘောလုံးကိုမြေကြီးပေါ် ဆောင့်ပစ်ချလိုက်တာတွေ့ရသည်။ ကော်ပြီ စိတ်ခုနေကြပြီထင်သည်၊



www.burmeseclassic.com

ပန်းတို့နှင့်အတော်လေးနီးလာသည်။ သက်သက်က နှုတ်မှတတွတ်တွတ်ဖြင့် ဘာတွေစ,နေသည်မသိ။ ပန်းက သူ့ဆီကို လှမ်းလှမ်းကြည့်ကာ အရှက်သည်းနေသည်။

ပန်းတို့ဆီရောက်ရန် ခြေလှမ်းအနည်းငယ်သာလိုတော့သည့်အချိန်မှာသူခြေလှမ်းကိုညာသို့ဆတ်ခနဲချိုးလိုက်သည်။ ရုပ်ရှင်ထဲက စလိုးမိုးရှင်း (Slow Motion)ပြသလို တစ်ကွက်ချင်း တစ်ဆင့်ချင်းပြောင်းလဲသွားသော 'ပန်း'၏မျက်နှာကို (လမ်းလျှောက်ရင်း)သူ ပြောင်ချော်ချော်မျက်နှာပေးဖြင့် ကြည့်ဝစ်လိုက်သည်။

သက်သက်၏ 'တောက်!'ခေါက်သံက နောက်မှကပ်ပါလာသည်။

နီနီတို့အုပ်စုကတော့ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ နားမလည်နိုင်ဖြစ်နေကြသည်။

"ရော့"

သူကမ်းပေးသောအအေးတို့ကို နီနီကလှမ်းယူရင်း ကျန်ကောင်မလေးများတိုကမ်းပေးသည်။

"နည်းပြနှစ်ယောက်ကို အရင်ပေးလေဟာ ငါပိုဝယ်ခဲ့ပါတယ်ဟ"

သူရယ်ဟဟဖြင့် နောက်တော့ နီနီက 'မရှည်နဲ့'ဟုဟောက်သည်။

"လာဦး သူရ"

သီဟက သူ့ပခုံးကိုဖက်ကာ နီနီတို့အုပ်စုနှင့်ခပ်လှမ်းလှမ်းကိုခေါ်သွားသည်။ စိုးအောင်က သူတို့၏အအေးနှစ်ထုပ်ကိုယူရင်းနောက်မှလိုက် လာသည်။

"မင်းကွာ အောက်ကလည်းနေသေးတယ်"

"ဘာလဲကွ"

"မင်းစောစောက ပန်းတို့ကို လုပ်လိုက်တာမှားတယ်"

ခုမှသီဟ၏ဆိုလိုရင်းကို သူသဘောပေါက်တော့သည်။

"ငါက အပျော်စ,တာပါကွ"

"အပျက် အပျက်နဲ့ နှာခေါင်းသွေးထွက်တယ်ဆိုတာ မကြားဖူးဘူး





လား"

စိုးအောင်က အအေးသောက်ရင်း လှမ်းပြောသည်။ သူတို့ပြောတော့မှ လုပ်ချင်ရာကို ဘာရယ်မဟုတ် လျှောက်လုပ်ပြီးတာမှ ရင်ထိတ်သွားရသည်။

"ဟိုမှာ ပန်းတို့ကိုကြည့်လိုက်ဦး"

သီဟမေးငေါ့ရာဆီလှမ်းကြည့်တော့ အအေးပါဆယ်များဖြင့် ပန်းတို့ရှိရာသွားနေသော နိုင်ဦးနှင့် ဌင်းဘော်ဒါ။ ရင်၌မနာလိုသည်လားမကွဲပြားသော ဝေဒနာတချို့ကိုခံစားရသည်။

နိုင်ဦးလှမ်းပေးသော ပါဆယ်ကို 'ပန်း'ငြင်းနေတာတွေ့တော့ သူလိုက် ခနဲဝမ်းသာသွားရသည်။ သို့သော် ကြာကြာဝမ်းသာချိန်မရလိုက်။ ပန်းသူ့ရှိရာဘက်လှည့်ကြည့်ရင်း ဘာစိတ်ကူးပေါက်သည်မသိ နိုင်ဦးလက်ထဲကအအေးပါဆယ်တို့ကို လက်ခံလိုက်တာကိုလှမ်းမြင်ရသည်။ ရင်၌ဆို့တို့တို့ကြီးဖြစ်သွားရသည်။

သီဟက ပခုံးကို ခပ်ဖွဖွပုတ်သည်။ 'သဘောပေါက်'ဟုပြောသလား 'ဘာမှဂရုမစိုက်နဲ့'ဟုဆိုလိုသလားမသိ။

"နိုင်ဦးလည်း စစ်တုရင်ပြိုင်ပွဲဝင်တယ်ပြောတယ်"

စိုးအောင်၏စကားက သူ့နားဝယ်မကြားတစ်ချက် ကြားတစ်ချက်၊ ဘာကြောင့်မှန်းမသိ သူ့အတွေးဝယ် နိုင်ဦး၏ ပရာဒိုကားကိုမြင်မြင်နေသည်။

• • •



www.burmeseclassic.com

www.burmeseclassic.com



ကျောင်း မှာကျောင်းသူများ ထဘီမှလွဲ၍ စကပ်၊ ဘောင်းဘီဝတ်ခွင့်မရှိ။ သို့သော်အားကစားပွဲယှဉ်ပြိုင်ချိန်မှာတော့ ချွင်းချက်အဖြစ် ဘောင်းဘီကို ဝတ်ခွင့်ရှိသည်။

ဂျင်းဘောင်းဘီရှည်အနက်ရောင်နှင့် ရှူးဖိနပ်ကိုစီးထားသော 'ပန်း' တဆံပင်ရှည်ကိုကျစ်ဆံမြီးတစ်ချောင်းတည်းကျစ်ကာကျောမှာချထားသည်။

သူမတို့ဘော်လီဘောပွဲစတင်ချိန်မှာတော့ သူဘော်ဒါ ကိုယ့်ဘော်ဒါဖြင့် ကွင်း၏ဘေးပတ်ပတ်လည်မှာ အားပေးသံတို့ညံနေသည်။ MP - MT- EC- IT- Bio -Tech မှကျောင်းသူများကလည်း သူ့သူငယ်ချင်းကိုယ့်သူငယ်ချင်းကို အသီးသီးအားပေးနေကြသည်။ အခြားမေဂျာကျောင်းသားများကတော့ နှစ်ဖက်စလုံးကို မျက်နှာပြောင်တိုက်ကာအားပေးနေကြသည်။

ပရော်ဖက်ရှင်နယ် (Professional) များမဟုတ်ကြသည်မို့ ကျောင်းသူများဘော်လီဘောရိုက်ကြသည်မှာရယ်ချင်စရာလည်းကောင်းသည်။ အားပေးသော ကျောင်းသူများကတော့ အသည်းတယားယားရင်တဖိုဖိုဖြင့်ဟစ်အော်အားပေးနေကြသည်။ မရိုက်တတ် ရိုက်တတ်မို့ အသည်းယားစရာကလည်းကောင်းသကိုး။

ပန်းတို့ Section A ၏ဂျာစီက အစိမ်းနုရောင်ဖြစ်ပြီး၊ သူတို့အတန်း၏ ဂျာစီက ဖြူပြာနီအကြားဖြစ်သည်။ ဘောင်းဘီကတော့ အဆင်ပြေသလို





ဝတ်ကြသည်။ မိန်းကလေးများက အံတကြိတ်ကြိတ်နှင့် အသဲအသန်ရိုက်နေကြသလောက် ကျောင်းသားများကလည်း အသည်းအသန်ဟစ်အော်အားပေးနေကြသည်သာ။

သူကတော့ စည်းလယ်မှပိုက်ချည်တိုင်ကို ကျစ်နေအောင်ကိုင်ထားရင်း ဘယ်ဘက်ကိုအားပေးရမှန်းမသိဖြစ်နေသည်။ ပန်းကသူ့ကိုမကြာခဏလှမ်းလှမ်းကြည့်နေသလို နီနီတို့အုပ်စုကလည်း သူ့ကို ဒေါသမျက်လုံးနှင့်လှမ်းလှမ်းကြည့်နေကြသည်။

နောက်ဆုံးမှာ 'ပန်း'တို့ Section - A ကနိုင်သွားသည်။ ဘော်လီဘောကွင်းဘေးရှိ နီနီတို့နားရာနေရာကို သူလျှောက်လာချိန်မှာတော့ နီနီတို့ဘာဒေါသကြည့်ဖြင့် ဝိုင်းကြည့်ရင်း ကြိုဆိုသည်။

"သွားမလာနဲ့ သစ္စာဖောက်"

နီနီကလက်ထဲမှ အအေးဗူးနဲ့ လှမ်းပေါက်ကာ ငိုရင်းလှမ်းအော်သည်။

"သွား သွားနင့်ကိုမြင်ရင် လူသတ်ချင်စိတ်တောင်ပေါ်တယ်"

အငိုတစ်ပိုင်းဖြင့် မခမ်းဆိုင်ကလည်း လှမ်းအော်ပြန်သည်။ သူတို့ထဲမှာ စိတ်မြန်လက်မြန်ရှိသော အေးအေးရွှေက ပြေးလာပြီး လက်ထဲပါလာသော လွယ်အိတ်ဖြင့် လွှဲရိုက်သည်။

သူမရှောင်ပါ။ 'ဗုန်း'ခနဲ အသံထွက်ကာ ပခုံးပူခနဲဖြစ်သွားရသည်။ သူခေါင်းကိုငုံ့ထားလိုက်သည်။ အေးအေးရွှေကို သီဟကဆွဲခေါ်သွားသည်။

"နင်တို့ကလည်း ကုလားမနိုင် ရခိုင်မဲနေတယ်၊ ဘာမှမဆိုင်ဘူး ကိုယ့်ဘာသာကိုယ်ရှုံးတာ ဘယ့်သူ့မှအပြစ်တင်မနေနဲ့ လာဟကောင်"

စိုးအောင်က မိန်းကလေးများဘက်လှည့်အော်ရင်း သူ့ပခုံးကိုဆွဲကာ ထည့်ထွက်သည်။ ခပ်လှမ်းလှမ်းမှ လှမ်းကြည့်နေသော ပန်းကို သူတွေ့သည်။ ပန်းခနဲမျက်နှာပြင်တစ်ခုလုံးထူပူသွားရသည်။ ပန်း၏ အမျိုးအမည်ခွဲရန်ခက်သောအကြည့်ကိုသူလွှဲပစ်လိုက်သည်။

"မင်းကွာ ကိုယ့်စိတ်ကိုမနိုင်ရင်လည်း လာမကြည့်နဲ့ပေါ့ကွ၊ အခုစာ



www.burmeseclassic.com

www.burmeseclassic.com



ကြီးကတည်းက ငါတို့ B ခန်းရှုံးမယ်ဆိုတာငါသိပြီးသား။ အခုတော့ ရှုံးလို့စိတ်တိုနေကြတဲ့ သူတို့ရဲ့စိတ်ထွက်ပေါက်က မင်းဖြစ်သွားတယ်"

စိုးအောင်က သူ့ပခုံးကိုညှစ်ကာဖြေသိမ့်စကားဆိုသည်။ သီဟက နောက်မှပြေးလိုက်လာသည်။

"ဟကောင်ရေ တော်တော်ချော့ခဲ့ရတယ်ကွ မင်းကပြဿနာမီးထွန်းရှာတဲ့ကောင်ပဲ၊ အဟီးတစ်ခုတော့ ကောင်းသွားတယ် ငါတို့နည်းပြနှစ်ကောင် အထုခံဘဝကလွတ်(စ်)သွားတယ်"

သီဟက စိတ်ပြေပါစေတော့ ဟုနောက်နေမှန်းသူသိသည်။ သို့သော် စိတ်ထဲမှာ ရှုပ်ထွေးနောက်ကျိနေသည်။

"ဒီလိုပါပဲကွာ တစ်မြို့တည်းသားချင်းအတူတူကို ရပ်ကွက်ဘောလုံးပွဲတွေကန်ကြည့်ပါလား၊ သူ့ရပ်ကွက်ကိုယ့်ရပ်ကွက်အားပေးကြပြန်ရော။ ဟောတစ်တိုင်းထဲ တစ်ပြည်နယ်ထဲက မြို့နယ်ပေါင်းစုံကန်ကြည့်၊ ကိုယ့်မြို့သူမြို့အားပေးကြပြန်ရော။ ပြည်နယ်နဲ့တိုင်းကန်ပြန်တော့လည်းသူ့တိုင်း၊ ကိုယ့်တိုင်း၊ သူ့ပြည်နယ်၊ ကိုယ့်ပြည်နယ်အားပေးကြတာပဲ၊ နောက်ဆုံးနိုင်ငံအဆင့်။ တစ်နိုင်ငံနဲ့တစ်နိုင်ငံကန်တော့ ကိုယ့်နိုင်ငံမှ ကိုယ့်နိုင်ငံဖြစ်ကြရော။ နောက်ဆိုဂြိုဟ်တွေအလိုက် ဘောလုံးပွဲရှိကြည့် ကိုယ့်ကမ္ဘာ့ဂြိုဟ်မှ ကိုယ့်ကမ္ဘာဂြိုဟ်ဖြစ်နေမှာ။ ဒါပါပဲ 'အားပေးမှုဆိုတာကတော့ ပုထုဇဉ်ဆိုတော့ ကိုယ့်အတ္တနဲ့ကိုယ်ပေါ့။ အဲဒါပေမဲ့ အားပေးကြရင်းနဲ့ ချော်တာလေးတွေလည်းရှိတာပဲ။ မထူးဆန်းပါဘူး၊ မင်း A ခန်းကို လုံးလုံးလျားလျားအားပေးရှင်တောင် ငါတို့စိတ်မဆိုးဘူး။ အဲ ဟိုကလေး မ ၁၁ ယောက်ကတော့ မင်းကိုအမှန်ပါကြိတ်ချင်နေကြလေရဲ့ ဟားဟား"

သီဟနဲ့ စိုးအောင်က သူစိတ်ပြေအောင် မဆိုင်တာတွေရော ဆိုင်တာတွေပါပြောကာ ရယ်မောနေသော်လည်း သူမရယ်မောနိုင်။

"ပြောနေကြသေးတယ် မင်းကို 'မ,ဘက်လိုက်တော့ မိုက်ဘက်ပါသတဲ့။ အရှုးဆိုလားဘာဆိုလား"

စိတ်ညစ်ရသည်။ (သေချာတာကတော့ ၎င်းအားကစားပွဲပြီးသွားချိန်





မှာ 'B'ခန်းကကျောင်းသူအားလုံးတည်တည့်တည်းသူ့ကိုစကားမပြောတော့တာပဲဖြစ်သည်။)

● ● ●



www.burmeseclassic.com

www.burmeseclassic.com



ကံကြမ္မာကလည်း ကံကြမ္မာပဲဖြစ်သည်။ စစ်တုရင်၏ Final ပွဲစဉ်မှာ သူနှင့်လာဆုံသူက 'နိုင်ဦး'။ Civil ဘက်မှ ကျောင်းသူများက နိုင်ဦးဘက်မှ လာအားပေးနေကြသလို E.P ဘက်မှလည်း ကျောင်းသူအချို့ သူ့ကို လာအားပေးနေကြသည်။ အခန်းအပြင်ကော်ရစ်ဒါမှ ကြည့်နေကြခြင်းဖြစ်သည်။ ထိုအားပေးနေသော ကျောင်းသူတွေထဲမှာ သူ့ Section B အခန်းမှ ကျောင်းသူ တစ်ယောက်မှမတွေ့။ သူ့ကိုတမင်ကျဉ်ထားလိုက်ကြဟန်တူသည်။

နိုင်ဦး၏စစ်တုရင်ကစားကွက်များက ကြောက်ခမန်းလိလိ။ ခနဲ့ပြုံးပြုံးရင်း လူကိုမခိုးမခန့်ကြည့်ကာ ကစားနေသော နိုင်ဦးကို ဒေါသထွက်ထွက်ဖြင့် သူစဉ်းစားဉာဏ်ထုံလာသည်။

နိုင်ဦးဘက်က မသိမသာနှင့်အသာရလာသည်။ သူ 'ထူပူစွာ' အသည်းအသန်လိုက်ဆည်သော်လည်း မရတော့။ နောက်ဆုံး မလှမပပဲ သူရှုံးသည်။

'နိုင်ဦး'ကပွဲပြီးသည်နှင့် သူ့ကိုလက်ကမ်းပေးသည်။ မကောင်းတတ်၍ နှုတ်ဆက်လိုက်ရသော်လည်း စိတ်ထဲမှာတော့ နိုင်ဦးမျက်နှာကို လက်ဆီးခပ်မာမာတစ်ချက်လောက်ကျွေးပစ်ချင်နေသည်။ အားကစားစိတ်ဓာတ်ထိန်းသွင်းရင်း ပါးချိုင့်နှစ်ဖက်စလုံးပေါ်နေအောင်ပြုံးပြကာ အခန်းထဲမှထွက်လာခဲ့သည်။



ချွေးသီးချွေးပေါက်များနှင့်ထွက်လာသော သူ့ကိုအခန်းဝမှာတစ်ရှူး (Tissue)လှမ်းပေးသူတစ်ယောက်ရှိနေသည်။ နီနီ။ ခိုးကြောင်ခိုးဝှက်နှင့် ဘေးဘီကိုလည်း ကြည့်လိုက်သေးသည်။ Section-B ရှိ ကျန်ကျောင်းသူ(၁၀) ယောက်သာသိလို့ကတော့ သူမအမှုန့်ဖြစ်မည်ကိုး။

တစ်ရှူးဖြင့် ချွေးတို့ကိုသုတ်ရင်းခြေလှမ်းနှစ်လှမ်းခန့်လှမ်းလိုက်ချိန်မှာပန်းကို အုံဩစွာသူတွေ့ရသည်။ ဖျတ်ခနဲအိတ်ထဲပြန်ထည့်သွားသော ပန်းလက်ထဲကတစ်ရှူးထုပ်ကိုမြင်လိုက်ရချိန် ရင်၌လှိုက်ခနဲအေးသွားရသည်။ အကြည့်ချင်းဆုံချိန်မှာ ပန်းက သူ့နံဘေးမှနီနီကို 'ဖျတ်'ခနဲလှမ်းကြည့်တာ တွေ့ရသည်။ နီနီကမျက်နှာကိုချိကာ မမြင်ချင်ယောင်ဆောင်လိုက်တာလည်း သူတွေ့ရသည်။

"ကျေးဇူးပဲ"

မလိုအပ်ဘဲ ကျယ်နေသောအသံကြောင့် နောက်ကိုလှည့်ကြည့်တော့ 'ပန်း'ထံမှ တစ်ရှူးကိုလှမ်းယူကာ သူ့ကိုမခိုးမခန့်လှမ်းကြည့်နေသော နိုင်ဦးတို့ တွေ့ရသည်။

"ကြည့်မနေနဲ့လာ"

နီနီက ပြောရင်းရှေ့မှဆတ်တောက် ဆတ်တောက်လျှောက်သွားသည်။

ထိုကျောင်းသားအားကစားပွဲ၌ မိန်းကလေးဘော်လီဘောနှင့် ဘောလုံးပထမဒိုင်းဆုကို Civil First Year Section - B ကရရှိသွားပြီး ကျောင်းသားဘော်လီဘောနှင့်ဘောလုံး ပထမဒိုင်းဆုကို သူတို့ EP - 1st Year Section - B ကရရှိသွားသည်။

သူ'ရ'ရှိလိုက်တာကတော့ . . .

♠ ♠ ♠



www.burmeseclassic.com

www.burmeseclassic.com



သူရ နင့်ကိုငါမခေါ်လို့ စိတ်မဆိုးနဲ့နော်။ ငါတို့ B ခန်းက မိန်းကလေးတွေ အားလုံးရဲ့သဘောတူညီမှုနဲ့ ငါတို့ နင့်ကိုတစ်လတိတိစကားမမေးကြေးတိုင်ပင်ထားကြတယ်။

သူတို့ကွယ်ရာမှ ငါ့ကိုခေါ်နော်။ ငါ နင်စိတ်ဆိုးမှာစိုးလို့ ဒီစာကိုရေးလိုက်တာ။ ဖတ်ပြီးတာနဲ့ခဲဖျက်နဲ့ဖျက်ရင်ဖျက်။ ဖြချင်ဖြပစ်လိုက်။ စိတ်မညစ်နဲ့နော်။ တစ်လပြည့်ဖို့ရက်(၂၀)ပဲလိုတယ်။

နီနီ

- PS ငါလေ နင့်ကို မခေါ်ဘဲမနေတတ်ဘူးသိလား . . .

စာရွက်ပိုင်းလေးကို ဖတ်ရင်းသီဟကပြုံးသည်။ စိုးအောင်က 'အံ့မယ်' တုရေရွတ်သည်။ သူကတော့ အဝေးကိုသာငေးနေဖြစ်သည်။

"ဒီစာကို မိတ္တူဆွဲပြီး ကျန်တဲ့မိန်းကလေး(၁၀)ယောက်ကိုသာဝေလိုက်လို့ကတော့ မိနီနီတစ်ယောက်အရေခွံအဆုပ်ခံရတော့မယ်အဟီး"

"အဲဒါအသာထား သီဟ . . . ငါကတော့ စာအသွားအလာကြည့်ရတာ ဒီကောင့်ကိုနီနီစိတ်ဝင်စားနေတယ်ဆိုတာ ပို ပိုပြီးသေချာလာသလားလို့"

စိုးအောင်စကားကြောင့် သူမျက်နှာမထားတတ်အောင်ဖြစ်သွားရသည်။





"မင်းတို့ကလည်းတစ်မျိုး"

ခပ်တည်တည်နှင့် ဟောက်ပစ်လိုက်သည်။ ဒီလိုမှမဟုတ်လို့ကတော့ မလွယ်။

"ပန်းရဲ့ကိစ္စကို မင်းဆက်မလှုပ်ရှားတော့ဘူးလား"

"ငါ ငါစိတ်ရှုပ်နေတယ်။ နိုင်ဦးနဲ့သတင်းကလည်း ဟုတ်မဟုတ် မသိဘူး ကြားနေရတယ်"

နောက်ပိုင်းမှာတိုးလာသော Civil မှဘော်ဒါ မင်းလွင်ဆီက နိုင်ဦးနှင့်ပတ်သက်သော သတင်းတို့ကိုအစဉ်မပြတ်ကြားနေရသည်။

"မင်းဘာတွေကြားထားလို့လဲ"

သီဟ၏အမေးကို ချက်ချင်းပြန်မဖြေဖြစ်။

"နိုင်ဦးပေးသမျှစာကို 'ပန်း'ကလက်ခံနေတယ်တဲ့"

သူ့အဖြေကြောင့် သီဟနှင့်စိုးအောင်က တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကြသည်။

"ပန်းကရော စာပြန်တယ်တဲ့လား"

စိုးအောင်၏အမေးကို သူခေါင်းခါပြရင်း 'မပြန်ဘူး'တုဖြေလိုက်သည်။

"တော်သေးတာပေါ့"

သီဟက သက်ပြင်းချရင်းဆိုသည်။ သူတို့သုံးကောင်စလုံး အချစ်နဲ့ပတ်သက်ပြီး ကံမကောင်းကြ။ သီဟ၏ကောင်မလေးက သီဟပထမဆုံးတလေးအပြီးမှာ Civil ကကောင်လေးတစ်ယောက်နဲ့ဖြစ်သွားသည်။ စိုးအောင်၏ကောင်မလေးကတော့ ဒီ GTC မှာ ရည်းစားမရှိသော်လည်း တောင်ဝေါ (တောင်ကြီး)တက္ကသိုလ်မှာသူမ၏ချစ်သူရှိနေပါသတဲ့။

ဒီလိုနဲ့ နှစ်ကောင်သားတွေးမရ မျိုမရဖြစ်နေချိန်မှာ သူ၏ 'ဝန်း'ကလည်း နိုင်ဦး၏စာများကို လက်ခံနေသည်ဆိုတော့ သူ့အတွက်ရှေ့အလားအလာက လုံးဝကိုမကောင်း။ သုံးယောက်သား အချစ်ကိုမတွေ့ရှိရသေးခင် ဒုက္ခကိုဦးစွာတွေ့နေရသည်။

♣ ♣ ♣



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



လက်တွေ့ချိန်မှာ Wire Connetion ကိုလက်[illegible]ပ်နိုင်းသည်။ ၅ယောက်တစ်အုပ်စုခွဲပြီးလုပ်ရသည်။ [illegible] အလိုက်ခွဲတာ တော့တ်ဘဲ အဆင်ပြေသလိုခွဲလိုက်ကြတာဖြစ်သည်။ မိန်းက[illegible] : ၁၁ ယောက်က အုပ်စုနှစ်စုဖြစ်သွားသည်။

Twin Wire ကိုအသုံးပြုကာ (two way) switch[illegible]ုပ်)ဖြင့် မီးသီးတစ်လုံးတည်းကို နေရာနှစ်နေရာမှ ခလုတ်နှစ်ခုဖြင့် အဖွင့်အပိတ်လုပ်နိုင်ရန် လျှော့ကျင့်တပ်ဆင်ရခြင်းဖြစ်သည်။

"ရှုပ်လိုက်တာဟယ်. မီးသီးတစ်လုံး ခလုတ်တစ်ခုဆိုတော်ပြီပေါ့"

"ဟဲ့ ကောင်မစုတ် နင်တို့တောမှာပြန်ပြောပါလား။ ဒီလို ခလုတ်နှစ်ခုနဲ့ မီးသီးတစ်လုံးတည်းကို ထိန်းချုပ်တဲ့သဘောက လူသက်သာအောင်လုပ်တာဟဲ့။ ဥပမာဟယ် နင်က နင့်အိပ်ခန်းထဲကိုဝင်မယ်။ နင့်အိပ်ခန်းကမည်းမှောင်နေတယ်။ မီးမဖွင့်ထားဘူး၊ ဝင်ဝင်ခြင်းမှာ ဒီ 2- way ခလုတ်ကိုတပ်ထားတော့ နင်ကအဲဒီခလုတ်ကို ဖွင့်လိုက်ရော ဟောနင်ကအိပ်ရာထဲရောက်ပြီ။ မီးခလုတ်ကို အခန်းပေါက်ဝထိသွားပိတ်စရာမလိုတော့ဘူး။ ခုတင်ခေါင်းရင်းက 2- Way ခလုတ်နဲ့ စောစောကဖွင့်ထားတဲ့မီးကိုပိတ်လိုက်ရော အဆင်မပြေဘူးလား"

"လူပျင်းအလုပ်"





"ဟဲ့ ခေတ်မီတယ်လို့ခေါ်တယ်၊ နောက်ဆို ငါက မီးခလုတ်တွေကို Control နဲ့ပိတ်လို့ရအောင် ထွင်ဦးမှာ"

ဆရာကြီးလုပ်နေသော နီနီကိုအေးအေးရွှေက 'ဟွန်း'ဟုဆိုကာမျက်စောင်းထိုးသည်။ နီနီကတော့ ဂရုမစိုက်။ သူမဆင်ထားသော Connection ကိုစစ်ဆေးနေသည်။ ပြီး ကြောက်တတ်သောမခမ်းဆိုင်ဘက်လှည့်ကာ-

"မခမ်းဆိုင် မီးခလုတ်ဖွင့်လို့ရပြီ အညောင်းဖြေရှော့(ခ်)ဖြစ်ရင်တော့ နီနီ့ကိုအပြစ်မတင်နဲ့နော်"

မီးခလုတ်လေးဖွင့်ရုံ[illegible] ဓာတ်မလိုက်နိုင်ဘူးဆိုတာ သိသိကြီးနှင့် မခမ်းဆိုင်ကကြောက်နေသည်။ မိန်းကလေးတော်တော်များများက လျှပ်စစ်(စွမ်းအား)မေဂျာကိုယူထားကြသော်လည်း လျှပ်စစ်ကိုင်လေ့ကျင့်ခန်းကို လက်တွေ့လုပ်ကြရာမှာ ကျောင်းသားတွေထက် ကြောက်ကြော[illegible]ဖြင့်ပိုဂရုစိုက်ကြလေသည်။ အခုလည်း မခမ်းဆိုင်တစ်ယောက် မီးခလုတ်ကို ယတိနှင့်မဖွင့်ဘဲ Tester ဖြင့်နှိပ်ကာ ဖွင့်ရန်ပြင်သည်။

"ဖြောက်"

"ဒိုင်း"

"အမလေးတော့"

ဖြောက်ဆိုတာက ကြောက်ကြောက်ရွံ့ရွံ့နှင့် မီးခလုတ်ဖွင့်လိုက်လို့ မီးခလုတ်မှထွက်လာသောအသံဖြစ်ပြီး 'ဒိုင်း'ဆိုတာက နီနီကအော်ကာခြောက်လိုက်ခြင်းဖြစ်သည်။ 'အမလေးတော့'ဟု မခမ်းဆိုင်လန့်သည်။ ကျောင်းသူအုပ်စု တဟီးဟီးတဟားဟားဖြင့်ပွဲကျနေကြသည်။ 'First Year ကျောင်းသူဘဝမှာ ဓာတ်လိုက်ဖူးတဲ့ လူလက်ညှိုးထောင်'ဆိုပြီးတစ်ယောက်ကထအော်သည်။ ဘယ်သူမှမထောင်ကြ။

စနစ်တကျသင်ကြားကာ လေ့ကျင့်စေသည်မို့ အများအယွင်းနည်းသဖြင့် ဓာတ်မလိုက်ဖူးကြသေး။ သို့သော် ကြောက်တာကတော့ ကြောက်တာပဲဖြစ်သည်။ အဲ . . . ကြောက်တတ်တော့လည်းဘေးကင်းသည်။

"မိန်းကလေးတွေ ဆူတယ်နော်၊ ပါးစပ်နဲ့လေ့ကျင့်နေတာလား[illegible] လက်



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



နဲ့လေ့ကျင့်နေတာလား"

ဆရာကြိမ်းလိုက်တော့မှ ကျောင်းသူတွေ ငြိမ်သွားကြသည်။ ကျောင်းသားအချို့ကတော့ အဆူခံရသော အချို့ကျောင်းသူများကို ပြောင်ပြနေကြသည်။

"ဘာဖြစ်နေကြတာလဲ"

ဆရာက ရောက်လာကာမေးတော့ ဘာပြန်ပြောရမှန်းမသိဖြစ်နေကြသည်။

"ဟို မှား မှားမှာကြောက်လို့ပါ ဆရာ"

ကျောင်းသူတစ်ယောက်ကကြောက်ကြောက်ဖြင့်ဖြေသည်။

"မကြောက်နဲ့ မှားမှာကိုကြောက်စရာမလိုဘူး၊ အမှားရှိရင်အမှန်သိမယ်၊ မှားဖူးတော့ နောက်ပိုပြီးမမှားအောင် ဆင်ခြင်တဲ့အကျင့်ရသွားတယ်။ နောက်ဆိုရင် ကြောင်ကကြွက်ကိုနိုင်သလိုမျိုး လျှပ်စစ်နဲ့ပတ်သက်လာရင် ပိုင်ပိုင်နိုင်နိုင်ကျွမ်းကျင်လာလိမ့်မယ်။ အဓိကကတော့ ပညာကိုလိုချင်စိတ်ရှိနေဖို့ပဲ၊ ဟုတ်ပြီလား"

ကျောင်းသူများ ခေါင်းကိုခပ်သွက်သွက်ညိတ်ကြသည်။ နီနီက ဆက်ခနဲသူရှိရာဘက်ကို လှည့်ကြည့်သည်။ သူကလည်းကြည့်နေခိုက်နှင့်ကြုံသည်။ သူမက အခြားကျောင်းသူများအလစ်မှီ သူ့ကိုလျှာထုတ်ကာပြောင်ပြသည်။ မမြင်ချင်ယောင်ဆောင်ရန်အချိန်ပင်မရလိုက်။ သီဟတို့ပင်လှမ်းမြင်သွားသည်။

သီဟပြောသောစကားကတော့ထိသည်။

"နီနီနဲ့ ပန်းနဲ့သာ နေရာချင်းလဲလို့နေရင် မင်းတော့သိပ်ကောင်းမှာပဲ"တဲ့။

မဖြစ်နိုင်မှန်း သူသိသည်။ သို့သော် ခေတ္တမျှစိတ်ကူးနှင့်ပန်းတို့နှစ်ယောက်ကို နေရာချင်းလဲကြည့်မိသည်။ လျှာထုတ်ပြသော ပန်း၏သဏ္ဌာန်ကို တွေးကြည့်မိလိုက်သည့်ခဏ သူ့ရင်တွေ ကတုန်ကယင်ကြီးဖြစ်လို့သွားရသည်။

ဒီကောင်ကတော့ စိတ်ကူးတွေနှင့် အသည်းအသန်ရှုးနေတာပဲဖြစ်သည်။





ပန်းကရော . . .။ ပန်းကတော့ . . .။

✤ ✤ ✤

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com



ပထမနှစ်၏ ပထမနှစ်ဝက်စာမေးပွဲဖြေရန် အချိန်ကနီးကပ်လာ သည်။ မနက်ဖြန်ဆိုစာမေးပွဲအတွက် စာကျက်ရက်အဖြစ် ကျောင်းပိတ်ပေးပြီးဖြစ်သည်။ ကျောင်းကအပြန်မှာ ကားတစ်စီးတည်းအတူစီးဖြစ်သော်လည်း ဝန်းတို့အခန်းရှေ့မသွားရတာအတော်လေးကို ကြာနေခဲ့ပြီဖြစ်သည်။ မနက်ဖြန်ဆိုကျောင်းပိတ်တော့မှာမို့ ခဏလေးတော့ အလွမ်းပြေသွားကြည့်ချင်နေမိသည်။ နောက်ထပ်စာသင်ချိန် တစ်ချိန်သင်ပြီးသည်နှင့် ကျောင်းဆင်းပြီဖြစ်သည်။

သူလည်းမလိုက်တာကြာပြီမို့ အပြင်သွားရန်ပြင်သော သီဟနှင့် စိုးအောင်ကလည်းမခေါ်။ ထုံးစံအတိုင်း 'ငါတို့ခဏဒိုးလိုက်ဦးမယ်'ဟုဆိုကာသွားရန်ပြင်သည်။

"နေဦး"

သီဟနှင့်စိုးအောင်ကနောက်ပြန်လှည့်ကြည့်သည်။

"ငါလည်းလိုက်မယ်"

သူ့အပြောကြောင့် သီဟနှင့်စိုးအောင်ကအံ့ဩသလိုဖြစ်သွားသည်။ ပြီးမှ -

"ဇာတ်မျောကြီးကိုဆက်တော့မလို့လား"ဟု ရိသဲ့သဲ့နောက်သည်။ ဘာမှပြန်မပြောဖြစ် လောလောဆယ်သူသိနေသည်က ပန်းတို့အခန်းရှေ့ဖြတ်





ရန်အပြင်မှာ သူရင်တို့ ပရမ်းပတာခုန်နေခဲ့တာကိုပဲဖြစ်သည်။

ထိုင်နေကျရှေ့ဆုံးခုံမှာပဲ ပန်းက ခေါင်းငုံ့ကာစာရေးနေသည်။ သူ့ကို 'သက်သက်'ကမြင်သည်။ တံတောင်ဖြင့် ပန်းကိုမသိမသာတွန်းလိုက်တာတို့ သူမြင်လိုက်ရသည်။ အကြောင်ကြောင်နှင့်ဆတ်ခနဲ မော့ကြည့်လာသောဝန်း၏မျက်ဝန်းနှင့်တွံ့လိုက်ရသောခဏ၊ သူ့ရင်ထဲ လှိုက်ခနဲအေးအေးသွားသည်။ ရှက်ကိုးရှက်ကန်းဟန်ဖြင့် ခေါင်းငုံ့သွားသောပန်းကိုကြည့်ရင်း အမျိုးအမည်ခွဲရန်ခက်သော ခံစားမှုက ရင်ကို လာရိုက်ခတ်သည်။

"အပျော်လွန်နေတာလား၊ အလွန်ပျော်နေတာလား"

သီဟက သူ့ပခုံးကိုခပ်ဖွဖွထိုးရင်းမေးသည်။

"ငါတို့နှစ်ကောင်ကတော့ အဖြည့်ခံပေါ့ကွာ"

စိုးအောင်ကရေရွတ်သည်။ ဒီကကောင်ကလည်းပဲ မျက်ဝန်းချင်းဆုံလိုက်ရတာကိုပဲ ကံကောင်းမှုကြီးတစ်ခုလို ဝမ်းမြောက်ဝမ်းသာဖြစ်လို့နေသည်။

"ဆက်လုပ်ရှားစမ်းပါ သူရဲရာ ဖြစ်နိုင်ခြေရှိပါတယ်ကွ"

စိုးအောင်၏အားပေးမှုက သူ့အတွက်တအားဖြစ်သည်။

"ဒီလိုလုပ်ကွာ စာမေးပွဲနောက်ဆုံးရက်ကျရင် မင်းစကားလိုက်ပြောကြည့်ရင်မကောင်းဘူးလား"

သီဟက အားတက်သရော အကြံပေးသည်။ သူခေါင်းမညိတ်ဖြစ်ဆလို ခေါင်းလည်းမခါဖြစ်။

"ဘယ်လိုလဲ သူရ"

သီဟက သူပေးသောအကြံကို လက်ခံ၊ မခံမေးသည်။

"ဟုတ်တယ် သူရ သီဟပေးတဲ့အကြံမဆိုးဘူး၊ စာမေးပွဲနောက်ဆုံးရက်ဆိုတော့ နောက်ဆုံးကွာ ပါးအရိုက်ခံရရင်တောင်မှ နောက်ရက် ကျပ်ထုပ်ဒိုးဖို့ ဆေးလိမ်းဖို့ကောင်းကောင်းအချိန်ရတာပေါ့"

စိုးအောင်ကအရွှန်းဖောက်သည်။ သီဟက 'ခွိး'ခနဲရယ်သည်။ ဆတ်ကြောင်းလှည့်ကာ ပြန်လျှောက်လာကြသည်။ ပန်းတို့အတန်းတွင် ဆရာမဝင်သေး။ ကျောင်းသူ/သားများကတစ်ယောက်တစ်ပေါက် 'မေးခွန်းဟောင်း

www.burmeseclassic.com



တွေအကြောင်း စသဖြင့် စာမေးပွဲနှင့်ပတ်သက်သည်တို့ကိုပြောဆိုနေကြသည်။

'ပန်း'တို့အတန်းရှေ့မှ ဖြတ်လျှောက်ရင်း ပန်းရှိရာခုံဆီအကြည့်၊ 'ပန်း'၏အကြည့်နှင့်ဆုံပြန်သည်။ 'ပန်း'တကမန်းကတန်း ခေါင်းငုံ့ချသွားသည်။ ဘယ်လိုကြီးပါလိမ့်။

သူနားမလည်နိုင်တော့။ တောင်းသောအ[illegible]းအလာတစ်ခု၏ လက္ခဏာလား၊ မျှော်လင့်ချက်တွေဆက်လို့ရအောင် ကျိစားနေသည်လား။

သူမတွေးတတ်တော့။

သေချာတာကတော့ သူရင်တွေ တဆတ်ဆတ်ခုန်ကာ 'ဝုန်း' 'ဒိုင်း' ကြနေတာကတော့အမှန်ပင်။

♣ ♣ ♣





၈

မေးပွဲ၏နောက်ဆုံးရက်။

ဖြေနိုင်သူတွေရော မဖြေနိုင်သူတွေပါ အချိန်ပြည့်ခေါင်းလောင်း (Bell) တီးသည်နှင့်တဝေါဝေါဖြင့် အခန်းကိုယ်စီမှထွက်လာကြသည်။

သူကတော့ ခပ်စောစောဖြေပြီးသည်မို့ 'ပန်း'တို့ဖြေနေသောအခန်းအနီးမှာ စောင့်နေမိသည်။ ဖြေပြီးသော Answer Paper ကိုပြန်စစ်နေသော[...]န်းကိုမြတ်နိုးစွာကြည့်နေမိသည်။ သီဟနှင့်စိုးအောင်လည်း ထွက်မလာကြသေး။

သိပ်မကြာခင်မှာ 'သက်သက်'ရော 'ပန်း'ပါ ထွက်လာကြသည်။ တိုင်အချိတ်ထားသော လွယ်အိတ်ကိုဖြုတ်နေသော 'သက်သက်'က သူ့ကိုတွေ့[...]သည်။ သူဖမ်းပြုံးပြလိုက်တော့ မကောင်းတတ်သည်မို့ သက်သက်ကပြန်ပြုံးပြသည်။ 'ပန်း'ကသက်သက်ပြုံးပြရာဘက်ကိုလှည့်ကြည့်သည်။ သူမဆီလျှောက်လာသော သူ့ကိုတွေ့တော့ အိုးတိုးအန်းတန်းကြီးဖြစ်နေသည်။

"ဖြေနိုင်လား ပန်း"

"မဆိုးပါဘူး"

အရဲစွန့်ကာမေးလိုက်သော သူ၏မေးခွန်းကို 'မဆိုးပါဘူး'ဟု ပန်းကဖြေသည်။ ရင်ထဲမှာတော့ ဘုရားပွဲလှည့်နေသည်။ အပျော်ကတစ်ဝက် ရင်ခုန်[...]တာတစ်ဝက်။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ငါ့ကိုလည်းမေးပါဦး ဖြေချင်လွန်းလို့"

'သက်သက်'က မျက်စောင်းထိုးရင်းနောက်သည်။ 'ပန်း'ကရှက်ရှက်ဖြင့် ခေါင်းကိုငုံ့ချလိုက်ပြီး 'သက်သက်'ကို ခပ်ဖွဖွလှမ်းရိုက်သည်။ ပြီး ဆတ်ခနဲ 'သက်သက်'ကိုကြည့်ကာ 'သွားရအောင်'ဟုဆိုသည်။

သူဘာကိုဆက်ပြောရမည်မသိဘဲ ကြောင်နေမိသည်။ ပန်းက သူ့ကိုနှုတ်တောင်ဆက်ဖော်မရဘဲ သူ့ရှေ့မှနေ ဖြတ်လျှောက်သွားသည်။ 'သက်သက်'ကအားနာသလိုကြည့်ကာ 'ပန်း'၏နောက်ကို ခပ်သွက်သွက်လိုက်သွားသည်။ ရင်ထဲမှာ 'ဟာ'ခနဲ။ စိန်ကဲ ရွှေကဲတွေထက် ပန်း၏စိတ်သဘောထားကိုအကဲခတ်ရခြင်းက ပို၍ခက်မည်။ ကြည့်သိပ်မကြာလိုက်သောအချိန်ပိုင်းလေးအတွင်းမှာဖြစ်ပျက်သွားသောအမှုအရာတို့ကလိုက်မမီနိုင်အောင် ကိုဖြစ်ရသည်။

"ဟကောင်"

ထိုနေရာမှာပင်မည်မျှကြာအောင်ငိုင်နေမိသည်မသိ။ နောက်ကနေ ပခုံးပုတ်ရင်း 'ဟကောင်'ဟူသော သီဟ၏အသံကိုကြားမှ ပန်းတို့တော်တော်ကြီးဝေးသွားပြီဆိုတာကို သတိထားမိတော့သည်။

"ဘယ်လိုလဲ ဇာတ်မျောကြီးရဲ့အခြေအနေ၊ ဒီနေ့ဆက်လုပ်ရှားမယ်ဟုတ်"

စိုးအောင်၏အမေးကို မည်သို့ပြောပြရမည်မသိ။ ဒီကောင်တွေမသိလိုက်သေးသော စောစောကအနေအထားကိုသူအကျဉ်းချုံးပြီး ရှင်းပြလိုက်သည်။ သူစကားဆုံးတော့ သီဟနှင့်စိုးအောင်က တစ်ယောက်မျက်နှာကို တစ်ယောက်ကြည့်သည်။ သူတို့လည်း မည်ကဲ့သို့အကြံပေးလိုက်ရမည်မသိဖြစ်နေဟန်တူသည်။ သုံးယောက်သားသက်ပြင်းချဖြစ်ကြသည်။

"ဒါပေမယ့်ဒီနေ့ညနေခင်းကိုတော့ မင်းရတဲ့အခွင့်အရေးကို လက်မလွှတ်သင့်ဘူး"

"ဟုတ်တယ်သူရ ဘာဖြစ်လဲကွာ ယောကျ်ားပဲ စိတ်ကိုတည်တည်ထားစမ်းပါ။ အရွယ်ရောက်ပြီးသား အပျိုတစ်ယောက်ကို လူပျိုတစ်ယောက်က ရည်းစားစကားပြောပိုင်ခွင့်ရှိပါတယ်။ အဲ- ဆွဲလားရမ်းလားတော့သွားမလုပ်





နဲ့ပေါ့ အဟေးဟေး"

စိုးအောင်က ပြောရင်းရယ်သည်။ သီဟက 'မင်းမေကျိုးဒေါ်'ဟုလှမ်းမာန်သည်။

"'ပန်း'ကအဲဒီလောက်ထိမရိုင်းပါဘူးကွာ။ မင်းစကားလိုက်ပြောတာကို သူမကြိုက်ရင် အနည်းဆုံး'ပါး'ပဲ ရိုက်မှာပါ။ အဲ . . . အများဆုံးဖိနပ်လေးနဲ့ပဲထိုးလိမ့်မယ် မကြောက်နဲ့"

"အာ ဒီကောင်"

စိုးအောင်က ပြောလေကဲလေမန်းလေပြလေဖြစ်နေသည်မို့ သီဟတမျက်မှောင်ကုပ်ပြရင်း ထပ်၍ဟန့်သည်။ တကယ်တမ်းကျတော့လည်း စိုးအောင်က သူ့ကိုစိတ်ပြေလက်ပျောက်ရှိအောင် ဟာသလုပ်နေကြောင်း သူသိသလို သီဟလည်းသိပါသည်။ သုံးယောက်သားစကားတပြောပြောနှင့် လျှောက်လာကြရင်း ကျောင်းပေါက်ဝကို ရောက်လာသည်။

သီဟက 'သူရ'ဟုခေါ်သည်မို့ သူက 'ဘာလဲ'ဟုမေးဆတ်ပြလိုက်သည်။

"မင်း ဘယ်လိုစိတ်ကူးထားလဲ 'ပန်း'နောက်စကားလိုက်ပြောချင်လား"

"အေး"

"ဒါဆိုလိုက်ပြောစွာ၊ ငါတို့ဘာကနေ့ သက်သက်ကိုတောင်မေးမြောက်မေးစကားပြောထားမယ်၊ အဲဒီအချိန် မင်းက 'ပန်း'ကိုကြည့်ရှိုးပေါ့"

သီဟက အစီအစဉ်ဆွဲကာပြောပြသည်။ သူ 'ပန်း'ကိုစကားလိုက်ပြောဖို့မဆိုထားနှင့်ပြောမယ်ကြံရုံလေးနှင့်ကိုပဲ ရင်အတော်ကြီးခုန်နေလေပြီ။

"ဘယ်လိုလဲ"

စိုးအောင်ကပါ ငိုင်နေသေးသောသူ့ကိုဝင်မေးသည်။

"ငါ . . . ငါ . . . ဖြစ်ပါ့မလား၊ ဟိုတစ်ခါကလို"

"အာ မင်းကလည်း ငါတစ်ယောက်လုံးဘေးကပါမှာပါကွ၊ မကြောက်စမ်းပါနဲ့"



www.burmeseclassic.com

www.burmeseclassic.com



သီဟအားပေးသည်။ စိုးအောင်ကတော့ 'အရေးအကြောင်းရှိလို့က တော့ ဒီကောင်ကပြေးပြီးသားပဲ'ဟုအရွှန်းဖောက်သည်။ မိုးတွေက တဖွဲဖွဲရွာလို့နေသည်။

သူတို့သုံးယောက်ကားပေါ်မှာထိုင်သည်နှင့် ရှေ့ခန်းမှ 'သက်သက်' တနောက်ခန်းကိုလှည့်ကြည့်သည်။

"ဟုတ်ပြီ ငါအကြံရပြီ"

စိုးအောင် လက်ဖျောက်တီးရင်းအားရပါးရဆိုသည်။

"ဒီအချိန်နောက်ရမယ့်အချိန်မဟုတ်ဘူးနော် ပြော ဘာလဲ"

'သီဟ' ကကြိုတင်ကာ လှမ်းမာန်ထားတော့ စိုးအောင်ကရယ်ဖြဲဖြဲဖြင့် 'အေးပါ'ဟုဆိုသည်။ ပြီးမှ

"ဒီလိုကွ အေးသာယာမှာ မိုးရွာနေသလို တောင်ပေါ်(တောင်ကြီး) မှာလည်းမိုးရွာနေမှာပဲ။ ငါသတိထားမိသလောက် အရင်က 'ပန်း'တို့နှစ်ယောက်စလုံးမှာ 'ရွှေရောင်'လက်ကိုင်ကောက်လေးနဲ့ဖဲခေါက်ထီးတွေအမြဲပါတယ်လေ"

"အေး ဟုတ်တယ် သူတို့လွယ်အိတ်သေးသေးလေးမှာချိတ် ချိတ်ထားတယ်"

"အေး အခုစာမေးပွဲတလော ထီးပါတာမမြင်ဘူး"

"ဒီတော့"

"ဒီတော့ ဟိုမှာမိုးရွာနေရင် 'ပန်း' ရဲ့လက်ထဲကလယ်ဂျာစာအုပ်တွေ တ 'သူ'လွယ်အိတ်သေးသေးလေးနဲ့မဆန့်ဘူး၊ ဒါပေမယ့် မိုးကရွာနေတော့ သူ့စာအုပ်မိုးစိုမှာကိုကြောက်မှာပဲ"

"ဟုတ်ပြီ"

"သူတို့က အရှက်အကြောက်ကြီးတော့ ဟိုမတ်တပ်၊ ဒီမတ်တပ်မိုးခိုမှာ မဟုတ်ဘူးမိုးရွာထဲပေလျှောက်မှာ"

"လိုရင်းကိုပြော ငါတို့မှာလည်းထီးမပါဘူး။ ဆိုင်ကနေထီးဝယ်ပြီး လိုက်ပေးရမှာလား"





"မဟုတ်ဘူးသိဟရ ထီးပေးလည်း 'ပန်း'လိုမိန်းကလေးက လက်ခံမှာလား၊ ဒီလိုကွ ပန်းတို့ရဲ့လွယ်အိတ်တွေနဲ့ လယ်ဂျာစာအုပ်ကြီးတွေမဆန့်ပေမယ့် သူ့ရဲ့ကျောပိုးအိတ်နဲ့ဆို ကောင်းကောင်းကြီးဆန့်တယ် သဘောပေါက်လား"

"ဪ ဟုတ်ပြီစိုးအောင် ငါသိပြီ။ အရင်ဆုံးသက်သက်ဆီကိုအစ် စာအုပ်တွေမိုးစိုသွားဦးမယ်။ ပေးပေးထည့်ခဲ့ပေးမယ် လမ်းကြုံနေတာပဲ ဘာညာ။ အဲဒီအချိန်မှာ သက်သက်ကတော့ သေချာပေါက်ပေးမှာပဲ၊ 'ပန်း' ကလည်း သက်သက်ပေးရင်အားနာပါးနာနဲ့ သူ့စာအုပ်လည်းပေးမှာပဲ"

"မင်းတော်တယ် သီဟ"

ကားငယ်ကတောင်တက်လမ်းလေးအတိုင်း တရိပ်ရိပ်ပြေးနေသည်။ သုံးယောက်သားတိုးတိုးတိုးတိုးဖြင့် အစီအစဉ်ဆွဲလို့ကောင်းတုန်း။ မိုးတတော့ လမ်းတစ်လျှောက်ရွာနေဆဲမို့ 'တောင်ပေါ်(တောင်ကြီး)မှာလည်းရွာနေပါစေ' ဟုဆုတောင်းရသေးသည်။

သူတောင်းသောဆုပြည့်ပါသည်။ ဂိတ်ဆုံးရောက်တဲ့အထိ မိုးတအသည်းကြီးမဟုတ်သော်လည်း ခပ်ဖွဲဖွဲရွာနေသေးသည်။ ရာသီဥတုကတော့ ကိုယ့်ဘက်ပါသည်ပေါ့။ 'ပန်း'တို့နှစ်ဦးရှေ့ခန်းကဆင်းသည်ကိုစောင့်ရင်း ပန်းတို့ပြီးသည်နှင့် သူနှင့်သီဟဆင်းသည်။ စိုးအောင်ကတော့ အေးရာအေးကြောင်း နောက်ကလိုက်လာမှာဖြစ်သည်။

သီဟက သူ့ပခုံးကိုဖက်ရင်း 'မကြောက်နဲ့ကြားလား'ဟုအားပေးသည်။

သူတို့နှစ်ယောက်ရှေ့ကသွားနေသော 'ပန်း'တို့ကို မီအောင်ခပ်သွက်သွက်လိုက်ရသည်။ ပန်းနှင့်ဘေးချင်းယှဉ်မိချိန်၌ သူ့ရင်၏ရင်ခုန်နှုန်းကား အမြင့်ဆုံးသို့ရောက်နေသည်။ ဒူးတွေကတုန်နေသလို ဘာတွေဘယ်ကစလို့ ဘာပြောရမှန်းမသိတော့လောက်အောင်လည်း နှုတ်ကဆွံ့အ,နေသည်။ သီဟစာလုပ်ငန်းစသည်။

" 'သက်သက်'ဖြေနိုင်လား"

"အင်း မဆိုးဘူး၊ နှင်တို့ရော"



www.burmeseclassic.com

www.burmeseclassic.com



"မဆိုးဘူး"

သက်သက်က ထင်ထားသလောက်လည်းမစိမ်းပါ။ ချက်ချင်း 'နင်' တွေ 'ငါ'တွေနှင့်ရင်းရင်းနှီးနှီးပြန်စကားပြောသည်။ ရွှေစွန်ညိုဘာကိုလိုလို့ဝံ့သည်ကို သိသည်ထင့်။ ပန်းကတော့ လယ်ဂျာစာအုပ်ကြီးကိုပွေ့ရင်းခေါင်းကို ငွတ်ငုံ့ထားသည်။

သီဟက 'လှုပ်ရှားလေ'ဟု မေးလွှဲပြသည်။ သူ့နှုတ်ခမ်းကိုတင်းတင်းစေ့ရင်းခေါင်းညိတ်ပြလိုက်သည်။ သက်သက်က အင်မတန်ခင်ဖို့ကောင်းပါသည်။ မသိမသာနောက်ကျန်ရစ်ကာ သီဟနှင့်စာမေးပွဲအကြောင်းတွေပြောနေသည်။ မိုးရွာထဲမှာ လေးယောက်သားခပ်သုတ်သုတ်လျှောက်နေကြသည်။

သူ သူ့ကိုယ်သူအားတင်းရင်း သတ္တိကိုမွေးလိုက်သည်။

"ပန်း"

"....."

"ပန်း ဟိုစာအုပ်တွေ မိုးစိုကုန်မယ် ငါ့အိတ်ထဲထည့်လာပေးမယ်လေ"

ကျွန်တော်တွေ ဘာတွေလုပ်မနေတော့ ရင်းနှီးစွာ 'ငါ'ဟုသုံးဖြစ်သည်။ ပန်းကဘာမှပြန်မပြော။ ခေါင်းကိုသာစွတ်ငုံ့ထားသည်။ သူဘာဆက်လုပ်လို့ ဘာဆက်ပြောလိုက်ရမှန်းမသိ။

"ပန်း စာ စာအုပ် ယူထားပေးမယ်လေ မိုးစိုကုန်မယ်"

ပန်းကဘာဆိုဘာမှပြန်မပြော။ စာအုပ်ကို လုယူမှာစိုးသည့်အလား ပိုမို၍ပင် တင်းတင်းကြပ်ကြပ်ပွေ့ဖက်လိုက်သေးသည်။ အစီအစဉ်တွေက ထင်ထားတွက်ထားသလိုမဟုတ်။ အမှန်က 'သက်သက်'ဆီကအရင်တောင်းပြီးမှ ပန်းဆီကစာအုပ်ပါရောတောင်း၊ ကျောပိုးအိတ်ထဲထည့်၊ သူဉာဏ်ကွန့်ပြီး တွေးထားတာက ပိုမို၍အကြောင်းပြပြီး လက်ဖက်ရည်ဆိုင်တစ်ခုခုမှာဝင်ထိုင်။ ဤသို့ဖြစ်သည်။ အခုတော့ အရာရာကတစ်လွဲစီ။ ခုတော့ပန်း၏ဘေးမှယှဉ်ကာ အမိလိုက်လျှောက်ရုံလျှောက်နေရသည်။

စကားတစ်ခွန်းလေးတောင် အားနာပါးနာပြန်မပြောဘဲ ရှေ့တူရူကိုသာကြည့်၍လျှောက်နေသော ပန်းကိုသူအသည်းယားလာသည်။ ဘယ်လိုက



လေးမပါလိမ့်။ အားနာစိတ်နည်းနည်းကလေးတောင်မရှိပါသောချစ်သူဆိုး။

'ပန်း'က ရှေ့ကိုသာကြည့်၍ လျှောက်နေရာက နောက်သို့ဆတ်ခနဲလှည့်သည်။

" 'သက်သက်' ရှေ့မှာနင့်အဖေနဲ့ ငါ့အဖေထီးနဲ့လာကြိုနေတယ်"

ပန်း၏စကားက သူ့နားကိုမိုးကြိုးပစ်လိုက်သလို လန့်သွားစေသည်။ 'ပန်း'၏အဖေနှင့် သက်သက်၏အဖေတဲ့။ သီဟက မျက်လုံးကြီးပြူးရင်း သူ့ကိုကြည့်သည်။ ပြီးသူနှင့်သီဟနှစ်ယောက်သားရှေ့တူရူကိုကြည့်တော့ လားလား။ ဖခင်နှစ်ယောက်က ထီးတစ်ချောင်းစီအပိုကိုင်ကာ ထီးတစ်ချောင်းစီကို ဆောင်းထားရင်း သူနှင့်သီဟကို ခပ်စူးစူးကြည့်နေကြသည်။ လက်ထဲကထီးများက ဓားများသာဆို လိုက်ခုတ်မည့်သဘောမှာရှိသည်။

တိုင်ပင်မထားပါဘဲ သူရောသီဟပါခြေလှမ်းတို့ အလိုလိုရပ်သွားကြသည်။ ဆက်လျှောက်လို့လည်းမဖြစ်။ ရှေ့မှာက ဓားနဲ့ပဲဆီးခုတ်တော့ မယောင်ယောင်၊ လှံနဲ့ပဲလိုက်ထိုးတော့မယောင်ယောင်ဒေါသဟုယူဆရသော အကြည့်ဖြင့်ကြည့်နေသည့် မတော်ရသေးသော ယောက္ခမ ထီးကြီး သမီးကိုယ်စီတို့ ထီးကိုယ်စီပေးပြီးသည်အထိ ကြည့်နေသောအကြည့်က သူနှင့်သီဟထံမှမခွာကြသေး။ နှစ်ကောင်သားဦးထုပ်ကုပ်လေးတွေဆောင်းထားတာ မိုးရွာထဲမှာ ကြွက်စုပ်သဖွယ်နေရာမှာပင် ကြောင်တောင်တောင်နှင့်ရပ်နေမိကြသည်။

'ပန်း'နှင့် 'သက်သက်'ရှေ့ကိုအတော်လေးရောက်တော့ နောက်တို့လှည့်ကြည့်ကြသည်။ သမီးများ၏အဖေများက ထိုအခါကျမှ သူတို့နှစ်ယောက်ကိုခပ်ထန်ထန်ကြည့်ရင်းချာခနဲ လှည့်ထွက်သွားကြသည်။

စိုးအောင်ကနောက်မှလိုက်မီလာသည်။

"မင်းကို ငါ 'ပန်း'တို့အိမ်နေရာကိုပြောပြထားသားပဲ။ မင်းကျောင်းပိတ်ရက် မင်းမြို့ကိုခဏပြန်ပြီးရင် ပြန်လာတဲ့အခါသွားပေါ့ဘာဖြစ်လဲ"

စိုးအောင်က သူနှင့်သီဟကိုပခုံးဖက်ကာလျှောက်ရင်း သူ့ကိုအားပေးစကားဆိုသည်။ တကယ်လည်း သိပ်မကြာသေးခင်ကမှ သီဟနှင့်စိုးအောင် ပန်း၏အိမ်လိပ်စာကို သူ့အားပြောပြခဲ့သည်။ သွားပင်သွားခိုင်းခဲ့ကြသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



သူမရဲခဲ့၊ မသွားဖြစ်ခဲ့။

နွေးသွားအောင် ခင်းကျင်းစဖြစ်သော ညစျေးတန်းမှလက်ဖက်ရည်ဆိုင်မှာ ကော်ဖီဝင်သောက်ဖြစ်ကြသည်။

"ဒီအတိုင်းဆို နောက်ကျောင်းဖွင့်ချိန်ဆို လာ လာကြိုနေမလား မသိဘူး"

သူတွေးတွေးဆဆပြောသောစကားကို စိုးအောင်က 'အာ အများကြီးဖြစ်နိုင်တာပေါ့'ဟုထောက်ခံသည်။ သူ့ရင်ထဲနင်တင်တင်ကြီးဖြစ်သွားရသည်။

"ငါလည်း မင်းတို့နောက်ကနေ အကဲခတ်မိပါတယ်။ 'ပန်း'က 'တေမိ' ဇာတ်ခင်းနေသလားအောက်မေ့ရတယ်။ စကားတစ်ခွန်းဆိုတစ်ခွန်းမှ ပြန်မပြော ဘူး"

သီဟကို စိုးအောင်ကပြောပြနေသည်။ ထိုစကားကိုကြားရပြန်တော့ သူ ရင်တာတာကြီးဖြစ်သွားရပြန်သည်။

"ငါကောင်က အဲဒီလောက်ကိုစွဲသလား"

စိုးအောင်က ရွဲ့တဲ့တဲ့ဆိုရင်း သူ့ထုံးစံအတိုင်း တခွိးခွိးဖြင့်ရယ်သည်။ သီဟကပါလိုက်ရယ်သည်။ သူတော့ မရယ်နိုင်ပါ။ ရင်ထဲမှာ ဝမ်းနည်းသလိုလို ဒေါသထွက်သလိုလို ခံစားမှုပေါင်းစုံဖြင့် ရှုပ်ယှက်ခတ်ကာနေသည်။

♣ ♣ ♣





ကလောကိုပြန်လာခဲ့ရသော်လည်း စိတ်ကတောင်ကြီးမှာကျန်ရစ်ခဲ့သည်။

ကလောက သူငယ်ချင်းများက 'မင်း ကျောင်းမှာ ရည်းစားမရခဲ့ဘူးလား'ဟုစ,ရင်းနောက်ရင်းမေးသောအခါမျိုးမှာ သူစိတ်ညစ်ရသည်။ နဂိုတည်းက 'ပန်း'ကို လွမ်းရသည့်ကြားထဲ ပိုလွမ်းအောင် ဖန်နေရသလိုဖြစ်နေသည်တို့။

'ပန်း'နှင့် ပတ်သက်သောကိစ္စကိုတော့ ရင်မဖွင့်မိ။

နားလည်ရခက်သောပန်းကို သူလွမ်းသည်။ ချစ်သူတွေမို့လွမ်းရသည်က အဓိပ္ပာယ်ရှိ၏။ အခု ပန်းနှင့်သူက သူငယ်ချင်းအဆင့်တောင်မတက်သေး။ သို့သော် သူလွမ်းသည်။

'ပန်း'ရော။ ပန်းကတော့ လွမ်းဖို့နေနေသာသာ သတိတောင်ရမှာမဟုတ်။ သက်သက်နဲ့များစကားတွေစပ်မိရင်းက သူ့အကြောင်းများပြောမိနေလေမလားဟု သူမရဲတရဲရင်ခုန်စွာတွေးဖြစ်သည်။

သီဟတို့စိုးအောင်တို့လည်း 'ကလော'ကို ဆင်းလာကာ လာလည်ဦးမည်ဆိုပြီးရောက်မလာကြ။

နိုင်ဦးကိုလည်း ရုတ်တရက်သတိရသည်။ နိုင်ဦးကတော့ သူ့ Parado ကြီးနှင့် ပန်း၏အိမ်ရှေ့ကနေ ကူးချည်သန်းချည်လုပ်နေနိုင်သည်။

နိုင်ဦးလို ရုပ်ရည်မျိုးနှင့် ၎င်း၏ပိုင်ဆိုင်မှုက 'ပန်း'၏ရင်ကိုရော ဦး



www.burmeseclassic.com

www.burmeseclassic.com



နောက်ကိုပါ မလှုပ်ရှားစေနိုင်ဘူးတဲ့လား။ တွေးရင်းတွေးရင်းနှင့် သူရင်တို့ပူလာရသည်။ စစ်တုရင်ပြိုင်ပွဲတုန်းက 'ပန်း'ဆီက တစ်ရှူးကိုလှမ်းယူရင်း မလိုအပ်ပဲ ကျေးဇူးတင်စကားကိုအကျယ်ကြီးပြောခဲ့တာကို သူပြန်ကြားယောင်သည်။

စစ်တုရင် Final ပွဲမှာ နိုင်ဦးကိုရှုံးခဲ့သလိုမျိုး ပန်းကိုရော အရှုံးပေးရဦးမှာတဲ့လား။ နေရင်းထိုင်ရင်းနှင့် ပန်းကို နိုင်ဦးရယူသွားနိုင်တာကို တွေးတွေးရင်းနေမထိထိုင်မသာဖြစ်လာရသည်။ ပြီး နိုင်ဦးကလည်း ပန်းကိုစာအစောင်စောင် ဆက်သ,ခဲ့ဖူးသည်လေ။ ကျောက်စိုင်တွေတောင် 'နှဲ့'များတော့ ယိုင်လာသေးတာ။ စာတွေအစောင်စောင်နဲ့ ပန်းရဲ့အချစ်ကို 'နှဲ့'ယူမသွားနိုင်ဟု သူတပ်အပ်မပြောရဲ။

နိုင်ဦးက တော်တန်ရုံ မိန်းကလေးတိုင်းခေါင်းမခါချင်လောက်သော အရည်အချင်းတို့ရှိသည်လေ။ သူ့အနေနှင့်လည်း ကားနှင့်ကျောင်းမတက်နိုင်သည်မဟုတ်။ သူက သာမန် Saloon လောက်စီးနိုင်ချိန်မှာ နိုင်ဦးက Parado လိုကားမျိုးနှင့်ဖြစ်သည်။

ပြီး သူကမလိုအပ်ပါဘဲ ယောကျ်ားကြီးတန်မဲ့ ပြောင်ပြောင်လက်လက်ဖါဝါဝင်းဝင်းတွေဝတ်ရမှာရှက်သည်။ များသောအားဖြင့် မိန်းကလေးတော်တော်များများက ကိုယ်ရောင်ကိုယ်ဝါတောက်ပဝါဝင်းလေကြိုက်လေဖြစ်သည်။ ပန်းကရော မိန်းကလေးတွေထဲက မိန်းမသားပေမို့ ရုပ်ရည်၊ ဥစ္စာ၊ ပညာဆိုစရာမရှိဟုယူဆနိုင်သော နိုင်ဦးအပေါ် မှာ စိတ်တိမ်းညွတ်မသွားနိုင်ဘူးတဲ့ လား။

တွေးလေရင်တို့က ပူလေဖြစ်သည်။ ဘာပဲပြောပြော ပန်းကိုလွမ်းသည်။

♣ ♣ ♣





လွမ်းတယ် ... ကောင်မလေး
နင်ရယ်ငါ
ဘာမှ .... မဆိုင်ပါဘဲနဲ့လေ
ဒါပေမယ့် အလွမ်းတကော့ အလွမ်းတွေထဲမှာ
(အဲဒီ) ဘာမှမဆိုင်ဘဲ .... လွမ်းရတဲ့ အလွမ်းက
ခံရ အခက်ဆုံးကွဲ့။

www.burmeseclassic.com

www.burmeseclassic.com



လွှမ်း လေတွေးဖြစ်လေ။ တွေးဖြစ်လေ ပန်းနဲ့ နိုင်ဦးနီးစပ်သွားမှာကို တွေးကြောက်လေလေ။ နောက်ဆုံးတော့ သူကျောင်းမဖွင့်သေးပါဘဲ တောင်ကြီးကို တက်လာဖြစ်သည်။

"ကျောင်းမဖွင့်သေးဘဲနဲ့ ငါ့မောင် ရောက်ချလာပုံထောက်တော့ ဧကန္တ မရိုးတော့ဘူးထင်တယ်"

ရောက်ရောက်ချင်းဆောက်နှင့်ထွင်းဆိုသလို အစ်ကိုဖြစ်သူ၏ဇနီးက ဆီးပြီးနောက်သည်။ 'မဟုတ်ပါဘူး'ဟု ရှက်ရှက်ဖြင့် ဗလုံးဗထွေးငြင်းရင်း ကျောပိုးအိတ်ချပြီးသည်နှင့် သီဟတို့စိုးအောင်တို့ဆီသွားရန်ပြင်သည်။

"ဦးဦးက ရောက်တာနဲ့ထွက်တော့တာပဲ"

အစ်ကို၏တစ်ဦးတည်းသောသမီးဖြစ်သူ သူ့တူမကပါ စသည်မို့ သူ ရှက်ရယ်ရယ်ဖြစ်သည်။ မြို့မဈေးဆီလမ်းလျှောက်ကာ မြို့ပတ်ကားကိုစီးရင်း သီဟဆီသွားကာ သီဟအိမ်ကနေ စိုးအောင်အိမ်ကို ကူးကြသည်။

"ဟာ! အချစ်ဒုက္ခသည်ကြီးရောက်လာပြီလားဟေ့"

စိုးအောင်ကလည်း မြင်သည်နှင့်တစ်ပြိုင်နက် ဆောက်ဖြင့်ထွင်းပြန်သည်။

"လုပ်- လုပ် အဝတ်လဲ Tea ဆိုင်သွားရအောင်"

သီဟဆော်ဩတော့ စိုးအောင်က 'ခဏစောင့်'ဟုဆိုကာ အဝတ်လဲ





သည်။ ပြီး- သုံးယောက်သားစကားတဖြောင်ဖြောင်ပြောဖြင့် လမ်းလျှောက်ကာ Seven Eleven ကဖေးဆီထွက်ခဲ့ကြသည်။ ၎င်းဆိုင်ကလေးက မြသုခရုပ်ရှင်ရုံနှင့် မျက်စောင်းထိုးလောက် မှာဖြစ်သည်။ ပန်းတို့အိမ်ပြန်ရာ လမ်းချိုးလေးနှင့်လည်း သိပ်မဝေးလှ။ ဝါးနှစ် ရိုက်ခန့်ပဲရှိသည်။

"မင်းဘယ်လို စိတ်ကူးထားလဲ"

ဘာကိုရည်ရွယ်ပြောဆိုမှန်းသိသော်လည်း စိတ်ကူးထားတာမရှိသည်မို့ သူခေါင်းကိုခါပြလိုက်သည်။ တကယ်တမ်းတဲ့ ဘာတွေလုပ်ရမှန်းမသိအောင်ကို သူထုံထိုင်းနေပြီဖြစ်သည်။ သူသိတာတစ်ခုပဲရှိသည်။ ပန်း၏အချစ်ကို သူတသာလက်ဦးချင်သည်။ ပိုင်ဆိုင်ချင်သည်။

"ငါ ပန်းကိုအရမ်းလွမ်းတယ်ကွာ၊ သူ့ကိုအရမ်းတွေ့ချင်တယ်"

ရင်ထဲရှိတဲ့အတိုင်းကိုပဲ ဆိုင်သည်မဆိုင်သည်မသိပြောဖြစ်သည်။

"ဒါများ အခုသွားကြည့်မလား"

သူဘာမှမတုံ့ပြန်ဖြစ်။

"ငါတစ်ခေါက် သူ့အိမ်ရှေ့ကနေဖြတ်သွားဖူးတယ်။ ပန်းတို့အိမ်တစတိုးဆိုင်လေးဖွင့်ထားတယ်ကွ၊ နောက်ဆုံးကွာ သူ့ဆိုင်မှာမုန့်တစ်ခုခုဝယ်စားသည်းဖြစ်တာပဲ၊ တစ်ခုပဲရှိတယ် ငါတို့သွားတဲ့အချိန်မှာ ပန်းရှိမရှိတော့သေချာဘူး"

စိုးအောင်က လက်ဖက်ရည်သောက်ရင်းဆိုသည်။

"ပန်းမှာ အစ်ကိုတွေ မောင်တွေရှိလားမသိဘူး"

"ဘာဖြစ်လို့လဲ ထွက်ရိုက်မှာစိုးလို့လား"

သူပြောသောစကားကို သီဟက နောက်သည်။ ပြီးမှ

"ဟိုတစ်ရက်ကပဲ သက်သက်နဲ့တွေ့လို့ ငါအစ်ကြည့်ပေးထားပါတယ်ကွ ပန်းမှာညီမတစ်ယောက်ရှိတယ်။ ပန်းလိုပဲဆံပင်အရှည်ကြီးတဲ့၊ နောက်ပြီး ပန်းသက်လည်းအများကြီးချောတယ်ဆိုပဲ၊ ငါတောင် ကောင်မလေးကိုမမြင်ဖူးခင်တတည်းက 'သက်သက်'စကားကြားရုံနဲ့ ကြိုက်ချင်ချင်ဖြစ်နေတယ်။ အပြာကြီးမရဘူးကွ ကံတရားကြောင့် မင်းနဲ့ငါနဲ့မယားညီအစ်ကိုဖြစ်ချင်ဖြစ်နေဦးမှာ



www.burmeseclassic.com

www.burmeseclassic.com



အပေါ်ပေါ့"

သီဟက သူ့စကားနှင့်သူ သဘောကျကာ ရယ်သည်။ စိုးအောင်က သောက်ညင်ကပ်ဟန်ဖြင့်ကြည့်ရင်း မျက်နှာကြီးရှုံ့ကာ တစ်ဖက်ကိုမျက်နှာလွှဲသွားသည်။

"ပြီးတော့ သက်သက်ကပြောသေးတယ်။ ပန်းကအရမ်းကြောက်တတ်တာတဲ့။ ယောက်ျားလေးတွေစကားလိုက်ပြောရင် လက်ဖျားတွေဘာတွေအေးစက်တဲ့အထိ ကြောက်တာတဲ့ကွ၊ မင်းနဲ့ငါစာမေးပွဲနောက်ဆုံးရက်ကလိုက်ပြီး စကားပြောတာ ခမျာ အိမ်ပြန်ရောက်တဲ့အထိဒူးတွေတောင်တုန်နေတယ်ဆိုလား"

"တုန်မှာပေါ့ အဲဒီနေ့က ဘီလူးနဲ့ တစ္ဆေနှစ်ကောင်စလုံးကပ်ပါနေတာကိုး"

စိုးအောင်က စောစောကသောက်ညင်ကပ်နေသော အပြုံးနှင့်ကြုံတုန်းဆော်သည်။ ဘီလူးနှင့်တစ္ဆေတဲ့။

"ကျားလိုက်သလိုပြေးတယ်ဆိုတာ ငါတော့ အဲဒီနေ့က ကြုံဖူးတာပဲ၊ ဘယ့်နှယ်ကွာ ကောင်မလေးနှစ်ယောက်ကိုကြည့်ပြီး ငါသနားလိုက်တာကွာ။ မင်းတို့ လိုက်နေတာကြီးက အတွေ့အကြုံမရှိတာအသိသာကြီး ကားယားကားယားနဲ့ ဟားဟားဟား"

စိုးအောင်က ပြောချင်တာပြောပြီး တဟားဟားနဲ့ ရယ်သည်။ ဟုတ်လည်းဟုတ်သည်။ အဲဒီနေ့က အရာရာကမောက်ကမတွေဖြစ်ကာ ကံကောင်းလို့ အထိုးမခံရတာဖြစ်သည်။

"နေဦး ငါတို့ကသာ ပန်းတို့ဆိုင်သွားမယ်ပြောနေတာ၊ ပန်းတို့အဖေက ငါနဲ့သီဟနဲ့ကို မှတ်မိချင်မှတ်မိနေမှာကွ"

"အာ. . . အဲဒီနေ့ကဦးထုပ်ကုပ်ကြီးတွေဆောင်းထားတာ မှတ်မိမှာမဟုတ်ပါဘူးကွ။ မျက်စိကမှုန်မှုန်နဲ့ ဒီနေ့သွားကြည့်ပါလား ကိုးရိုးယားခင်းသားနှစ်ကောင် မျက်စိလည်ပြီး ငါ့ဆိုင်ရောက်လာတယ်ဟဆိုပြီး သူ့သမီးနှစ်ယောက်စလုံးကိုတောင်ခေါ်ပြချင်ပြနေမှာ"





သူ့စကားအဆုံးမှာ အရွှန်းဖောက်သော သီဟ၏စကားကိုကြားတော့စိုးအောင်က ဟက်ခနဲခနဲ့ရယ်ရယ်သည်။

"ငါမျက်စိထဲမြင်နေတာကတော့ မင်းတို့ပြောတဲ့ 'ပန်း'ထက်ချောတယ်ဆိုတဲ့ သူ့ညီမကငါ့ကိုဝမ်းသာအားရ မိတ်ဆက်၊ အော်တိုတွေဘာတွေနေ့ခိုင်း၊ ကော်ဖီတွေဘာတွေဖျော်တိုက်နဲ့ အလုပ်ရှုပ်နေတဲ့အချိန်မှာ မင်းတို့နှစ်ကောင်ကို အဘိုးကြီးကမှတ်မိပြီးတော့ ဓားနဲ့မင်းတို့နောက်ကိုလိုက်၊ မင်းတို့ကခွေးပြေး ဝက်ပြေး လင်းတပြေးပြေး၊ အဲဒီအချိန်မှာ ငါနဲ့ညီမနဲ့ကတစ်ယောက်နဲ့တစ်ယောက်မုန့်တွေဘာတွေတစ်ယောက်တစ်လှည့်ခွံ့ကျွေး မင်းတို့ကတော့ ပြေးပြီးရင်းပြေးပေါ့။ ကောင်းပါတယ် ငါ့ကိုပါရမီဖြည့်ကြပေါ့။ ရရာအခန်းကဏ္ဍ ကလေးတွေကနေလေ။ အပေါ်ပေါ့"

စိုးအောင်ကလည်း သူ့ဘာသာသူတွေးရင်းဆိုသည်။ ပြီးတပေါ်ပေါ်နှင့်ရယ်နေလိုက်သေးသည်။

"တော်ပြီ တော်ပြီ မင်းတို့နှစ်ကောင်လုပ်တာနဲ့ ပန်းရဲ့ညီမလေးတော့ ဒုက္ခပဲ။ မရဘူး ငါကသူ့ကိုအပျိုကြီးပဲလုပ်ခိုင်းမှာ။ ငါနဲ့ပန်းနဲ့ရတဲ့ကလေးတို့ သူ့ပဲထိန်းခိုင်းရဦးမှာကွ၊ မင်းတို့နှစ်ယောက်စလုံးနဲ့လည်း မယားညီအစ်ကို မတော်နိုင်ပေါင်ကွာ"

သူ့စကားကြောင့် သီဟက ရွဲ့ကာ 'ဟာဟာဟာ'ဟု ဝစ်စနှစ်လုံးပေါက်အသံမထွက်ဘဲ ခနဲ့ရယ်ရယ်သည်။ စိုးအောင်က 'သူမို့မရှက်တယ်ငါ သူ့အစားရှက်ပါတိ'ဟုဆိုရင်းမျက်နှာကိုလက်နှစ်ဖက်နှင့်အုပ်ကာထားသည်။ သူ ရှက်ရှက်နှင့် ဇာဟဲ့ဟဲသာရယ်နေဖြစ်သည်။ ဒီကောင်တွေနှိပ်ကွပ်ကြပုံများ။

"သီဟ ငါရှက်တယ်ကွ၊ ငါရှက်တယ်"

"မုန့်ဆီကြော်နဲ့ ငါ့နှုတ်ခမ်းနာတည့်ပါမလားစိုးအောင်"

နှစ်ကောင်သားအတွဲတိုင်အဖောက်ညီညီဖြင့် နှိပ်ကွပ်နေကြသည်မို့ သူ ရှက်ပြီးရင်းရှက်လာရသည်။ ရှက်ရှက်နှင့်ပင်ဟဲဟဲသာရယ်ဖြစ်သည်။ လက်နှင့်မျက်နှာကို အုပ်ထားသော စိုးအောင်က လမ်းမဘက်ကိုလက်ချောင်းကြားမှကြည့်ရင်း 'ဟာ ဟိုမှာနီနီနဲ့မခမ်းဆိုင်'ဟုထအော်သည်။ ပြီးထလိုက်ပြေးသွား



www.burmeseclassic.com

www.burmeseclassic.com



သည်။

စိုးအောင်ပြန်လာတော့ နီနီနှင့်မခမ်းဆိုင်အပြင် သူတို့မသိသော တောင်မလေးတစ်ယောက်ပါလာသည်။

"နင်တို့သုံးယောက်ဘယ်လဲ"

သီဟမေးသောအမေးကိုမဖြေသေးဘဲ နီနီတို့က တစ်ယောက်မျက်နှာကိုတစ်ယောက်ကြည့်နေကြသည်။ သူမတို့ပုံစံက ရှက်ကိုးရှက်ကန်းဟန်ထွက်နေသည်မို့ တစ်ခုခုတော့ တစ်ခုခုပဲဟုတွက်မိသည်။ အခုတော့ အားကစားပွဲတတည်းက သူ့ကိုမခေါ်ဘဲ ဒဏ်ခတ်ထားသောကာလလည်းကျော်လာပြီမို့ မခမ်းဆိုင်တို့လည်း သူ့ကိုခေါ်နေကြပြီဖြစ်သည်။ သို့သော်ကြုံလျှင်တော့ ကြုံသလို နှိပ်ကွပ်မြဲဖြစ်သည်။ ကမ္ဘာကြေသော်လည်း ဥဒါန်းမကြေဘူးဆိုတာလိုမျိုး။ ခု သီဟမေးတာကို မဖြေကြသေးဘဲ ရှက်ကိုးရှက်ကန်းဖြစ်နေကြတုန်း။

"ဟဲဟဲဟဲ ရပြီ မဖြေတော့နဲ့ ငါသဘောပေါက်ပြီ"

"ဘာလဲ"

သီဟ၏ရယ်ဖြဲဖြဲစကားကြောင့် နီနီကမလုံမလဲထပြီး 'ဘာလဲ'ဟုမေးသည်။

"ငါတို့မသိစေချင်တဲ့ တစ်ခုခုပေါ့၊ ဟိုဟာ ဒီဟာတွေဝယ်မလို့မဟုတ်လား ဟီးဟီး"

"တဲ့ သေနာကျ နင်လျှောက်ပြီးမဟုတ်တာမတွေးနဲ့"

သီဟအပြောကို မခမ်းဆိုင်က ဆူသည်။ မျက်နှာကြီးကနီလို့။

"ဟုတ်ပါတယ် သိပါတယ်ဗျာ အဟီ"

"ရော်- မဟုတ်ပါဘူးဆို"

သူကတော့နားမလည်ပါ။ ဘာတွေပြောနေကြမှန်းမသိ။ 'အဟီ'ခဲ့တာ သီဟကရယ်တာမဟုတ်။ တမင်စိတ်တိုအောင်ကလိသည့်အနေနှင့် ပြောင်ချော်ချော်နှင့် နောက်ခြင်းဖြစ်သည်။ နီနီကလည်း ဘာကိုသဘောပေါက်သည်မသိ။ မဟုတ်ဘူးဟုဖွင့်ငြင်းသည်။ ဘာတွေမှန်းကို မသိ။

"သိနေတယ်နော် အဟီ"





"သီဟနော်"

မခမ်းဆိုင်ကပြောလည်းပြော မျက်နှာပိုးမသေသော သီဟ၏ဇက်ပိုးကို 'ဘုန်း'ခနဲရိုက်သည်။

"အမလေးဗျ သိနေတယ်နော် သိနေတယ်"

"ဒုက္ခပဲ"

နီနီက သီဟကိုလက်မြှောက်အရှုံးပေးဟန်ဖြင့် ရေရွတ်သည်။ မခမ်းဆိုင်ဘက်လှည့်ပြီး 'ပြောပြလိုက်ရမလား အစ်မ'ဟုမေးသည်။

"ပြောမနေနဲ့ တစ်ခါတည်းသာခေါ်ခဲ့ အဖော်ရတာပေါ့"

မခမ်းဆိုင်၏စကားကြောင့် စိုးအောင်က 'ဗျာ'ခနဲအလန့်တကြားထအော်သည်။ ပြီး မျက်နှာပြောင်ချော်ချော်ဖြင့်

"လိုက်ရဲဘူး လိုက်ရဲဘူး"ဟုဆိုသည်။

"အေးလေ မလိုက်တာ ဘယ်သွားမယ်မှန်းမသိ၊ ဘာလုပ်မယ်မှန်းမသိနဲ့။ ပြီးတော့ ငါတို့က ရိုးရိုးအအယောကျ်ားသားလေးတွေ"

"လဲသေလေ"

စိုးအောင်စကားကို နီနီက ရှက်ရယ်ရယ်နေတုန်း သီဟက အထက်ပါအတိုင်းဆိုသည်။ 'လဲသေလေ'ဟုမခမ်းဆိုင်က မေတ္တာပို့သည်။ ပြီးမှ-

"လိုက်မှာလား မလိုက်ဘူးလား ဒါပဲပြော"ဟုခပ်ဆတ်ဆတ်ဆိုသည်။

"လိုက်တော့လိုက်ချင်ပါရဲ့ ဒါပေမယ့် ကြောက်တယ်၊ နင်တို့သုံးယောက်ကိုကြည့်ရတာ ခိုးကြောင်ခိုးဝှက်နဲ့ မသင်္ကာစရာကောင်းတယ်၊ ငါတို့ကို ရိုးရိုးအအ ယောကျ်ားသားလေးတွေဆိုပြီး . . ."

"သေနာ"

"နေခဲ့ကြ လာနီနီသွားမယ်"

စိုးအောင်၏စကားကြောင့် နီနီက 'သေနာ'ဟုကင်ပွန်းတပ်သည်။ မခမ်းဆိုင်က'သွားမယ်'ဟုဆိုကာဆိုးဆိုးဆတ်ဆတ်ထသွားသည်။

"ဟာ ဟေ့နေဦး စားပွဲထိုး၏ ရှင်းမယ်"

ငွေအမြန်ရှင်းကာ မယ်ဒေါ်သတို့၏နောက်ကိုလိုက်ရသည်။ အခုထိ



www.burmeseclassic.com

www.burmeseclassic.com



သူမတို့ဘယ်သွားမည်ကိုမသိ။ သူမတို့နောက်ကို သုံးယောက်သားလိုက်လာကြပြီမှန်းသိသောအခါ ကျေးဖူးရှင်မသုံးယောက်က ဆတ်တောက်ဆတ်တောက်နှင့်ခပ်သွက်သွက်ပင် လျှောက်လိုက်ကြသေးသည်။

"လိုက်ချင်မှလိုက်နော် စိတ်မပါဘဲနဲ့ကတော့မလိုက်ကြနဲ့ ဒါပဲ"

နီနီကနောက်လှည့်မကြည့်ဘဲပြောသည်။ မခမ်းဆိုင်က 'အလကားငနောက်တွေ'ဟုရေရွတ်သည်။ သူတို့သုံးယောက်ကတော့ ဘုမသိဘမသိဖြင့်သူမတို့နှင့်ဘေးချင်းယှဉ်လျက်ကြီးလျှောက်နေကြသည်။ သူမတို့ဘယ်သွားမည်ကိုပင်မသိ။

သုံးယောက်သား ရယ်လိုက်မောလိုက်နောက်လိုက်နှင့် သူမတို့နောက်တကောက်ကောက်လိုက်သွားဖြစ်ကြသည်။

♣ ♣ ♣





"ဖေလား အချိုးကိုမပြောဘူး။ တစ်လောကလုံး သူတို့ပဲရှိနေလားမသိဘူး"

ပန်းက မေးငေါ့ရင်းဆိုသည်။ သက်သက်ကတော့ အံ့သြ၍သာနေသည်။ ပန်းသတင်းလေညင်းဆောင်မှ သူရနှင့်နီနီသတင်းက ဟိုလိုလို ဒီလိုလိုကြားတော့ကြားမိသည်။ အခုတော့ မျက်မြင်ကိုယ်တွေ့ 'ပန်း'ပြောလည်းပြောချင်စရာ တဟီးဟီး တဟားဟားနှင့် တောင်ကြီးမိန်းလမ်းဘေးဝလက်ဖောင်းတစ်ခုလုံး သူတို့နဲ့ချည်းပြည့်နေသည်။

"ယောကျ်ားတွေမယုံရဘူးဆိုတာ အဲဒါကိုပြောတာ"

ပန်းကနောက်တစ်ခေါက်ဆိုသည်။

"အေးလေ လူပုံကရိုးသလိုလိုနဲ့ လှေနံနှစ်ဖက်နင်းချင်တယ်"

သက်သက်ပါရောယောင်ပြီးထောက်ခံမိသည်အထိ။ ကြည့် နီနီတသူရ၏လက်မောင်းကိုတဖျတ်ဖျတ်ရိုက်လို့။ သူရကလည်း ခေါင်းမော့လည်မော့နဲ့ ရယ်နေသည်။ တော်ေ ာ်ကြည်နူးနေကြဖုံပေါက်သည်။

"သက်သက် ဘာဝယ်စရာရှိသေးလဲ"

"မရှိတော့ဘူး၊ ပန်းရော"

"ပန်းလည်းဝယ်စရာမရှိတော့ဘူး"

သက်သက်အံ့သြနေမိသည်။ တကယ်တန်းကျ ယောကျ်ားပီသတာ



www.burmeseclassic.com

နှမ္ဗိုချောမောသောသူရကို သူမ ပန်းနှင့်သဘောတူသည်။ လာမယ့်ကျောင်းဖွင့်ချိန်မှာ သူမဘက်က အတတ်နိုင်ဆုံးကြိုးစားပေးရန်လည်းဆုံးဖြတ်ထားသည်။ အခုလိုပွဲစံမျိုးနှင့် သူရနှင့်နီနီ့ကို မျက်စိနှင့်တပ်အပ်တွေ့လိုက်ရတော့ သူမ သူ့ရကိုကောင်းကောင်းကြီးစိတ်ပျက်သွားသည်။

သူမတောင်စိတ်ပျက်သည်ဆိုမှတော့ ပန်းဆိုမေးနေစရာပင်မလိုတော့။ နဂိုကတည်းက ပန်းက တော်တန်ရုံယောကျ်ားဆို အထင်ကြီးတာမဟုတ်။ တော်ပါသေးသည်။ လူရုပ်ကိုမှ အခင်ဆုံးသူငယ်ချင်းနှင့်အောင်သွယ်တော်လုပ်ပေး မိတော့မလို့။

● ● ●





နီနီတို့လာသောနေရာကိုရောက်တော့မှပဲ သူတို့သုံးယောက်သိရတော့သည်။ မိန်းကလေးပီသကြပါပေ့ဟုလည်း တွေးမိသည်။

အိမ်အဝင်ဆိုင်းဘုတ်မှာ ရေးထားသော ဆြာမကြီး၏နောက်ဆက်တွဲ ပညာရပ်တို့ကမသေးလှ။ ဓာတ်ရိုက် ဓာတ်ဆင်၊ ယတြာ၊ ဗေဒင်လက္ခဏာ အကြားအမြင် ဆြာမကြီးတဲ့။

အလုပ်ခန်းမှာ သူတို့အားလုံးထိုင်မိတော့ ဆြာမကြီးဆိုသူကထွက်လာသည်။ ကတော်ဟန်ပန်အပြည့်ဖြင့် ဘုရား၊ တရား၊ သံဃာရတနာသုံးပါးနှင့်တကွမျှားမြောင်စုံလင်လှစွာသော သူမကိုးကွယ်သည့် ဘာညာ သာရတာတို့ကို ကန့်လန့်ကာနောက်ကွယ်မှ ထွက်လာပြီးအငြိမ့်မင်းသမီးလက်အုပ်ချီ သလို 'လှတပတ'ရှိခိုးသည်။ ပြီးမှ အားလုံးကိုခြုံပြီး 'သွားတိုက်ဆေးကြော်ငြာ ရိုက်သလို သွားကုန်ပေါ်အောင်ပြုံးပြသည်။

ယောကျ်ားကြီးတန်မဲ့ လိမ်းခြယ်သထားလိုက်သည်မှာ အားမနာတတ် ဘူးဆိုလျှင် လက်ညှိုးထိုးကာ ထိုင်ရယ်ပစ်ချင်စရာပင်ကောင်းသေးတော့သည်။ အဲ . . . ဆြာမကြီးဆိုသည့်ဘွဲ့ကိုလည်း ခပ်တည်တည်နှင့်ယူထားလိုက်သေး သည်။

နီနီ၊ မခမ်းဆိုင်နှင့် ဟိုကလေးမက သူမတို့သိချင်သမျှကိုမေးမြန်း ကာ ဆြာမကြီးကလည်း အာရုံခံ၍တစ်နည်း၊ အထက်ကိုအာရုံပြု၍ အခြင်းနှင့်



www.burmeseclassic.com

www.burmeseclassic.com



တစ်သွယ်၊ ကျောက်သင်ပုန်းနှင့်ကျောက်တံနှင့်တွက်ချက်ခြင်းက တစ်တန်စသည်ဖြင့် ပညာကုန်မီးကုန်ယမ်းကုန်တွက်ချက်ကာ ဟောပေးလေသည်။ နီနီတို့ သုံးယောက်နှုတ်က 'မှန်လိုက်တာ'ဆြာမကြီးရယ် စသဖြင့်ထောက်ခံနေကြသည်။ သီဟက သူ့နားကပ်ကာခပ်တိုးတိုးပြောသည်။

"ငါ့အဒေါ်တစ်ယောက်ကို လိုက်ပို့ဖူးတယ်ကွ။ ကားကြီးကားငယ်တွေနဲ့ကိုလာလာမေးကြတာ၊ နာမည်ကြီးတော့ နာမည်ကြီးပဲ"

ခဏကြာတော့ ဆြာမကြီးက 'ခဏလေးနော်'ဟုဆိုကာ အိမ်အောက်ဆင်းသွားသည်။

"နီနီ နင်ပြောတော့ အရမ်းမှန်တယ်ဆို"

"အာ- မခမ်းဆိုင်ကလည်း သမီးလည်း သူများပြောတဲ့အတိုင်းပြောဖြတာပဲ ဥစ္စာ"

နီနီနှင့် မခမ်းဆိုင်တို့နှစ်ယောက်ကငြင်းခုန်မှုကို တိတ်တဆိတ်ပြုလုပ်နေကြသည်။

"ဟာ နင်တို့ပဲ မှန်လိုက်တာဆို ထောက်ခံနေကြပြီးတော့"

သီဟက ခပ်တိုးတိုးဝင်မေးသည်။

"ရွဲ့တာဟဲ့ ရွဲ့တာ တစ်ခုမှမမှန်ဘူး"

"အေးလေ နောက်ဖြစ်ကတာလွဲ၊ ရှေ့ဖြစ်ကတချော်"

"ဒါဆို ပြန်ကြမယ်လေဟာ"ဟုသူပြောတော့

"ဟာ- အားနာစရာကြီး နင်တို့ကလည်း ခဏစောင့်"ဟုနီနီတို့ကဆိုပြန်သည်။

တကယ်လည်း ခဏစောင့်ပြီးချိန်မှာ ဆြာမကြီးပြန်ရောက်လာသည်။ နှုတ်ခမ်းနီက စောစောကထက် နီရဲလာတာကိုတွေ့ရသည်။ အလှသွားပြင်လာလေသလားမသိ။

"ဆြာမကြီးက 'ကဲ ဘာမေးချင်ကြသေးလဲ'ဟု သူ့ကိုယ်သူယုံကြည်စွာဆိုလာသည်။

"ဟို ဒီသမီးသူငယ်ချင်းလေ အခုတလောကျန်းမာရေးသိပ်မကောင်း





ချင်လို့ အဲဒါ"

"အိုရတယ်လေ"

"နီနီကတော့ လုပ်ပြီ"ဟု အားလုံးသိလိုက်ကြသည်။ သူ့ကိုလက်ညှိုးထိုးကာဆိုလိုက်သည်။ သူငြင်းရန်ပြင်ချိန်ပင်မရတော့ သူ၏မွေးနေ့ သက္ကရာဇ် ဘာညာအကုန်လုံးကို နီနီကအလွတ်ရွတ်ပြနေသည်။ သူအံ့တော့အံ့အားသင့်သွားရသည်။ နီနီက သူ၏မွေးနေ့၊ မွေးလ၊ နှစ်အကုန်သိနေသည်ကိုး။

ကျောမလုံစွာ သီဟနှင့်စိုးအောင်ကိုကြည့်တော့ သကောင့်သားနှစ်ကောင်က သူ့ကိုပြောင်ချော်ချော်ဖြင့် မျက်ခုံးပင့်ပြသည်။ ဘယ့်နှယ်ရှိစဆိုသည့်သဘော။

ဆြာမကြီးက 'အိုရတယ်လေ'ဆိုတုန်းကတစ်ခါ လူ့ကိုတစ်ချက်ကြည့်သည်။ သူမ၏အကြည့်က ကြက်သီးထစရာပင်ကောင်းနေသေးတာ။ အခုတစ်ခါ 'ဟုတ်ပြီ'ဟုအာရုံခံနေရာကမော့ကြည့်ပြန်သည်။ ပြီး-

"မင်းကြက်မနဲ့ ပေါင်းရမယ်"

"ဗျာ!"

"မဗျာနဲ့မင်းကြက်မနဲ့ တစ်သုပေါင်းရမယ်"

"အင်"

သူ့နှလုံးတွေကတုန်ကယင်ကြီးဖြစ်သွားရသည်။ ရုတ်ရုတ်ဖြင့် အပေါင်းအဖော်တို့ကိုကြည့်တော့ သူ့အပေါင်းအဖော်တို့က တခွီခွီရယ်နေရာက ဘရိတ်အုပ်ကာ ရယ်ချင်ပက်ကျိနှင့် ပြုံးစိစိကြည့်နေကြသည်။ ကျေးဇူးရှင်နှစ်ကောင်ကဆို တခွီးခွီးနှင့်(အောင့်ထားသည့်ကြားက) ခိုးရယ်နေလိုက်ကြသေးသည်။

"အာ- မပေါင်းဘူး"

ရှက်လွန်း၍ နီရဲနေသော မျက်နှာဖြင့်သူအကြောက်အကန်ငြင်းသည်။ ခိုးကြောင်ခိုးဝှက်နှင့် တခွီးခွီး တဟီးဟီးရယ်သံများကို သူကြားနေရသည်။

လက္ခဏာ၊ ဗေဒင်၊ အကြားအမြင်နှင့် အခြားလိုင်းပေါင်းစုံ ဆြာမ



www.burmeseclassic.com

www.burmeseclassic.com



ကြီးက သက်ပြင်းကိုဟန်ပါပါဖြင့် 'ဟင်း'ခနဲနေအောင်ချသည်။

"မင်းရဲ့ကံဇာတာတွေညံ့နေတယ်၊ မိန်းမနဲ့ပတ်သက်ပြီး သောကပရိဒေဝတွေ အကြီးအကျယ်ကိုရောက်ကိန်းရှိတယ်ကွဲ"

"ခင်ဗျာ"

"ဟုတ်တယ်၊ ဒီတော့ စောစောကပြောသလို ယတြာချေရမယ်"

နီနီဆိုသောကလေးမက နောက်မှာထိုင်နေရာကရှေ့ကို ဆတ်ခနဲတိုးရင်း ပျာပျာသလဲထမေးသည်။

"ခဏလေး ခဏလေး သမီးမေးဦးမယ် သောကပရိဒေဝတွေပေးမယ့်မိန်းကလေးက ဘာ ဘာနေ့သမီးလဲဟင်"

ဆြာမကြီးက မျက်လွှာကိုချထားရာက လှန်ပင်မကြည့်။ ခပ်ပြတ်ပြတ်ဖြေသည်။

"ကြာသပတေးသမီး"

"အမလေးတော်ပါသေးရဲ့ -စနေသမီးမဟုတ်လို့"

"ဟင်"

အရေးထဲနီနီက 'တော်ပါသေးရဲ့'ဝင်လုပ်နေသေးသည်။ 'ဟင်'ခနဲသူအံ့ဩသွားရသည်။ 'ပန်း'သည် ကြာသပတေးသမီးဖြစ်ဖို့များသည်။ 'ပန်းကေသီလှိုင်'ဆိုတော့ ယ. ဖ. ဗ. ဘ. မ ကြာသပတေးမှ ကြာသပတေးကြီး။ ယုံကြည်သည်မဟုတ်သော်လည်း စိတ်ထဲက စနောင့်စနင်းဖြစ်မိသည်ကားအမှန်။ 'အပျော်ဟုဘုမသိဘမသိလိုက်လာမိတာမှားလိုက်လေခြင်း'ဟုဘယ်နှကြိမ်မြောက်မှန်းမသိ တွေးဖြစ်သည်။

"အဲဒီတော့ မိန်းမနဲ့ပတ်သက်တဲ့ အညံ့တွေပြေပျောက်သွားအောင် ကြက်မနဲ့ တစ်ညပေါင်းရမယ်"

"အာ မပေါင်းဘူး၊ ကျွန်တော်ကအခုမှ ၁၈ နှစ်ကျော်ရုံပဲရှိသေးတာ။ အဲဒါမျိုးတွေဝါသနာမပါဘူးဗျ၊ တော်ကြာ AIDS တွေ ဘာတွေဖြစ်နေမှဒုက္ခ"

"ဘာကွဲ"

ခေါင်းကြီးဖွတ်ငုံ့ကာ မျက်နှာနီတွတ်စွာဖြင့် အသည်းအသန်ငြင်းနေ





သော သူ့ကိုဆြာမကြီးက ဒေါသဖြင့် 'ဘာကွဲ'ဟုထအော်သည်။ ရုတ်တရက်မို့လန့်ပင်လန့်သွားရသည်။ ကျေးဇူးရှင်များကတော့ တခွီးခွီးရယ်နေကြသည်။ (ဆြာမကြီးတော့ မျက်လုံးမှိတ်ထားတာမို့ မမြင်) သူကတော့ ခါးခါးသီးသီးမြင်နေရသည်။ လှည့်ကြည့်မိသည်ကိုး။

"မင်းကို ဟိုဒင်းနဲ့ပေါင်းခိုင်းတာမဟုတ်ဘူး၊ ဘာတွေကြံကြံဖန်ဖန်လျှောက်တွေးနေတာလဲ၊ မင်းကိုငါက ဟိုဒင်းနဲ့ပေါင်းခိုင်းပါ့မလားဟဲ့။ မင်းကို တိရစ္ဆာန်ကြက်မနဲ့ ပေါင်းခိုင်းတာ ရှင်းလား"

"ဗျာ တိရစ္ဆာန်မနဲ့ ကြက်မနဲ့ အောင်မလေးဗျ၊ ပိုတောင်ဆိုးသေးတယ်၊ လူစင်စစ်က တိရစ္ဆာန်နဲ့ပေါင်းရမတဲ့ အရပ်ကတို့ရေ ပေါင်းဘူး၊ ပေါင်းဘူး၊ ပေါင်းနိုင်ဘူး"

အကြောက်အကန်ငြင်းရင်း အဖော်တွေဘက်လှည့်ကာ အကူအညီတောင်းတော့ တခွီးခွီးခိုးရယ်နေကြသော ကျေးဇူးရှင်များက လက်ခါပြသည်။ မျက်လုံးမှိတ်ကာ မျက်လွှာချထားသော ဆြာမကြီးက-

"အိုပေါင်းတယ်ဆိုတာက ယတြာစွမ်းအောင်ပြောတာ၊ တကယ်တော့ ကြက်မကို ခုတင်တိုင်မှာတစ်ညချည်ထား၊ ရနေတာပဲ။ ဘာပင်ပန်းတာလိုက်လို့ ငွေကုန်ကြေးကျလည်းများတာမဟုတ်"

"အာ မလုပ်ချင်ဘူး ဆြာမကြီး တခြားယတြာဆိုတော်သေး"

"ဟဲ့ တခြားယတြာမှငါမသိ၊ အဲလေ ဒီယတြာက တခြားယတြာတွေထက်အရမ်းအရမ်းကိုကောင်းတယ်ကွဲ၊ ကြက်မနဲ့ မင်းနဲ့တစ်ညပေါင်းပြီး မိုးလင်းတာနဲ့ ကြက်မကို တော်ရာမှာသွားစွန့်ပစ်၊ ပြီးတော့ နင်နဲ့ငါနဲ့ ရာသက်ခန်ကွဲပြီ'လို့ ပြောလိုက်ရုံပဲ။ ခြေနှစ်ချောင်းဝင် ခြေနှစ်ချောင်းထွက် ကဲ- မကောင်းဘူးလား"

"ကောင်းတယ် ကောင်းတယ်"

"ဟုတ်တယ် သူ့ရဲ့ အညံ့တွေပြေပြောက်သွားအောင် မင်းကြက်မနဲ့ တစ်ညတော့ ပေါင်းလိုက်စမ်းပါ အဟီး"

သူကဟ, မယ်ကြံ့ရုံရှိသေး ကျေးဇူးရှင်များက ဝိုင်းပြီးအပျောက်ပို့



www.burmeseclassic.com

www.burmeseclassic.com



ချောက်တွန်းနေကြသည်။ တမင်ညစ်နေကြသော သူငယ်ချင်းတို့ကို ကြည့်ရင်းတ ဖျတ်ခနဲအကြံတစ်ခုရသည်။

"ဟုတ်ပြီဗျာ"

"ပြော . . . လက်ခံပြီမဟုတ်လား . . . ဟင်းဟင်း"

"မခံဘူး"

"အမ်"

"ဒီလိုဗျ . . . ကြက်မကိုတစ်ညလုံးပေါင်းရင်ဖြစ်တယ်မဟုတ်လား"

"ဖြစ်တာပေါ့ကွဲ"

"ဟုတ်ပြီ၊ တစ်ညလုံး မီးအလင်းကို ပေါင်းမယ်၊ ဟင်းပေါင်းအိုးနဲ့ကို ကြက်သားပေါင်းပေါင်းမှာ"

"အို- ဟဲ့ ဟဲ့"ဟုဆိုကာဆြာမကြီး မျက်လုံးတွေပွင့်လာသည်။

"နေဦးဗျ၊ တစ်ညလုံးပေါင်းပြီးတာနဲ့ ခြေနှစ်ချောင်းဝင်အောင် ကြက်သားပေါင်းကိုတစ်ကောင်လုံးစားပစ်မယ်"

"အမ်"

"ပြီးတော့ ခြေနှစ်ချောင်းပြန်ထွက်အောင်၊ မီးလင်းတာနဲ့ ဝမ်းနုတ်ဆေးစားရင်စား၊ ဒါမှမဟုတ် ဝမ်းချုရင်ချု၊ အဲဒီမှာခြေနှစ်ချောင်း အတောင့်လိုက်ပြန်ထွက်ရော၊ အဲဒီတော့မှ 'နင်နဲ့ငါ ရာသက်ပန်ကွဲပြီ လွဲပြီ'လို့ပြောလိုက်တိုင်း မပြီးဘူးလား"

"မပြီးဘူး"

"ရော် ခက်ပြီ"

ပြောင်ချော်ချော်လုပ်နေသော သူ့ကိုကြည့်ကာ ဆြာမကြီးက 'မပြီးဘူး'ဟုဆောင့်ဆောင့်အောင့်ဆိုရင်း 'ဝုန်း'ခနဲ ထဘီစွန်တောင်ဆွဲကာ ထရပ်သည်။ ပြီး ရင်ဘတ်ကိုတဖြန်းဖြန်းရိုက်သည်။ နောက်ဘယ်လက်ဖဝါးပေါ် ညာလက်ဖမိုးကို တဖြန်းဖြန်းရိုက်ပြန်သည်။

"အမလေးဟဲ့၊ စော်ကားလှချည်လား ဟင်၊ ဒါ . . . ဒါ ငါ့ပညာကို စော်ကားတာ၊ ငါ့ဆိုင်ရာပိုင်ရာတွေနဲ့ တိုက်လိုက်ရမလား၊ ဟွင်းဟွင်းဟွင်း လူ





ကိုကြိုက်သလောက် ဆော်သွားချင်ဆော်သွား၊ အဲလေ စော်ကားချင်စော်ကား ပညာကိုတော့ မထိနဲ့ဟဲ့ မထိနဲ့ မီးပွင့်သွားမယ်ဟွန်း၊ ခုတိုက်လိုက်ရမလား"

ဆြာမကြီး၏စကားကသူတို့ကို မကြောက်စေသည့်အပြင် တခွီးခွီး ပင်ရယ်ဖြစ်သွားကြသည်။

"ဟဲဟဲဟဲ ဦးလေး၊ အဲလေ အဒေါ်ကြီးကလည်း နောက်ရဘူးလေ ဖောက်သည်တွေဖြစ်သွားကြရင် နောက်လည်းလာဦးမှာပဲ ဟာကို"

စိုးအောင်က မချော့ထတ်ချော့တတ်ပြောင့်စပ်စပ်ဖြင့် ချော့သည်။

"ဘာ! နောက်လာဦးမယ် ဟုတ်လား၊ မလာနဲ့ မလာနဲ့ ဟီးဟီးရှုတ်၊ တစ်သက်လုံး သိက္ခာအပြည့်နဲ့နေလာတာ သူတို့နဲ့ကျမှ အစော်ကားခံရတယ်"

စိုးအောင်။ ။"ဟာဗျာ သူများကြားရင် တစ်မျိုးထင်နေပါဦးမယ်။ ပညာကို စော်ကားတယ်လုပ်ပါ"

ဆြာမကြီး။ ။"ဟင့် ဟီးဟီးရှုတ် ငါလည်း အဲဒါကိုပြောတာပဲ"

စိုးအောင်။ ။"ဟီးဟီး အားနာလိုက်တာနော်၊ ဟိုဒင်း အမိုက်အမဲလေးတွေမို့ ခွင့်လွှတ်ပါနော်"

ဆြာမကြီး။ ။"လွှတ်ဘူး လွှတ်ဘူး၊ တိုက်မယ် နင်တို့ကိုဆိုင်ရာပိုင်ရာနဲ့တိုက်မယ်"

စိုးအောင်။ ။"အာ- မလွယ်ဘူးဟ၊ ဟကောင် ထ ထ ပြန်ရအောင်"

ဆြာမကြီး။ ။"ဟင့်ပြန်ပြန် တစ်သက်လုံးမလာနဲ့ ရှဲ . . . ဟဲ့ ဟောခတော့ ထားခဲ့ကြဦး ရှုတ်" ယ်

"ဒီမှာ ရော့၊ ထားခဲ့ပြီနော်"

နီနီကတစ်ထောင်တန်တစ်ရွက်ကို ကမန်းကတန်း စားပွဲပေါ် လှမ်းတင်သည်။ ငိုနေသည့်ကြားက မျက်လုံးဖြဲကြည့်သော ဆြာမကြီးက တစ်ရွက်တည်းသော တစ်ထောင်တန်ကို လှမ်းမြင်သည်။

"ဟဲ့ သေနာကျတွေ၊ နည်းသေးတယ်ဟဲ့၊ နည်းသေးတယ်"

ဆြာမကြီးက လိုက်အော်နေသော်လည်း သူတို့အားလုံးကတော့ လမ်းမပေါ် ပင်ရောက်နေကြပြီဖြစ်သည်။ လမ်းပေါ် ရောက်တော့ သူ့ကိုဝိုင်းကြည့်ကာ



www.burmeseclassic.com

www.burmeseclassic.com



တတီးယိုး တဟားဟားဖြင့်အူနှိပ်ကာရယ်နေကြသည်။

သူကတော့ယုံးစံအတိုင်း အူကြောင်ကြောင်ဖြင့် ခေါင်းကိုအသာ တုတ်ဖြစ်သည်။ ကံကောင်းလို့ လူပျိုဘဝကို ခပ်တင်းတင်းထိန်းလိုက်နိုင်တာ မတုတ်လား။

* * *





"မင်း ကံကောင်းတယ် ငါ့ဆရာ"

"အမ် ဘာဖြစ်လို့လဲ"

သီဟ၏အပြောကြောင့် လှမ်းမေးဖြစ်သည်။ ကျောင်းပြန်ဖွင့်တာ ကြာပြီဖြစ်သော်လည်း ပန်းတို့အတန်းဘက်သူမသွားဖြစ်တော့။ သွားသလောက် မမြင်ဟန်ပြုနေသော ပန်း၏အမူအရာအပေါ် သူဝမ်းနည်းလွန်းလို့ဖြစ်သည်။ သက်သက်ကဆို ဒေါသထွက်နေဟန်ဖြင့် ခပ်စိမ်းစိမ်းကြည့် ကြည့်လွှတ်သည်။ သီဟကစကားကိုဆက်သည်။

"ငါ့အစ်ကို တစ်ဝမ်းကွဲနဲ့ သက်သက်နဲ့ ရည်းစားဖြစ်နေတယ်လေ"

"အာ- မင်းကလည်း မင်းအစ်ကိုဝမ်းကွဲနဲ့ သက်သက်နဲ့ဖြစ်တာနဲ့ ဘာဆိုင်လို့ငါက ကံကောင်းရပြန်တာလဲ"

"ကျွတ်"

သီဟ၏စုတ်သပ်သံက ဆူညံနေသော ကင်တင်းမှ သီချင်းသံနှင့်အာ တူပျောက်ကွယ်သွားသည်။

"မင်းလေ ရိုးသလိုလိုနဲ့ တကယ်တမ်းကျတော့ တုံးတာကွ"

သီဟကခပ်တည်တည်ပဲ လူကိုနှိပ်ကွပ်သည်။ စိုးအောင်ကပါရော ယောင်ရှင်း ခေါင်းညိတ်သည်။

"ဒီတော့မင်းကို ဒွဲပြောမှဖြစ်တော့မယ်။ ဒီလိုကွာ ဟိုတစ်နေ့က ငါ

www.burmeseclassic.com



မောသျှမ်းမှာ ငါ့အမေမှာလိုက်လို့ဆိုပြီး ကြေးအိုးသွားဝယ်တော့ ငါ့အစ်ကိုနဲ့ သက်သက်နဲ့က တစ်စားပွဲထဲထိုင်ပြီး အကြည်ဆိုက်နေကြတာ။ အဲဒီမှာ ငါ့အစ်ကိုက ငါ့ကိုလည်းတွေ့ရော လှမ်းခေါ်တယ်။ ငါ့အစ်ကိုက တစ်ဦးတည်းသော သားဆိုတော့ ညီအစ်ကိုဝမ်းကွဲဆိုပေမယ့် အရင်းလိုကိုချစ်တာ။ သူလည်း ကြုံတုန်း ငါ့ကိုသူ့ရည်းစားနဲ့ မိတ်ဆက်ပေးမယ်ပေါ့၊ ငါလည်းသွားတာပေါ့။ သက်သက်က ငါ့ကိုလည်းမြင်ရော အရမ်းရှက်နေတာ။

"ငါ့အစ်ကိုက မိတ်ဆက်ပေးတာပေါ့။ သက်သက်နဲ့တစ်ကျောင်းတည်းပဲ 'ဒါ သူ့ညီ' ဘာညာပေါ့၊ 'ငါတို့ကလည်း ခင်နေပြီးသားပါ'ပေါ့။ ငါကလည်း ပျော်တတ်တဲ့ကောင်ဆိုတော့ သက်သက်အနေ့မခက်အောင် ရယ်စရာတွေ ပြောရင်းနဲ့ အဲဒီနေ့က တော်တော်လေးခင်သွားတယ်ဆိုပါတော့"

"အဲဒီတော့"

စိုးအောင်ကစကားကိုဝင်ထောက်ပေးသည်။

"အဲဒါနဲ့ ငါလည်းအံ့ကြြရတာပေါ့၊ ဘာပြောပြော သက်သက်က ငါ့ မရိုးလောင်းဆိုတော့ အခုတလော မင်းအပေါ်သူတို့ဘာကြောင့်တင်းနေသလဲ ဆိုတာ အစ်မယ်ပေါ့၊ ဒါပေမယ့် ဒီနေ့ကတော့ မမေးဖြစ်ဘူး"ပြောရင်း သီဟ တလက်ဖက်ရည် တစ်ငုံသောက်သည်။ ပြီး စကားကိုဆက်သည်။

"ငါလည်း မင်းတို့ကိုပြောပြမယ် ပြောပြမယ်နဲ့ အဲဒါကြီးကိုမေ့မေ့နေတယ်။ ပြီးခဲ့တဲ့ တနင်္ဂနွေက ငါနဲ့သက်သက်ဈေးထဲမှာ ဆုံပြန်ရော၊ သူက လည်း ဈေးကိုလာတာ။ ငါကလည်း ငါ့အဒေါ်မှာလိုက်လို့ ပစ္စည်းတစ်ခုဝယ် ရင်းပေါ့။ ငါလည်း လက်ဖက်ရည်ဆိုင်ဖွတ်ခေါ်ပြီး ထိုင်တာပေါ့"

"ငါသဘောပေါက်ပြီ မင်းက ရည်ရွယ်ချက်ကြီးနဲ့"

စိုးအောင်က လက်ဖျောက်တီးရင်းဆိုသည်။ သီဟကခေါင်းညိတ်သည်။

"ဟုတ်တယ်၊ ငါလည်း တခြားဘာဘာညာညာတွေပြောရင်းနဲ့ သူ့ရအကြောင်းကိုရောက်လာတယ်၊ အဲဒီမှာ ပန်းတို့ရဲ့ သူ့ရအပေါ်သဘောထားကို သိတော့တာပဲ"





စိတ်ဝင်စားလာမှန်းသိတော့ သီဟက ညစ်ကျယ်ကျယ်ဖြင့် စကားကိုတိခနဲဖြတ်ပစ်သည်။ ပြီး ကင်တင်းမှဖွင့်ထားသော သီချင်းကို Feel အပြည့်ဖြင့် လိုက်ညည်းနေသည်။ စိုးအောင်ဆိုသည့်ကောင်ကလည်း ချက်ဆိုနားခွက်ကမီးတောက်ပြီးသား စားပွဲပေါ်က စားသောက်ထားသမျှကိုခပ်သွက်သွက်တွက်ချက်သည်။ ပြီးမှ-

"သီဟရေ တစ်ထောင်မပြည့်တပြည့်ကွ"

ပြောရင်းနှစ်ကောင်သား သူ့ကိုကြည့်သည်။ ရှင်းမှာလား ဆိုသည့်သဘော။ ကြံဖန်ကာအနိုင်ကျင့်သော ကျေးဇူးရှင်နှစ်ကောင်ကို သူရယ်ချင်သွားရသည်။ သူပိုက်ဆံအိတ်ကိုစားပွဲပေါ်တင်လိုက်တော့မှ မျက်နှာတွေပြုံးဖြီးဖြီးကြီးတွေဖြစ်သွားကြသည်။

"ဒီလို သူ့ရရေ"

အစချီလိုက်သော သီဟ၏အသံက ချိုမြကာနေသည်မို့ စိုးအောင်တခွီး'ခနဲရယ်သည်။

"မင်းမေ့နေပြီလားမသိဘူး၊ ဟိုတစ်ခါက မင်းကိုကြက်မနဲ့ပေးစားတဲ့ အြာမကြီးအိမ်ကို ငါတို့သွားကြတာမှတ်မိသေးလား"

သီဟကမေးခွန်းထုတ်သည်။ သီဟ၏မေးခွန်းကို စိုးအောင်တ ခွီးခနဲရယ်ပြန်သည်။

"မှတ်မိသားပဲ"

ရှက်ရှက်ဖြင့်ခစ်သွက်သွက်ဖြေဖြစ်သည်။ မျက်နှာကြီးကတော့ နီလို့နေမှာမြင်ယောင်သေးတော့သည်။

"အေးအဲဒီနေ့က ငါတို့ကလည်း ဘာရယ်မဟုတ်ဘူး နီနီတို့နဲ့နောက်သိုက်ပြောင်လိုက်နဲ့ ဘုမသိဘမသိ ဘယ်သွားမှန်းမသိဘဲနဲ့ လိုက်သွားကြတာလေ၊ ဖြစ်ချင်တော့ အဲဒီနေ့က မင်းနဲ့နီနီနဲ့ ယှဉ်လျက်ကြီးလျှောက်နေတာကို 'ဆယ်ဆိုင် Mart' ထဲကထွက်လာတဲ့ 'ပန်းနဲ့သက်သက်'ကတွေ့ရော၊ မင်းတို့ကိုအလည်းအဲဒီအချိန်က တကယ့်ချစ်သူတွေလို့ပဲတဲ့"

သီဟကပြောရင်းသူ့ကိုကြည့်သည်။ သူကတော့ အဲဒီအချိန်က အရာ



www.burmeseclassic.com

www.burmeseclassic.com



တွေကိုပြန်မြင်ယောင်မိရင်း 'အဲဒီလောက် ဟုတ်လို့လား' ဟုတွေးဖြစ်ပြန်သည်။

"အဲဒါနဲ့ပဲ သူတို့က မင်းနီနီနဲ့ဖြစ်နေရဲ့သားနဲ့ ပန်းကိုလည်း လိုက်တယ်ပေါ့။ လှေနံနှစ်ဖက်နင်းချင်တာ ဘာညာဆိုပြီးစိတ်တိုသွားကြတာပေါ့။ သူ့ကြသက်ကဆိုမင်းကိုပန်းနဲ့ ဖြစ်စေချင်လွန်းလို့ ကူညီမယ်တောင်တွေးထားတာတဲ့"

"ဩော်"

သူတော်တော်ကြီးစိတ်မကောင်းဖြစ်သွားရသည်။

"မင်းက နီနီနဲ့ငါ သူငယ်ချင်းတွေပါဆိုတာ မပြောလိုက်ဘူးလား"

"ဟင့်အင်း"

"ဟာကွာ သေလိုက်ပါတော့"

သူသီဟကိုကြည့်ရင်း နဖူးကိုရိုက်မိသည်။ သီဟကပြုံးဖြီးဖြီးဖြင့်ကြည့်သည်။ ပြီးမှ

"ပြောစရာမှမလိုတာ"

"ဟာလိုတာပေါ့ကွ ဒါရှင်းရှင်းလင်းလင်းသိအောင် ပြောကိုပြောပြရမှာ"

မျက်နှာကြီးရှုံ့မဲ့ကာအပြစ်တင်နေသောသူကိုကြည့်ကာ စိုးအောင်နှင့်သီဟက 'ဘိလူးသံပုရာသီးစားထားတာကျနေတာပဲ' ဟုဆိုရင်း တခွီးခွီးရယ်သည်။

"ဟကောင်သီဟ မင်းပြောပြလိုက်တယ် မဟုတ်လား"

"ရော် မပြောပြလိုက်ဘူးလို့ဆို"

"မင်းကွာ တော်တော့်တုံးတာပဲ"

"ဘာကွ! မင်းစကားကိုဆုံးအောင်နားမထောင်ချင်တော့ဘူးထင်တယ် ဇာတ်လမ်းမဆုံးသေးဘူးနော်မဆုံးသေးဘူး"

"အဟီး- ဒီလိုလား"

သီဟစကားကြောင့် သူပြန်လျှော့ပေးရသည်။

"နောက်တာပါကွာ ငါကရှင်းပြစရာတောင်မလိုဘူး၊ သက်သက်က





မေးတယ် နီနီနဲ့မင်း ဘာဘာညာညာတွေလားပေါ့ ငါကလဲ . . ."

"ဟုတ်တာပေါ့လို့ ဖြေလိုက်တယ်မဟုတ်လား"

သီဟစကားကိုစိုးအောင်က ကြားဖြတ်ကာဝင်ပြောသည်။

"အသာနေပါ စိုးအောင်ရာ မင်းကောင်ကိုလည်းကြည့်ဦး ကြက်ကြီးလည်လိမ်ထားတာကျနေတာပဲ"

သီဟကစိုးအောင်ကို လှမ်းဟန့်သည်။ ရိုးရိုးမဟန့် သူ့ကိုခလုတ်တိုက်ပြီးဟန့်သည်။

"ငါကလည်း ပြောပြလိုက်ပါတယ်ကွာ၊ မင်းနဲ့နီနီနဲ့က သူငယ်ချင်းအဆင့်ထက်ကျော်မလို့လုပ်တုန်း ကြိုးစားဆဲလို့"

"ခွီးတဲ့မှပဲ"

စိတ်တိုတိုနှင့်ဆဲပြီး မအောင့်နိုင်တော့သဖြင့် ရယ်မိသည်။ လူတိုစိတ်စနောင့်စနင်းလေးဖြစ်အောင်မှမလုပ်လိုက်ရရင် စားဝင်အိပ်ပျော်ဟန်မတူ။

"နောက်တာပါကွာ ငါသေသေချာချာ မဟုတ်ဘူးဆိုတာကို ရှင်းပြလိုက်ပါတယ်။ ဒီတော့မှ 'မိရွှေသက်'က ငါတို့လည်းထင်တော့ထင်သားတဲ့ တကယ်လို့ ရည်းစားတွေသာဆို အနည်းဆုံးကျောင်းကိုအတူမလာရင်တောင်မှ အတူပြန်ကြတာများတယ်ပေါ့။ ငါတို့ကျောင်းမှာရှိနေသလောက်လည်း တွဲသွားတွဲလာ မတွေ့ဘူးပေါ့။ ငါကလည်း ဘယ်ရမလဲ ပြန်မေးတာပေါ့ ပန်းနဲ့နိုင်ဦးရဲ့အခြေအနေကို"

နိုင်ဦးဆိုသောအသံကြားရတော့ သူ့နားရွက်တွေအလိုလိုထောင်တက်သလားအောက်မေ့ရသည်။ သူ့အသိချင်ဆုံးတွေထဲက တစ်ခု။

"ဘာ . . . ဘာတဲ့လဲ"

အိုင်တင်ခံနေသေးသော သီဟကို စိတ်မရှည်ဘဲ သူမေးဖြစ်သည်။ သိချင်စိတ်က ပြင်းထန်သည်မို့။ စကားများပင်ထစ်ကာနေသည်။

သီဟက မကြားချင်ယောင်ဆောင်ကာ ကင်တင်းမှာဖွင့်ထားသော သီချင်းကို ခေါင်းတညိတ်ညိတ်ဖြင့်လိုက်ဆိုနေပြန်သည်။ ဟန်အမူအရာက



www.burmeseclassic.com

www.burmeseclassic.com



over 'အိုဗာ'ဖြစ်လွန်းသည်မို့ သီဟကိုကြည့်ကာ စိုးအောင်ရောသူပါ ရယ်ဖြစ်ကြသည်၊ သို့သော် သကောင့်သားကတုတ်တုတ်ပင်မလှုပ်နဂိုကထက်ပင် MOOD ဝင်ဟန်ဖြင့် သီချင်းကိုလိုက်ဆိုနေသည်။

"သီဟ"

". . . ."

"သီဟ"

". . . ."

ဆရာသမားကခေါ်မကြား၊ အော်မကြားတောင်လုပ်နေလိုက်သေးသည်။ 'ခွေးကောင်'ဟုဆဲလိုက်တော့မှ 'အဟီး'ဟုရယ်ကာ သူ့ကိုကြည့်သည်။ ပြီးမှ မျက်နှာကိုတည်ကာ-

"မင်းစိတ်မကောင်းတော့ မဖြစ်နဲ့ပေါ့ကွာ"

"ဘာ . . . . ဘာဖြစ်လို့လဲ"

တုန်လှုပ်စွာမေးမိသည်။ သီဟဒီလိုမျက်နှာတည်ပြီဆိုလျှင် ကြောက်ရသည်။ နောက်နေတာဆိုလျှင်တော့ မျက်နှာပိုးမသေတတ်။ ပန်းနှင့်နိုင်ဦးအနေအထားက ဤသို့စကားခင်းရလောက်အောင် ဖြစ်ကုန်ပြီလားဟုလည်း ကြောက်တွေးတွေးဖြစ်ပြန်သည်။ သီဟကလည်း ဒီပုံတိုင်းဆိုအတည်ပြောနေတာဖြစ်နိုင်သည်။ ရင်၌ဟာဟာကြီးဖြစ်ကာနေရသည်။

"စိတ်မကောင်းမဖြစ်နဲ့လို့ စကားခံရတာအကြောင်းရှိတယ်"

သီဟကစကားတိုရပ်ထားလိုက်ပြန်သည်။ သူခေါင်းကိုငုံ့လိုက်မိသည်။ သီဟနောက်နေတာလား၊ အတည်ပြောနေတာလားဟု သံသယများဖြင့် အတွေးတို့က ရှုပ်ယှက်ခတ်ကာနေသည်။ သီဟကိုကြည့်လိုက်ပြန်တော့လည်း ရပ်က ရပ်တည်၊ သူအဝေးဆီငေးနေမိသည်။ ပန်းရေ . . . .။

ခဏကြာတော့ သီဟထံက 'တဟားဟား'ရယ်သံကိုကြားရသည်။ 'အောင့်ထားတာမဟုတ်ဘူး'ဟုစိုးအောင်က အပြစ်တင်သည်။

"ငါမအောင့်နိုင်ဘူး ဒီကောင့်ကိုကြည့်ရတာ ရယ်ချင်စရာကောင်းတယ်။ ဟား ဟား ဟား"





ဒီတော့မှ သူသဘောပေါက်ရတော့သည်။ ဆရာသမားက ကြွက်တိုးကြောင်ကျီစားသလိုလုပ်ကာနေသည်ကိုး။ ပညာတော့ပြန်ပေးဦးမှ တော်တာကျမည်ဟုတေးထားလိုက်သည်။

"မျက်နှာကြီးကလည်း အီးမှန်ထားလို့ မရယ်မပြုံးနိုင်တာကျနေတာပဲ စိတ်ချနေတော့ ပန်းနဲ့နိုင်ဦးသတင်းက ကောလာဟလတွေချည်းပဲတဲ့။ ဒီကောင့်ဘော်ဒါတွေကလျှောက်ပြောနေတာ။ ပန်းဆီမှာ နိုင်ဦးဆီကလက်ခံထားတဲ့ စာတစ်စောင်မှမရှိဘူး'တဲ့ဟုတ်ပြီလား"

နောက်ဆုံးတော့ သီဟက အိတ်သွန်ဖာမှောက်ပြောပြလေသည်။ သူ စိုးအောင်ကို မျက်ခုံးပင့်ပြလိုက်သည်။ ပြီးမျက်စပစ်ကာ 'လစ်'ရအောင်ဟုဆိုတော့ စိုးအောင်ကမသိမသာခေါင်းညိတ်ပြသည်။

"သီဟ"

"ဝေ့"

သကောင့်သားက မထူးချင်ထူးချင်ထူးသည်။

"မင်းကိုငါ မျက်လှည့်ပြမလို့"

"လုပ်စမ်းပါဦး"

"ဒီမှာ ငါ့ပိုက်ဆံအိတ် ပျောက်သွားအောင်လုပ်ပြမယ်"

"ဟုတ်ပြီ ကြည့်ရသေးတာပေါ့"

"ဒီမှာနော်၊ ပျောက်သေးဘူး"

သူပိုက်ဆံအိတ်ကို လက်ဖျားနှင့်တွဲလောင်းကိုင်ကာပြတော့ သီဟက 'ငါ့ကိုလာလိမ်လို့ရမလား'ဟုပြုံးကာပြကာကြည့်နေသည်။ သူစိုးအောင်တို့ကြည့်တော့ စိုးအောင်က မျက်လုံးမှိတ်ပြသည်။ 'အသင့်ပဲ'ဟူသည့်သဘော။ သူခုံအောက်တနေ့ ကျောပိုးအိတ်ကိုဟကာ အသင့်ကိုင်ထားပြီးသား။

"ဒီမှာမပျောက်သေးဘူး၊ ဟော ပျောက်ပြီ"

"ဟောပျောက်ပြီ"ဆိုပြီး ခုံအောက်မှာအသင့်ဟထားသောကျောပိုးအိတ်ထဲ ပစ်ချလိုက်သည်။

"အောင်မာ မာ လူလည်ကျလို့ ဒါဘာဆန်းလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"မဆန်းရင် မင်းလုပ်ပြပါလား၊ မလုပ်တတ်ဘူးမဟုတ်လား"

"ဒါလေးများ ငါ့ပိုက်ဆံအိတ်နဲ့ ငါလုပ်ပြမယ် ဒီမှာကြည့်"

"ပြပြ ငါတို့တော့လစ်ပြီ တာ့တာ"

ဝုန်းခနဲ သူနှင့်စိုးအောင်ထပြေးတော့မှ သီဟကောင်းကောင်းသဘောပေါက်သွားတော့သည်။ စိုးအောင်ကစားပွဲထိုးကို သီဟမသိအောင် လှမ်းခေါ်ထားသည်။ စားပွဲထိုးလာချိန် သီဟက ပိုက်ဆံအိတ်ကိုထုတ်နေသည်နှင့် အံတိုက်၊

"ဟကောင်တွေ၊ အကျင့်မယုတ်နဲ့လေကွာ"

"တာ့တာ"

သူနှင့်စိုးအောင်နှစ်ယောက်သား တာ့တာလုပ်ပြတော့ သီဟမခံမရပ်နိုင်ဖြစ်ကာနေရာမှ လှမ်းကျိန်ဆဲသည်။

"အေး မှောက်လဲပါစေဗျား၊ ဒီလောက်ညစ်တဲ့ကောင်တွေ"

"တာ့တာ"

အဝေးကနေ တာ့တာချည်းလုပ်ပြနေသော သူတို့နှစ်ကောင်ကိုကျိန်ဆဲရင်း ဘေးမှရပ်နေသောစားပွဲထိုးကို ဘုကြည့်ကြည့်နေသော သီဟပုံက ရယ်ချင်စရာဖြစ်လို့နေသည်။

ငွေရှင်းပြီးဆောင့်ဆောင့်အောင့်အောင့်ကြီးလိုက်ချလာသည်။ လမ်းမှဆီးစောင့်ရင်း ပြုံးဖြီးဖြီးဝိုင်းကြည့်တော့ ပိုဒေါသထွက်လာဟန်တူသည်။

"သူရ မင်းလူလည်မလုပ်နဲ့ပေးတုစ်ထောင့်တစ်ရာ"

"ဟာ ဘာဆိုင်လို့ပေးရမှာလဲ၊ အလှူခံလားမင်းက ကန်တော့ပါသေးရဲ့ဗျာ၊ လူကြီးတွေမရှိလို့"

"ဘာကွ! မင်း မင်းပဲရှင်းတော့မလိုလိုနဲ့ ပိုက်ဆံအိတ်ကိုစားပွဲပေါ်တင်တာလေ"

"ဟုတ်တယ် မငြင်းပါဘူး၊ ပိုက်ဆံအိတ်စားပွဲပေါ်တင်တာ ရှင်းမယ်လို့ပြောတာမှမဟုတ်တာ၊ စိုးအောင် ငါရှင်းမယ်လို့ပြောတာ မင်းကြားလိုက်သေးလား"





" No "

စိုးအောင်ကိုစစ်ကူတောင်းတော့ အလိုက်သင့်ပင်ခေါင်းခါရင်း 'No' ဟုဆိုသည်။

"ရတယ်လေ ငါကလည်းမင်းနဲ့နီနီနဲ့ ဘာညာသာရကာပါဆိုပြီး သတ်သက်ဆီအကျယ်ချဲ့ပြောပြရသေးတာပ"

"ဟာကောင် သီဟမညစ်နဲ့"

"စိတ်ချပါ ဒီနေ့မပြောသေးဘူး မနက်ဖြန်မှ ပြောမယ်"

"သေလေ မင်းအမြီးခွေပြီး သေလိုက်ပေါ့၊ ပြော ငါကဂရုမစိုက်ဘူး"

"အောင်မာ၊ ဟုတ်ပြီတွေ့မယ်"

နောက်ကောင်းကောင်းနှင့် နောက်တော့ သီဟက ရှူးရှူးရှဲရှဲဒေါသတွေ ထွက်နေသည်မို့ သူနှင့်စိုးအောင်ရယ်ဖြစ်ကြသည်။ စိတ်ထဲမှာလည်း ထူးထူးခြားခြားပေ့ါပါးကာနေသည်။ ပန်းနဲ့နိုင်ဦးဘာမှမဖြစ်သေးဘူး ဆိုတာရှင်းရှင်းလင်းလင်းသိလိုက်ရသည်ကိုး။

♠ ♠ ♠



www.burmeseclassic.com

www.burmeseclassic.com



သီဟ၏ ကျေးဇူးပြုမှုကြောင့် ဒီနေ့တော့ 'ပန်း'တို့နှင့် ကျောင်းအပြင် မုန့်စားသောက်ဆိုင်သေးသေးလေးမှာအတူစားဖြစ်သည်။ သက်သက်၏ ရှင်းပြမှုကြောင့်သူနှင့်နီနီမည်ကဲ့သို့မျှ ပတ်သက်မှုမရှိဆိုတာကို 'ပန်း'သိသွားပြီ ဖြစ်သည်။ ပန်းဘက်က အနည်းငယ်ပျော့ပြောင်းမှု ရှိလာတာကတော့ အမှန်ပဲ ဖြစ်သည်။ အရင်ကလိုသာဆိုဒီလို နေ့လယ်စာအတူစားဖို့မဆိုထားနှင့် အပြုံး လေးတစ်ငုံတစ်ဖူးတောင်ခြွေပေးခဲ့တာမဟုတ်။

"သူရ နင်မှတ်မိသေးလား"

သက်သက်၏ အစမရှိ အဆုံးမရှိမေးလိုက်သောမေးခွန်းက ရုတ်တ ရက်ကြီးမို့ ပန်းကိုခိုးခိုးကြည့်နေသောသူ့ကို မလုံမလဲဖြစ်သွားစေသည်။

"ဘာ . . . ဘာလဲ သက်သက်"

ရှက်ရှက်ဖြင့် မကြားလိုက်သောမေးခွန်းကို အားနာနာနှင့်မေးဖြေ သည်။ သီဟနှင့်စိုးအောင်က ချောင်းလုပ်ဆိုးကြသည်။ အခြေအနေတို့ကို ရိပ် မိသောပန်းကတော့ ခေါင်းငုံ့ရင်းမပွင့်တပွင့်ပြုံးသည်။

"ဩော် - နှင်မှတ်မိသေးလားလို့ နင့်ခေါင်းကို ငါ တီ(T)ပေတံနဲ့ ဆော်ခဲ့တာလေ။ ကျောင်းတက်စလောက်တုန်းက"

နှုတ်မှမပြောဘဲ ခေါင်းကိုခပ်သွက်သွက်ညိတ်ပြမိသည်။ မမှတ်မိဘဲ နေပါ့မလား။ ပန်းနဲ့ပတ်သက်၍ မမှတ်မိဘူးဆိုတာ ရှိမည်မထင်။





"အဲဒီတုန်းက ငါကတော့ နင့်ကိုရိုက်လိုက်ပြီး မေ့မေ့ပျောက်ပျောက် ပဲ၊ ကြားထဲကနေ ပန်းကအားနာလို့တဲ့ဟော့၊ T(တီ)ပေတံ အသစ်တွေဝယ်ပြီး တော့ တောင်းပန်ချင်တယ်ဆိုလို့ နင့်ဆီကိုလာရသေးတယ်လေ"

"ဩော်"

သူ့ရင်ထဲ အပျော်မြစ်တစ်ခု မရဲတရဲ စီးဆင်းကာသွားသည်။ ပန်း ကိုလှမ်းကြည့်တော့ ရှက်ရှက်နှင့်ခေါင်းကိုစွတ်ငုံ့ကာထားသည်။

"ပြီးတော့ . . ."

"သက် 'ပန်း'တို့ ဆရာမဆီသွားဖို့ရှိသေးတယ်လေ"

အားရပါးရပြောရန်ဟန်ပြင်သော သက်သက်ကို ဆည်းလည်း သံလေးတစ်ခုက ညင်သာစွာတားဆီးပစ်သည်။ သက်သက်က မချိုမချဉ်ကြီး ပြုံးသည်။ 'ဟုတ်သားပဲ'ဟုဆိုကာသွားရန်ပြင်သည်။

"တဲ့ သွားဦးမယ် နောက်မှဆက်ကြတာပေါ့"

သက်သက်က ပန်းမသိအောင် 'ပန်း'ကိုမျက်စပစ်ပြတာဆိုသည်။ ပန်းကတော့ ရှက်လွန်းသည်ထင့် ခေါင်းကိုမဖော်တော့။ တစ်ချိုးတည်း လစ်တော့သည်။

"ဟကောင်"

စိုးအောင်က သူ့မျက်လုံးရှေ့ကို လက်ဝါးဖြင့်ကာစားဖြင့် ဖြတ်သလို လုပ်ပြီး 'ဟကောင်'ဟုဆိုသည်။

"ကဲ အနာဂတ်အတွက်တော့ ရွှေရောင်လင်းလက်လာပြီနော့"

သီဟကလည်းပြုံးစိစိဖြင့်ဆိုသည်။ 'ပန်း'ကိုသွားပြီး ထင်ကြေးနှင့်မှန်း ဆလို့တော့မရ။ သူ့အခါခါခံဖူးခဲ့သလောက် 'ပန်း'က အစဟုတ်သလိုနှင့် နောက်ပိုင်းကျ စိမ်းစိမ်းကြီး ပြန်ပြန်ဖြစ်သွားတတ်သည်။ ထို့ကြောင့် ဝမ်းသာ စရာရှိတိုင်းလည်း စိတ်လွတ်ကိုယ်လွတ် ရဲရဲဝမ်းမသာရဲ။

"မင်း သက်သက်ကိုအပိပေါင်းထားကြားလား"

စိုးအောင်ကလည်း ဆရာကြီးစတိုင်ဖြင့် သူ့ကို သွန်သင်ပေးသည်။

"ငါပေါင်းမှာက ပန်းကိုကွ သက်သက်ကိုမဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အောင်မာမာ နှုတ်ခမ်းတလန် ပန်းတလန်နှင့် ပြန်ပြောနေတယ်။ ကြည့်စမ်း၊ ဒါတောင် ပန်းနဲ့လုံးလုံးလျားလျားကြီးအဆင်ပြေသေးတာမဟုတ်ဘူး အာကကျယ်လာပြီ"

စိုးအောင်က ဘုတောခံရသဖြင့် သီဟဘက်လှည့်ကာဆိုသည်။

"စိုးအောင် မင်းကလည်း မင်းပဲ၊ နွားရှေ့ထွန်ကျူးသွားမလုပ်နဲ့လေ"

သီဟက စိုးအောင်ကိုမာန်သလိုလိုနှင့် သူ့ကိုနှိပ်ကွပ်သည်။

"မင်းက ငါ့ကို နှိပ်ကွပ်တာပေါ့လေ၊ နွားလို့ပြောတာပေါ့ ဟုတ်လားခွေးကောင်"

ပြောရင်းလက်က သီဟပခုံးကိုထိုးဖြစ်သည်။

"ကြည့်စမ်း ဘယ်သူ့အားကိုးနဲ့ ငါ့ကိုဆော်နေလဲမသိဘူး"

ဘာပဲပြောပြော သူနှင့်ပန်း၏အနေအထားတိုးတက်လာမှုကြောင့် သူတို့နှစ်ကောင်ပါ ပျော်နေကြသည်။

"ဟားဟား ဟားဟားဟား"

နှစ်ပိုင်းကျော်လောက်မှ ကျယ်လောင်သောရယ်သံကြောင့် ဘာရယ်မဟုတ် အမှတ်တမဲ့လှည့်ကြည့်ဖြစ်သည်။ နိုင်ဦးတို့အုပ်စု သူတို့ကိုကြည့်ရင်းရယ်နေကြသည်။ တစ်ခုခုကိုပြောရင်းလှောင်ရယ် ရယ်နေတာလည်း ဖြစ်နိုင်သည်။

သီဟနှင့်စိုးအောင်က သူ့ကိုကြည့်သည်။ သူခေါင်းခါပြလိုက်သည်။ 'ဘာမှမဟုတ်ပါဘူး'ဆိုသည့်သဘော။ တကယ်တော့ သူတို့ကို ရန်စ,ချင်နေဟန်တူသော နိုင်ဦးတို့၏ အနေအထားက သိသာလွန်းသည်။ စောစောက 'ပန်း' တို့နှင့် အတူထိုင်နေခဲ့သည်ကိုမနာလိုဖြစ်နေဟန်တူသည်။

သူတို့သုံးယောက်စလုံးက ပျော်ပျော်နေတတ်သမားတွေဖြစ်သည်။ နိုင်ဦးတို့၏ရန်စ,မှုကို မသိကျိုးကျွံပြုကာငွေ့ရှင်းပြီးထွက်လာခဲ့ကြသည်။ တဖြည်းဖြည်းလမ်းလျှောက်ကြရင်း သီဟကရေရွတ်သည်။

"ဘာကောင်တွေလဲ မသိပါဘူးကွာ"

"နိုင်ဦးတို့ကြည့်ရတာတော်တော်မခံမရပ်နိုင်အောင်ဖြစ်နေပုံရ





တယ်။ စဉ်းစားကြည့်လေ သူ့အနေအထားက 'ပျိုတိုင်းကြိုက်တဲ့ နှင်းဆီခိုင်' ဆိုတာမျိုးကိုးကွ။ ငါကြားဖူးသလောက် နိုင်ဦးလိုက်လို့မရဘူးဆိုတာမရှိဘူး။ တောင်ပေါ်(တောင်ကြီး)တက္ကသိုလ်မှာရော၊ ကွန်ပျူတာကောလိပ်မှာရော သူ့ကောင်မလေးတွေအများကြီးပဲ၊ အဲ သူ့ရဲ့ထူးခြားချက်က ဒီ ငါတို့အောက်ကျောင်း(G.T.C)မှာရည်းစားလုံးဝမထားတာပဲ၊ ဒါဗျူဟာဆင်တာလည်းဖြစ်နိုင်တယ်"

သူစာနာစွာပြောဖြစ်ခြင်းဖြစ်သည်။ သို့သော်စာနာမိတာနဲ့ မတာမိ။ ထိုသို့လွှတ်ခနဲပြောမိခြင်း၏ရလဒ်က ပခုံးကို ခပ်ကြမ်းကြမ်းဆွဲအလှည့် ခံလိုက်ရခြင်းဖြစ်သည်။

"ဟိတ်ကောင် မင်းယောက်ျားလုပ်ပြီး အတင်းပြောတာမရှက်ဘူးလား"

ရင်ဘတ်ကို ဆောင့်တွန်းကာနောက်မှာဘယ်တုန်းကရောက်နေသည်မသိသော နိုင်ဦး၏မေးခွန်း။ သူ့ကိုကြည့်နေသော မျက်လုံးကမလိုအပ်ဘဲ မီးဝင်းဝင်းတောက်နေသည်။ သူ့မေးခွန်းက စော်ကားလွန်းသလို အမူအရာတလည်း မိုက်ရိုင်းလွန်းသည်။

"ဟကောင် မင်းစကားပြောတာ အေးအေးဆေးဆေးပြောလို့မရဘူးလား"

စိုးအောင်ကပြောရင်း နိုင်ဦးကိုပြန်ဆောင့်တွန်းရန်ရှေ့တက်သည်။ သူနှင့်သီဟက စိုးအောင်ကိုဆွဲထားလိုက်သည်။ မလိုအပ်ဘဲရန်မဖြစ်လို။

"လာလေ၊ မင်းက ဘာကောင်မို့လို့လဲ"

နိုင်ဦးကလည်း စိန်ခေါ် ရင်းရှေ့ကိုတိုးသည်။ နိုင်ဦး၏ဘော်ဒါများတာ နိုင်ဦးကိုနောက်ကနေသိုင်းဖက်ရင်းဆွဲထားသည်။ ဘာပဲပြောပြောနိုင်ဦးရန်မှာ ရန်အခွင့်အရေးရလောက်အောင်လည်း သူနှုတ်က နိုင်ဦးနာမည်ကို ထည့်သုံးခဲ့မိသည်ကိုး။ သူ့အနေနှင့် နိုင်ဦးကို နစ်နာစေလိုသောဆန္ဒမရှိသည်ကားအမှန်။

"ငါတောင်းပန်တယ်ကွာ၊ မင်းနာမည်ကို ပြောမိတယ်"

"သူအေးအေးဆေးဆေးပဲ တောင်းပန်လိုက်တာဖြစ်သည်။ သို့သော်



www.burmeseclassic.com

www.burmeseclassic.com



နိုင်ဦးဘက်က တစ်စခန်းထလာသည်။ သူ့ကိုလက်ညှိုးငေါက်ငေါက်ထိုးကာ-

"ဘာ ငါ့နာမည်ထည့်ပြောစရာလိုလဲ လူဆိုတာ ကိုယ့်'က'(ကကြီး) တိုယ်အံရတယ်ကွ။ ယောကျ်ားမှန်ရင် သူများအတင်းမပြောဘူးမှတ်ထား"

"မှတ်ထား"ဆိုသည်စကားအဆုံးမှာ ရင်ဘတ်ကိုခပ်ကြမ်းကြမ်း ဆောင့်တွန်းပြန်သည်။ တမင်ရန်စ,နေမှန်းသိသာလွန်းနေသည့်မို့ သည်းခံစိတ်တတုန်လာသည်။ ဒေါသက သည်းခံမှုကိုကျော်လွန်သွားသည်။ ကျောင်းဝင်းထဲရောက်နေပြီမို့ အချို့ကျောင်းသူ/သားများကလည်းကြည့်နေကြသည်။

"အဲဒီတော့ မင်းဘာဖြစ်ချင်လဲ"

ဒေါသဖြင့် နိုင်ဦးကိုပြန်ဆောင့်တွန်းရင်း ခပ်ဆတ်ဆတ်မေးပစ်လိုက်သည်။

"ဒါ ဖြစ်ချင်တယ်ကွာ"

"ခွပ်"

နိုင်ဦး၏လက်သီးက သူ့နှုတ်ခမ်းထောင့်စွန်းဆီ အရှိန်ပြင်းပြင်းဖြင့် 'ခွပ်'ခနဲဝင်ရောက်သည်။ ဒေါသက ထောင်းခနဲထွက်ကာ နိုင်ဦးမျက်နှာဆီ လက်သီးတစ်လုံးပြန်ပစ်သွင်းလိုက်သည်။ 'မလုပ်နဲ့'ဆိုသောတားမြစ်သံတွေညံသွားသည်။

"ခွပ်"

"အ"

ဝဲဘက်မျက်ခုံးကိုလက်ဖြင့်အုပ်ရင်း နိုင်ဦးခန္ဓာကိုယ်ကိုင်းကိုင်းကြီးဖြစ်သွားသည်။ နိုင်ဦး၏အရှိက်ဆီ ဒူးဖြင့်ပစ်တိုက်ပစ်လိုက်သည်။

"အွတ်"

"အွတ်"ခနဲသာအသံထွက်နိုင်ပြီး နိုင်ဦးနောက်ကိုယိုင်သွားသည်။ နိုင်ဦးခေါင်းဆတ်ခနဲသူ့ဆီအလာ ဘော်ဒါများက နိုင်ဦးကို ဆွဲထားကြသည်။ သီဟနှင့်စိုးအောင်ကလည်း သူ့ကိုဆွဲထားသည်။

ထိုအချိန်မှာ 'ကျွဲ'ခနဲကားဘရိတ်အုပ်သံနှင့် 'ဟေ့ကောင်တွေ'ဟူသောကျောင်းမှဆရာတစ်ဦး၏ အော်သံကြောင့် သူတို့အားလုံးရပ်တန့်သွားကြ





သည်။ ကျောင်းကား၏ရှေ့ခန်းမှ ဆရာမကြီးဆင်းလာသည်။

"မ မင်္ဂလာပါဆရာမ ကြီး"

ကျောင်း၏ထုံးစံအတိုင်း လက်ကလေးတွေကိုယ်စီပိုက်ကာ နှုတ်ဆက် သော်လည်း ဆရာမကြီးက ပြန်နှုတ်မဆက်။ အေးစက်စက်ကြည့်ရင်း ဆရာ ဘက်ကိုလှည့်ကာ-

"ဆရာ သူတို့ကိုရုံးခန်းထဲခေါ်ခဲ့ပါ"

"ဟုတ်ကဲ့"

ဆရာကိုပြောပြီး ဆရာမကြီးလှည့်ထွက်သွားသည်။ လုံးဝသူတို့ကို လှည့်မကြည့်ခဲ့။ ဆရာက သူတို့အားလုံးကိုဝေ့ကာကြည့်သည်။

"ကျောင်းဝင်းထဲမှာ ရန်ဖြစ်တာဘယ်လောက်အပြစ်ကြီးတယ်ဆိုတာ မင်းတို့မသိကြဘူးလား"

သူတို့အားလုံးကြောက်ရွံ့သွားကြသည်။ ကျောင်းအထုတ်ခံရမှာ ကြောက်လွန်းသဖြင့် သူရင်တို့ တုန်ယင်သွားရသည်။

"လာ အကုန်လုံး ရုံးခန်းကိုလိုက်ခဲ့ကြ"

ဆရာ့နောက်ကို ၆ယောက်သားကုပ်ကုပ်လေးပါသွားကြသည်။ ဆရာ က ရုံးခန်းဆီဦးဆောင်ကာခေါ်သွားသည်။

ရုံးခန်းထဲသို့ ဖိနပ်အသီးသီးချွတ်ကာဝင်ကြသည်။ ဆရာမကြီးတား မိန်းမသားပင်ဖြစ်လင့်ကစား စည်းကမ်းအရာနှင့်ပတ်သက်လာလျှင် ယောကျ်ား သားများထက်ပြတ်သားတိကျသည်။ ဆရာမကြီးက ကွန်ပျူတာထဲမှ File တစ်ခုကိုရှာနေသည်။ သူတို့ကိုလှည့်မကြည့်ဘဲ-

"ဆရာ ကျေးဇူးပြုပြီး သူတို့ခုံနံပါတ်တွေ ယူပေးပါ"

"ဟုတ်ကဲ့"

ဆရာက စာရွက်နှင့်ဘောပင်ကိုပြင်ကာ တစ်ဦးချင်း၏ခုံနံပါတ်တို ယူသည်။ စောစောတုန်းကတော့ ဒေါသအလျောက်ရန်ဖြစ်ခဲ့ပြီးမှ အခု အားလုံးနောင်တကိုယ်စီဖြင့် မျက်နှာငယ်လေးတွေဖြစ်နေကြသည်။ အခုမှ နိုင် ဦးဆော်ထားသော လက်သီးဒဏ်ကြောင့် နှုတ်ခမ်းစေစစ်စစ်နာလာသည်။ နိုင်



www.burmeseclassic.com

www.burmeseclassic.com



ဦးလည်း မျက်ခုံးကို မရဲတရဲစမ်းကြည့်နေတာဟွေ့သည်။

ဆရာမကြီးက ကွန်ပျူတာထဲမှ ရန်ဖြစ်ဖူးသော ကျောင်းသားများ၏ စာရင်းနှင့် သူတို့၏ခုံနံပါတ်ကို တိုက်စစ်ကြည့်သည်။ ပြီးမှ ဆုံလည်ကုလားထိုင်ကိုဝေ့ကာ သူတို့ကိုအေးစက်စက်ကြည့်သည်။ သူတို့အားလုံးဆရာမကြီးစားပွဲရှေ့မှာ ခေါင်းငုံ့ကာမတ်တပ်ရပ်နေကြသည်။

"ရန်ဖြစ်တယ်ဆိုတာ အရမ်းရှက်စရာကောင်းတယ်သားတို့၊ ဒီတစ်ခါ ပထမဆုံးနဲ့နောက်ဆုံးအကြိမ်ဖြစ်ပါစေ။ ဒီတစ်ခါတော့ ခွင့်လွှတ်လိုက်မယ်။ နောက်တစ်ခါဆိုရင်တော့ ကျောင်းထုတ်တဲ့အထိ အပြစ်ပေးရလိမ့်မယ်။ သဘောပေါက်တယ်နော်"

"ဟုတ်ကဲ့"

အားလုံးကြောက်ကြောက်နှင့် လက်ပိုက်ကာ 'ဟုတ်ကဲ့'ကြသည်။

"ကဲ နောက်ရန်မဖြစ်ပါဘူးဆိုတဲ့ ကတိဝန်ခံချက်လက်မှတ်ထိုးသွားကြ၊ နောက်တစ်ခါကိုဘာအကြောင်းကြောင့်မှ ရန်ဖြစ်သံမကြားချင်ဘူး၊ သွားတော့"

"ကျေးဇူးတင်ပါတယ် ဆရာမကြီး"ဟုနှုတ်ဆက်ကာ ရုံးခန်းထဲမှ ကုပ်ကုပ်လေးတွေဖြင့် ထွက်လာကြပြီး သူတို့အားလုံးကျောင်းသားရေးရာကိုသွားကာ လက်မှတ်ထိုးကြရသည်။ ကျောင်းသားရေးရာမှာ လက်မှတ်ထိုးပြီးအောက်ထပ်ကို ဆင်းလာတော့ နောက်ကနိုင်ဦးက အပြေးလိုက်ဆင်းလာကာ သူ့ရှေ့မှာ ဝိတ်ရပ်သည်။

"ငါ ငါက မင်းကိုအရင်ဆုံးထိုးတာဆိုတော့ ငါမှားသွားတယ်၊ ငါ တောင်းပန်ပါတယ်"

နိုင်ဦးလည်း သူကဲ့သို့ပင်ကြောက်နေဟန်တူသည်။ သူ့ကိုတောင်းပန်သည်။

"ရပါတယ်ကွာ၊ တစ်ကျောင်းတည်းသားချင်းတွေပဲ"

နိုင်ဦးကမ်းပေးသောလက်ကိုဆွဲကာ ပြန်နှုတ်ဆက်ရင်းပြုံးပြလိုက်သည်။ ပြုံးအပြမှာ စောစောက နိုင်ဦး၏လက်သံကြောင့် နှုတ်ခမ်းထောင့်စွန်း





က တင်းခနဲနာသည်။

ဘာပဲပြောပြော သူတို့နောက်တစ်ကြိမ် ဘာကြောင့်မှရန်မဖြစ်ရဲတော့တာသေချာသည်။ ဆရာမကြီးက စည်းကမ်းအင်မတန်ရှိသည်၊ အတိပေးစရာရှိလျှင်လည်း ပြတ်ပြတ်သားသားစည်းကမ်းအတိုင်းလုပ်တတ်သည်။

ဆရာမကြီးသည်ကား မဟာအင်ဂျင်နီယာဘွဲ့ရတစ်ယောက်ဖြစ်တာအသက်အားဖြင့် သိပ်မကြီးလှသေး။ သဘောကောင်းလျှင် နှစ်ယောက်မရှိသော်လည်း စည်းကမ်းပိုင်းမှာတော့ ကျောင်းသားကျောင်းသူတိုင်းတုန်နေအောင်ကိုကြောက်ကြရသည်။

တကယ်တမ်းပြန်စဉ်းစားကြည့်တော့လည်း အင်မတန်ရှက်စရာကောင်းလှသည်။ နိုင်ဦးဘက်ကအလွန်ဆိုသော်လည်း သူ့ဘက်ကသည်းခံလိုက်ရင်ပြီး သွားမယ့်ကိစ္စဖြစ်သည်။ နောင်တကိုနောင်မှတ,နေလို့တော့မရ။ ပြေပြေလည်လည်ဖြစ်သွားတာကိုပဲ ကျေးဇူးတင်ရမည်။ သီဟနှင့်စိုးအောင်ပါ မဆီမဆိုင် သူ့ကြောင့် လက်မှတ်ထိုးလိုက်ရသည်။ နိုင်ဦးတို့က သူတို့အတန်းဆီပြန်သွားကြသည်။

"အသေဝနာစ - ဗာလာနံ'ဆိုတာတကယ်မှန်"

သီဟက သူ့ပခုံးကို ခပ်ဖွဖွထိုးရင်းအရယ်တစ်ဝက်ဖြင့်ဆိုသည်။

"တော်ပါတော့ကွာ ကံကောင်းလို့"

စကားကိုမဆက်ဖြစ်။ ပြန်တွေးမိလေ ရှက်မိလေဖြစ်သည်။

● ● ●



www.burmeseclassic.com

www.burmeseclassic.com



# ပန်းကေသီလှိုင်

ပန်းကေသီလှိုင် . . . .

သူမစိတ်မကောင်း။ သူမနဲ့မသက်ဆိုင်ဟုဆိုနိုင်သော်လည်း သူမ၏တာဝန်မကင်းသလို ခံစားမိသည်။ ရန်ဖြစ်ကြသည်တဲ့။ သက်သက်ပြောလို့သိရသည်။

ကျောင်းဖွင့်စအခါက သက်သက် T(တီ)ဖြင့် ရိုက်လိုက်စဉ် မော့ကြည့်နေခဲ့သော သူ့မျက်ဝန်းတို့ကို ပြန်မြင်ယောင်သည်။ သူ၏ တည်ကြည်နူးညံ့သောယောက်ျားပီသချောမောသော သူ့ကို သူမသတိထားမိပါသည်။

သတိထားမိအောင်လည်းသူက ရွှေစွန်ညိုလို အမြဲဝဲနေခဲ့သည်ကိုး။

အခုတလော မကြာခဏဆိုသလို ကင်တင်းထိုင်မိသလော်က် သူပါသည်။

သူခိုးခိုးကြည့်နေချိန်မျိုးမှာ သူမ်အသက်ရှူမှားမှားနေတာ သူမလည်းသိသည်။ အဲ- သက်သက်တစ်ယောက်တော့ရိပ်မိသည်ပေါ့။

သက်သက်ရိပ်မိသွားတာ ဟိုးတစ်ချိန်က သူ့ကို နီနီဆိုသော





မိန်းကလေးနှင့်ရယ်ကာမောကာတွေ့ရစဉ်ကတည်းကဖြစ်သည်။ ထိုစဉ်က ဈေးဝယ်ပြန်ရာတစ်လမ်းလုံး မျက်နှာသိပ်မကောင်းခဲ့သော သူမကို 'နင်သူ့ကိုစိတ်ဝင်စားနေလား'ဟုမေးခဲ့ဖူးသည်။ ထိုစဉ်က ထိုမေးခွန်းကို သူမက ခေါင်းမော့ကာရယ်မောပစ်ခဲ့ဖူးသည်။

ဟိုတစ်ရက်က 'ငါ့ဆီနင့်ဖုန်းနံပါတ်တောင်းနေတယ်။ ပြောပြလိုက်ရမလား'ဟုသက်သက်မေးစဉ်က သူမ 'မပေးနဲ့'ဟုမတားမိခဲ့တာကိုပြန်စဉ်းစားကာရှက်မိသေးသည်။ လူလည်မ သက်သက်ကလည်း 'ငါပေးလိုက်မယ်နော်'ဟုဆိုကာသူမပါးကိုတောင်ဆွဲလိမ်သွားသေးသည်။ အခုထိဖုန်းမဆက်သော သူ့ကိုစိတ်ဆိုးရင်း တိတ်တခိုးဖုန်းမျှော်မိနေတာမို့ တွေးကာရှက်မိရပြန်သည်။

"ဟဲ့ နင်နဲ့ တစ် Section တည်းအတူတူနေချင်လို့တဲ့ နင်စာတော်တဲ့အကြောင်း ငါပြောပြလိုက်တော့ အခုသူပါ Roll ကောင်းကောင်းရပြီး Section A ကိုရောက်အောင် စာတွေကြိုးစားနေသတဲ့"ဟုသက်သက်ပြောပြစဉ်က 'ကလေး'ဆန်သလိုလိုဖြစ်နေသော သူ့ကို သူမစိတ်လှုပ်ရှားသွားမိခဲ့သေးသည်။

"နင့်အကြောင်းလည်း မေးသလားမမေးနဲ့ လစ်တာနဲ့မေးတာပဲ၊ နင်ပါရင်နင့်ကိုခိုးကြည့်မယ်။ တစ်ခါတလေ နင်မပါရင် မေးလိုက်တဲ့မေးခွန်း နင်ဘာကြိုက်တတ်လဲ၊ နင်ဘာတွေစိတ်ဝင်စားတတ်လဲ ဟာ စုံနေတာပဲ မေးတာ။ အဲဒါတွေ ဒိုင်ခံပြောရလွန်းလို့ ငါ့ချစ်သူနဲ့တွေ့ရင်တောင် စကားကောင်းကောင်း မပြောနိုင်ဘူး။ အဲဒါနင်ငါ့ကိုမုန့်ချိုဝယ်ကျွေးဦး"

ဆိုပြီး သက်သက်က သူမကိုနောက်စဉ်က 'သူ့ဆီတောင်းပါလား'ဟု သူမပြန်နောက်ခဲ့မိသေးသည်။ ထိုစဉ်ကပဲ 'နင်တောင်းခိုင်းတာနော်'ဟုဆိုကာ သက်သက် သူမကိုခြိမ်းခြောက်ခဲ့သေးသည်။

သက်သက်က အောင်သွယ်တော်လုပ်မှန်းမသိလုပ်နေတော့သည်။ အောင်သွယ်တော်ပီသစွာပဲ 'နိုင်ဦး'ရည်းစားများလှကြောင်းကို အထောက်အထားတွေနှင့် နားပူနေအောင်ပြောပြတတ်သေးသည်။ ပြီး 'ဒီလောက်ရှင်းပြောပြထားတဲ့ကြားက အဲဒီနိုင်ဦးဆိုတဲ့ ကောင်ဘက်တော့ယိုင်မသွားနဲ့နော် ငါးပါးမှောက်မယ်သာမှတ်'ဟုလည်း အစ်မကြီးတစ်ယောက်လိုရွတ်ဆိုသေး



www.burmeseclassic.com

www.burmeseclassic.com



သည်။

ပြီး 'နှင့်ဆီ သူတစ်ခုခုပေးလိမ့်မယ်'ဆိုပြီး အဲဒီတုန်းက သူမကို သတင်းပေးခဲ့သေးသည်။ မှတ်မှတ်ရရ အဲဒီနေ့တုန်းက-

◆ ◆ ◆





ဒီနေ့ ဖေဖေရော မေမေပါမရှိ။ မင်္ဂလာဆောင်တစ်ခုကို အစောကြီးကတည်းက သွားလိုက်သဖြင့် သူမနှင့်ညီမလေးသာကျန်ခဲ့သည်။ ကျောင်းပိတ် ရက်နေ့နှင့်တိုက်သောနေ့မို့ 'သူ့ထံမှပစ္စည်းတစ်ခုခုပေးလိမ့်မယ်' ဆိုသော သက်သက်၏စကားကို ကြားယောင်ရင်း မသိစိတ်ဖြင့် သူမမျှော်နေခဲ့မိသည်။ နံနက်ရှစ်နာရီခန့်မှာပဲလက်ဆောင်များကို အိမ်တိုင်ယာရောက်လိုက်ပို့ပေးသော အကျိုးဆောင်အဖွဲ့ငယ်လေးတစ်ဖွဲ့မှ ပါဆယ်ပို့သူများ အိမ်ရှေ့ကို ရောက်လာကြသည်။

"မ ပန်းကေသီလှိုင် ပါလား"

"ဟုတ်ကဲ့"

"ဒီမှာ ပါဆယ် နှစ်ထုပ်"

သူမအံ့ဩစွာ ပါဆယ်နှစ်ထုပ်လုံးကို (ရင်ခုန်စွာ)လက်ခံယူရင်း ရရှိကြောင်းလက်မှတ်ထိုးပေးခဲ့သေးသည်။ ပါဆယ်တစ်ထုပ်မှာ From N-OO ဆိုသောစာတန်းကိုတွေ့ရသောပါဆယ်ကိုမဖွင့်ဘဲ နောက်ပါဆယ်ကိုကြည့်မိသည်။

From- Thuya ဆိုသောစာတန်းက သူမရင်ကို လှုပ်ခတ်သွားစေသည်။ ပါဆယ်ကို ဖွင့်တော့အထဲမှာ အသည်းပုံဗူးလေးနှင့် ပို့စကတ်တစ်စောင်တို့တွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"မမ ဘာတွေလဲ"

ညီမလေး၏ အမေးကြောင့် သူမလန့်သွားခဲ့သည်။ ဖေဖေတို့သာသိလျှင်မလွယ်။

"ညီမလေး နင်ပြန်မတိုင်နဲ့နော်၊ ရော့ ဒီပါဆယ်နင့်ဖို့ယူ"

နိုင်ဦး၏ပါဆယ်ကို ညီမလေးအားပေးရင်းနှုတ်ပိတ်ရသေးသည်။ တော်ကြာမေမေ့ဆီဖြစ်ဖြစ် ဖေဖေ့ဆီဖြစ်ဖြစ် တိုင်လိုက်လျှင်သူမသာဒုက္ခရောက်မည်။ အသည်းပုံပူးထဲမှာ ချောကလက်များကလည်း အသည်းပုံလေးတွေပဲဖြစ်သည်။

ပို့စကတ်ကို ရင်ခုန်စွာဖွင့်ကြည့်တော့

**ပန်း**

**နင့်ကိုငါအရမ်းချစ်တယ်ဟာ –**

**သူရ**

ဆိုသော စာတန်းတိုလေးကိုဖတ်ရသည်။ လေးထောင့်ဆန်သောလက်ရေးလေးများကို ရင်ခုန်ရင်း၊ ပို့စကတ်က ရေမွှေးနံ့ကိုအမှတ်မထင်နမ်းရှိုက်မိတော့ ညီမလေးက 'ရှက်ပါတယ်ဗျို့'ဟုနောက်သည်။

ညီမလေးကလည်း ပါဆယ်ကိုဖွင့်ပြီးနေပြီဖြစ်သည်။

"မမရေ ချောကလက်တွေပဲပါတယ် စားလိုက်မယ်နော်"

"အေး"

ညီမလေးကလည်း အထာနပ်သည်။ ပါဆယ်ထဲမှာပါသောပို့စကတ်ကို ဖြဲကာအမှိုက်ပုံးထဲထည့်ပစ်သည်။ ဒီပါဆယ်ကို သူ့အစ်မမဖွင့်ကတည်းက ဘာဆိုတာချက်ချင်းရိပ်မိသည်။ ပို့စကတ်ထဲ ဘာရေးထားလဲဆိုတာတောင် ညီမလေးက စပ်စပ်စုစုမဖတ်။

သူရ၏ပို့စကတ်လေးကို ဖွက်ထားရန်စဉ်းစားချိန်မှာပဲ ဖုန်းလာသည်။

"ဟဲလို"

"ဟဲလို ပန်းကေသီလိုင်းရှိလားရှင့်"

တစ်ဖက်က မိန်းကလေးသံကြောင့် သူမမျက်မှောင်ကြုတ်မိသည်။





တစ်ခါမှမရင်းနှီးသော အသံကိုသူမကြားရသည်။

"ဟဲလို ပန်းလား"

"ဟုတ်တယ် ခုပြောနေတာ ဘယ်သူလဲ"

"ငါ . . . ငါပါ . . . သူရ"

သူရဆိုသောအသံကိုကြားသည့်ခဏ။ သူမရင်တို့ တဒုန်းဒုန်းခုန်သည်။ သူမဘက်က တိတ်ဆိတ်သလို သူ့ဘက်ကလည်းတိတ်ဆိတ်နေခဲ့သည်။ အတန်ကြာမှ-

"ဟို ငါ . . ငါပို့လိုက်တာရလား"

သူမ ဘယ်လိုဖြေလိုက်ရမှန်းမသိ။ မရဘူးဟုညာလိုက်ပြန်ရင်လည်း သူခမျာ စိတ်ဆင်းရဲမှာစိုးရသည်။ ရတယ်ဟုဖြေရမှာလည်း သူမရှက်သည်။

"ပန်း ပါဆယ်ရလား"

"အင်း"

"ဟို စာ . . စာရော ဖတ် ဖတ်ပြီးပြီလား"

"ငါဖုန်းချလိုက်တော့မယ်"

သူမရှက်ရှက်ဖြင့် ဖုန်းချရန်ပြင်သည်။ ဘာတွေမေးနေမှန်းမသိ။

"နေဦးလေဟာ နင်အဲဒီလိုမညစ်နဲ့လေဟာ"

အံမယ် သူကလူကို 'မညစ်နဲ့လေး'ဘာလေးလုပ်နေသေးသည်။ ဒီလိုကျတော့လည်း ကလေးတယ်ဆန်သကိုး'ဟုသူမတွေးမိရင်း ရယ်ချင်လာသည်။

တကယ်တမ်းကျတော့ သူမကိုယ်တိုင်လည်းဖုန်းကိုချလိုက်ရမှာ စိုးရိမ်နေတာပဲဖြစ်သည်။

"ပန်း"

" . . . . "

"ပန်း ငါနင့်ကိုအရမ်းချစ်တယ်"

"ဝှပ်"

ကြည့် ပြောချင်တာပြောပြီးဖုန်းချသွားသည်။ သူမဖုန်းခွက်ကိုဆက်ကိုင်ထားရင်း ငိုင်နေမိသည်။ ကြည့်စမ်း သူမရင်တွေခုန်နေလိုက်တာ။ အခု



www.burmeseclassic.com

www.burmeseclassic.com



ရှမ်းချစ်တယ်တဲ့ နားထဲမှာအခါခါပြန်ကြားမိနေတုန်း။

အဲဒီနေ့ကပေါ့။

♣ ♣ ♣





ဒီနေ့တော့ သူမရင်ခုန်စွာဖြင့်ကျောင်းကိုလာဖြစ်သည်။ သူမ၏ တိတ်ဆိတ်နေမှုကို သက်သက်ကတော့ 'နင်ဒီနေ့တစ်မျိုးပဲ'ဟု ပြောင်စပ်စပ်ဆိုသည်။

အတန်းရှေ့ သူလာချိန်မှာ သက်သက် သူမကိုအသိပေးသော်လည်း မကြည့်ရဲ။ သူမအလိုလိုကိုရှက်နေသည်။

နေ့လယ်စာစားအပြီး ကင်တင်းမှာထိုင်တော့ သူတလည်းခေါင်းကြီးငွတ်ငုံ့ထားသလို သူမကလည်းခေါင်းကိုငွတ်ငုံ့ထားမိသည်။

"ဟဲ့ ဒီနှစ်ယောက် ဇက်တွေများကျိုးကုန်ပြီလားမသိဘူး"

"မဟုတ်ပါဘူး ခေါင်းငုံ့ပြိုင်ပွဲလုပ်နေတာ"

သက်သက်နှင့်သီဟက တစ်ယောက်တစ်ပေါက်နောက်သည်။ သူ့မျက်နှာနီရဲနေမှာကိုတွေးမိသည်။ သူမကရော။ သူမလည်းမျက်နှာတွေ ထူပူနေမိသည်။ သူမသည်လည်း မျက်နှာကြီးတစ်ခုလုံးနီရဲနေမှာ မြင်ယောင်မိသေးသည်။

"ဟဲ့ သီဟ"

"ပြော"

"နင့်အစ်ကိုကို ဖုန်းခဏခဏမဆက်နဲ့လို့ပြောထားဦး"

"ဘာဖြစ်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ဖုန်း Bill ဟက်မှာစိုးလို့"

တမင်စနေကြမှန်းသိသည်မို့ နှစ်ယောက်စလုံးခေါင်းမဖော်နိုင်တော့။ နှစ်ယောက်စလုံးကလည်း အင်မတန်အရှက်အကြောက်ကြီးသူတွေကိုး။

"ဩော် နင့်အစ်ကိုကိုပြောလိုက်ဦး၊ ချောကလက်လေးကလည်းချို သလို ပို့စကတ်ကလည်း အရမ်း အရမ်းကိုမွှေးတာပါပဲရှင် လို့"

သက်သက်သူမကိုဖော်ကောင်လုပ်နေပြီမို့ ကျိတ်ပြီးဆွဲဆိတ်ဖြစ်သည်၊ အဲဒါမှပိုဆိုးတော့သည်။

"အမလေး ဆိတ်တယ်"

သူအပါအဝင်သီဟတို့ပါရယ်ကြသည်။ သူမကတော့ ရှက်လွန်းလို့ ထွက်တောင်ပြေးချင်သည်။ ပြီး သက်သက်ကနေတစ်ဆင့် သူ့ကိုဖုန်းမဆက်ဖို့ ပြောရဦးမည်။ တော်ကြာ ဖေဖေတို့ရိပ်မိလျှင် သူမဒုက္ခရောက်မည်။ သူက တော့ သူမမပြောလည်း သဘောတော့ပေါက်သည်ထင့် နောက်ထပ်ဖုန်းမဆက် တော့၊ ဒါပေမယ့် သေချာအောင်တော့ ပြောထားခိုင်းရမည်။

"သက်သက်"

"ပြော"

"ဘာမှာဦးမလဲ"

"တော်ပြီဟေ့၊ အဆိတ်မခံနိုင်ဘူး"

ရယ်ကြပြန်သည်။

"ဒါနဲ့ ပြောထားရဦးမယ်၊ မနက်ဖြန် ငါကိစ္စတစ်ခုရှိလို့ ကျောင်းမ လာနိုင်ဘူး၊ ငါ့သူငယ်ချင်းကို ကြည့်ထားပေးဦး"

"စိတ်ချ"

သက်သက်ကတကယ်လည်းမနက်ဖြန်တစ်ရက် ကျောင်းပျက်မည် ဟုသူမကို ကြိုပြောထားပြီးသား။ 'စိတ်ချ' ဆိုသောစကားက သူ့ထံမှထွက်လာ တာဖြစ်သည်။ ကြည့် လူကြည့်တော့ရှက်သလိုလို ကြောက်သလိုလိုနဲ့ ဒါကျ တော့ ပြောနိုင်သေးသည်။

"အဟမ်း အဟမ်း"





"အဟွတ် အဟွတ်"

သီဟနှင့်စိုးအောင်က တစ်ယောက်တစ်မျိုးစီ ချောင်းဟန့်သည်။

"ဟဲ့ ဟဲ့ နင်တို့ကလည်းလေ ချောင်းတဟက်ဟက်နဲ့ ကျန်းမာရေ ဂရုစိုက်ကြဦး၊ စာတွေချည်းပဲဖိလုပ်မနေနဲ့၊ Section - A ရောက်ချင်တာ လည်း တစ်ပိုင်းကိုသေလို့"

ရယ်မောကြပြန်သည်။ ဘာပြောပြော လွတ်ကိုမလွတ်တော့၊ သူ ကတော့ ရှက်လွန်းလို့ ခေါင်းကိုပဲတွင်တွင်ငုံ့နေမိသည်။

သူတို့တတွေ တဟီးဟီး တဟားဟားသဘောကျနေသော်လည်း သူ တို့ဝိုင်းကိုငေးရင်း အခြားတစ်ဝိုင်းမှာ မျက်ရည်ဝဲနေသူတစ်ယောက်တော့ရှိ သည်။ နီနီရယ်ပေါ့။

နီနီတစ်ယောက် အရာရာကို လက်ခံနိုင်အောင်ကြိုးစားရင်း မျက် ရည်ကျနေရှာသည်။

သူမအတွေးမှာ ကျောင်းဖွင့်စရက်က 'ဒီအချိန်ဘာအချိန်လဲ'တုမေ သောရုပ်ဖြောင့်ဖြောင့် အသံဝဲဝဲနှင့် အူကြောင်ကြောင်ကျောင်းသားတစ် ယောက်ကို မတွေးရပါဘဲမြင်ယောင်နေမိသည်။

● ● ●



www.burmeseclassic.com

www.burmeseclassic.com



ညရယ် သီဟတို့နှစ်ယောက်ရယ်ထိုင်နေသော ဝိုင်းမှာမှ နိုင်ဦးလာထိုင်သောအခါ နှုတ်မဆက်လို့မကောင်းတော့။

"သောက်ပါဦးလား"

သီဟနှင့်စိုးအောင်က ခပ်တန်းဟန်းလုပ်နေသည်မို့ သူ့အားနှုတ်ခွန်းဆိုတ်ခေါ်ရတော့သည်။

"အင်း ညီလေး ပုံမှန်တစ်ခွက်လောက်"

နိုင်ဦးကဘေးမှ ဖြတ်လာသောစားပွဲထိုးကို လက်ဖက်ရည်လှမ်းမှာတာ သူ့ကိုပြုံးပြသည်မို့ပြန်ပြုံးပြဖြစ်သည်။

"ဟိုကိစ္စကိုတွေးမိတိုင်း မင်းကိုငါအရမ်းအားနာတာပဲကွာ"

နိုင်ဦး၏စကားနိဒါန်းကြောင့် သီဟနှင့်စိုးအောင်က သိသိသာသာကို 'တင်း'သွားဟန်ဖြင့် နှစ်ယောက်သားတစ်ယောက်ကိုတစ်ယောက် မျက်ခုံးပင့်ပြကြသည်။ 'လာလာချေသေး'ဆိုသည့်သဘော။ သူမြင်လိုက်သော်လည်း နိုင်ဦးမမြင်သည်မို့ ကျေးဇူးတင်ရဦးမည်။

"ရပါတယ်ကွာ တစ်ခုတော့ကောင်းသွားတယ်"

သူ့စကားကြောင့် နိုင်ဦးကအူကြောင်ကြောင်ဖြင့်ကြည့်ကာ 'ဘာကောင်းတာလဲ'ဟုအူကြောင်ကြောင်ပဲမေးသည်။ နိုင်ဦးနှင့်သူ့စကားတို့ကို စိတ်မဝင်စားလေဟန်ပြုနေသော သီဟနှင့်စိုးအောင်ပင် ဆတ်ခနဲသူ့ကိုအံ့အားတ



သင့်ကြည့်ကြသည်။

"မင်းနဲ့ငါနဲ့ ဘော်ဒါတွေဖြစ်သွားကြတယ်လေ၊ အဲဒါကောင်းတာပေါ့"

"ဪ အေး၊ ဟုတ်သားပဲ"

နှစ်ယောက်သား ရယ်မိကြသည်။ သိပ်တော့အသက်မပါလှ။ နှုတ်ကထုတ်မပြောသော်လည်း နှစ်ယောက်စလုံး၏စိတ်မှာ ရန်သူနီးနီး အဆင်မပြေသော ရည်းစားလုဖက်ဟုစိတ်ထဲအနည်းငယ်စွဲနေဆဲဖြစ်သည်၊ သီဟနှင့်စိုးအောင်က သူ့စကားကြောင့် နှုတ်ခမ်းကိုမသိမသာရွဲ့သည်။ သူကတော့မြင်ဖြစ်အောင်မြင်သည်။

" 'ပန်း'ကိုအကြောင်းပြုပြီး ငါတို့ရေစက်ဆုံကြတာပေါ့"

"ငါ တကယ်ပါ မင်းနဲ့ရန်ဖြစ်ပြီးမှ မင်းကိုဘာဖြစ်လို့လဲမသိဘူး အရမ်းကိုခင်သွား ခင်သွားတယ်။ 'ပန်း'သာမဟုတ်ဘဲ တခြားမိန်းကလေးတွေကို ရည်းစားထားသလိုမျိုးအပျော်သဘောဆိုရင် ငါနောက်ဆုတ်ပေးမိမှာသေချာတယ်"

သူနိုင်ဦးစကားကို 'ဟုတ်လား'ဟုမေးလိုက်ရမည်လား 'ဒါပေါ့'ဟုထောက်ခံလိုက်ရမည်လား 'လုပ်မနေစမ်းပါနဲ့ကွာ' ဟုခနဲ့လိုက်ရမည်လားမသိ။ တကယ်တမ်းကျတော့ ဘာမှမတုံ့ပြန်ဖြစ်။ 'ပန်း'မဟုတ်သောတခြားမလေးသာဆိုအလေးအနက်မထားသည်မို့ ရက်ရက်ရောရော နောက်ဆုတ်ပေးမည်။ 'ပန်း'ကိုတော့ သူ့ဘက်ကလည်းအလျှော့မပေးနိုင်ဆိုသည့်သဘော။

သူနားလည်ပါသည်။ နိုင်ဦး 'ပန်း'ကိုအမှန်တကယ် မြတ်နိုးသည်တုလည်း ယုံကြည်ပါသည်။ လူဆိုသည်ကလည်း မရတာဆိုပိုလိုချင်ကြသည်ကိုနိုင်ဦးကတကယ့်ကို ခံစားမှုအပြည့်ဖြင့် ဆိုနေမှန်းသူ နားလည်ပေးနိုင်ပါသည်။

"ငါ့ဘဝမှာ ငါလိုက်လို့ ချဉ်းကပ်လို့မလွယ်တဲ့ မိန်းကလေးဆိုလို့ 'ပန်း'တစ်ယောက်ပဲရှိတယ်။ 'ပန်း'ကိုငါအရမ်းတန်ဖိုးထားတယ်ကွာ"

'ဒုက္ခပါပဲ'ဟုစိတ်မှတွေးဖြစ်သည်။ ရည်းစားလုဖက်ဆီကိုမှ ရည်းစားအကြောင်းရင်လာဖွင့်သတဲ့လား။ တစ်ခါတစ်ရံ အချစ်က ထိုသို့အကြောင်း

www.burmeseclassic.com

www.burmeseclassic.com



ကြောင်ဖြစ်စေသည်။

"ငါ 'ပန်း'ကိုတန်ဖိုးထားသလို မင်းကလည်းတန်ဖိုးထားမှာပါ"

နိုင်ဦးက ပြောလက်စစကားကို ခေတ္တရပ်ကာ လက်ဖက်ရည်ကို သောက်သည်။

"မင်းသိလား ပန်းရဲ့စိတ်ဟာဘယ်သူ့ဆီမှာ ရောက်နေတယ်ဆိုတာ"

နိုင်ဦး၏အမေးက ရင်ကိုလှုပ်ခတ်စေသည်။ တကယ်ဆို သူလည်းဝဲ ပန်း၏စိတ်ကို လုံးလုံးလျားလျားသိသည်မဟုတ်။ ပန်း၏စိတ်က နိုင်ဦးဆီမှာ ရှိနေနိုင်သလို သူ့ဆီမှာလည်းဖြစ်နိုင်သည်။ ဗြီး အခြားတစ်ယောက်ယောက်ဆီမှာလည်းရှိနေနိုင်သည်။

နိုင်ဦး၏အမေးကို သူခေါင်းခါပြလိုက်သည်။ တကယ်လည်း သူမသိ၊ မခန့်မှန်းတတ်။

"ငါတစ်စွန်းတစ်စကြားမိသလောက် မနက်ဖြန် သက်သက်ကျောင်းမလာဘူး၊ မင်းက 'ပန်း'ကို 'ပန်း'တို့လမ်းထိပ်ထိလိုက်ပို့ပေးမယ် ဟုတ်တယ်မဟုတ်လား"

ဆတ်ခနဲနိုင်ဦးကို သူကြည့်ဖြစ်သည်။ သတင်းက အတိအကျကြီး 'အေးလေ သူလည်းအမြဲမပြတ် ဒါကိုစုံစမ်းနေမှာပေါ့'ဟုတွေးဖြစ်သည်။ သူခေါင်းညိတ်ပြလိုက်သည်။

"မင်းလမ်းထိပ်ထိပို့ပြီးရင် ပြန်မှာမဟုတ်လား"

ဘာကြောင့်မေးမှန်းမသိ။ ကြည့်လိုက်ပြန်တော့လည်း နိုင်ဦး၏ပုံစံက တက်ကြွနေသည်။ ဘာကိုနားလည်ပေးလိုက်ရမှန်းမသိ။

"ငါ 'ပန်း'ကို အိမ်နဲ့နီးတဲ့အထိပို့မှာ"

သူ့အဖြေကြောင့် နိုင်ဦးခေတ္တငိုင်သွားသည်။ ပြီးမှ-

"ငါ မင်းကို request လုပ်ချင်တယ်။ မနက်ဖြန်ရမယ့်အခွင့်အရေးမျိုးကို မင်းဘက်ကကောင်းကောင်းအသုံးချမှာပါပဲ။ ငါဆိုရင်လည်း မင်းလိုပဲတွေးမှာပါ။ ဒါပေမယ့် ငါ့ကိုလည်း ကျေးဇူးပြုပြီး အခွင့်အရေးတစ်ချို့ခွဲပေးစေချင်တယ်။"





နိုင်ဦးစကားကြောင့် သူကြောင်သွားရသည်။ နိုင်ဦးကစကားကိုဆက်သည်။

"မင်းလမ်းထိပ်အထိပဲ 'ပန်း'ကိုပို့ပါလား၊ လမ်းထိပ်ကနေ သူ့အိမ်ဆီရောက်ခါနီးလောက်ကို ငါ . . . ငါပို့ချင်တယ်၊ ငါ့ကိုအဲဒီလို လုပ်ပေးလို့ရမလား၊ မင်းသိချင်လည်းသိမှာပါ၊ သက်သက်က ငါ့ကိုဆို ပန်းနဲ့လုံးလုံးနီးစပ်စေချင်တာမဟုတ်ဘူး။ ဒီတော့ ပန်းကိုချဉ်းကပ်မယ်ကြံတိုင်း သက်သက်တကာဆီးကာဆီးနဲ့ လုံးလုံးအခွင့်အရေးမရခဲ့ဘူး။ 'ပန်း'ကလည်း အပြင်ထွက်တာဘာညာမရှိတော့ ငါ့အနေနဲ့ ပန်းကိုစကားတောင်ဆယ်ခွန်းပြည့်အောင်မပြောဖူးဘူး၊ မင်းက ငါနဲ့စာရင် အများကြီးအခွင့်အရေးရထားတာပါ။ မနက်ဖြန်ကျရင်လည်း မင်းပဲလိုက်ပို့ခွင့်ရမှာ ငါ့အတွက်ကတော့ သက်သက်ကျောင်းမတက်တဲ့ရက်က ရှေ့လို့ရှားတယ်။ ဒီတော့ ပန်းဆီချဉ်းကပ်ဖို့အခွင့်အရေးကလည်း အရမ်းနည်းတယ်။ မင်းငါ့ကို အဲဒါလေးကူညီပါလားကွာ"

နိုင်ဦးကအသနားခံသလို အကြည့်မျိုးသူ့ကိုကြည့်သည်၊ နိုင်ဦးဆိုလိုချက်ကို သူကောင်းကောင်းကြီးသဘောပေါက်ပါသည်။ ပန်းကိုလမ်းတစ်ဝက်ကျော်ကျော်လောက်ကိုသူလိုက်ပို့၊ လမ်း၏သုံးပုံတစ်ပုံခန့်ကို နိုင်ဦးက လိုက်ပို့ပါရစေ။ ဒါမျိုးဖြစ်သည်။ မရေရာသေးသော မခွေးထွေးသေးသော သူနှင့်ပန်း၏ဆက်ဆံရေးကာလအနက်၊ ရတောင့်ရခဲ ဤအခွင့်အရေးမျိုးကိုမှ နိုင်ဦးက ရှယ်ယာ ခွဲချင်နေသည်။ တောင်းဆိုနေသည်။ တောင်းဆိုသည်ဆိုတာထက် တောင်းပန်တယ်ဆိုတာက ပိုမှန်မည်။ သူအဲဒီလောက်ထိသဘောထားကြီးနိုင်မည်တဲ့လား။

သီဟနှင့်စိုးအောင်ဆီ 'ဘယ်လိုလဲ'ဟုကြည့်မိတော့ နှစ်ကောင်သားမျက်ခုံးတွန့်ပြကြသည်။ 'ခေါက်ထားလိုက်စမ်းပါ'ဆိုသည့်သဘော။ တကယ်လည်း သူ့စိတ်ထဲမှာ ပန်းနှင့်ပတ်သက်ပြီး အရာရာကို သူသဝန်တိုပါသည်၊ ပန်းနှင့်အတူသွားလာခွင့်ကို ရှားရှားပါးပါးရရှိလာပြီးကာမှ မိမိနှင့်ရည်းစားလုဖက်တစ်ယောက်ကို ထိုအခွင့်အရေးအားခွဲဝေပေးရမည်ဆိုတော့ . . .

"ငါ ဖုန်းလည်းဆက်ပါတယ်ကွာ ဖုန်းနံပါတ်စုံစမ်းပြီးတော့ပေါ့



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် ငါမှန်းလည်းသိရော ပန်းက ဖုန်းချချသွားတယ်။ ငါ့အနေနဲ့ ကျောင်းမှာလည်း သက်သက်ကြောင့် 'ပန်း'အနားကပ်ခွင့်မရသလို ဖုန်းလည်းဆက်ခွင့်မသာဘူး သူရရာ။ မနက်ဖြန်တော့ ငါ့ကိုကြိုးစားခွင့်ပြုပါကွာ ငါ , . . ငါ ဒီလိုမတောင်းဆိုသင့်မှန်း ငါသိပါတယ်။ ဒါပေမယ့် ငါ . . . ."

နိုင်ဦးက လက်ချောင်းများဖြင့်ငုံထားသော ခေါင်းမှဆံပင်တို့ထဲထိုးတာဖွရင်း ဆိုလက်စစကားကိုရပ်သည်။ နိုင်ဦးကို သူကိုယ်ချင်းစာသလိုလိုတော့ရှိသည်။ သို့သော် သူ ပန်းနှင့်နိုင်ဦးကို အတူတွဲလျက် တွေးကြည့်မိရုံနှင့်တင် အတော်ကြီးကို ရင်နာနေပြီဖြစ်သည်။ 'မဖြစ်နိုင်ဘူးကွာ'လို့ပြောပစ်ရမှာကလည်း အားနာစရာကောင်းသည်။ တစ်ဖက်သားကလည်း ဒီအကြောင်းကြောင်ကိစ္စကိုမှနားပူနားဆာလုပ်နေသည်။ 'ငါမလုပ်နိုင်ဘူး'ဟုဆိုလိုက်ပြန်ရင်လည်း နိုင်ဦးက သူနှင့်ရန်ငြိုးရန်စရှိ၍ အငြိုးအတေးထားသည်ဟုထင်ဦးမည်။ သူ သက်ပြင်းကို မသက်မသာချမိသည်။

သူသက်ပြင်းချတာကိုကြည့်ပြီး နိုင်ဦး မျက်နှာညှိုးသည်ထက်ညှိုးသွားသည်။

"ဆောရီးကွာ သူရ ငါဖောင်းသွားတယ် မင်းမှမဟုတ်ဘူး၊ မင်းနေရာမှာ ငါဆိုရင်လည်း . . ."

"မဟုတ်ဘူး နိုင်ဦး ငါက"

"ရပါတယ် သူရ ငါကိုယ်ချင်းစာပါတယ်၊ ငါမင်းဆီမှာ ဘာမှအကူအညီတောင်းခဲ့ဘူး၊ ဘာမှမပြောခဲ့ဘူးလို့ပဲ ထားလိုက်ပါ"

နိုင်ဦးပုံစံက တကယ့်ကိုကြေကြေကွဲကွဲ ဒီကိစ္စကြီး သူပြောသောကိစ္စကြီးမဖြစ်လာခဲ့လျှင်ပဲ မဖြစ်တော့သလိုကြီးဖြစ်ကာနေသည်။ ဥပေက္ခာပြုထားလိုက်ရန် ကြိုးစားရှသော်လည်း နိုင်ဦးကိုကြည့်ရင်း သူကိုယ်ချင်းစာမိလာသည်။

"ငါပြန်လိုက်ဦးမယ် သူရ မင်းစိတ်ထဲဘာမှထားမနေပါနဲ့ကွာ"

သူကလည်းတစ်ပြန်တစ်လဲ သူ့ကိုအားပေးနေသေးသည်မို့ သူရ နိုင်ဦး ကိုအားနာသွားရသည်။

"နိုင်ဦး"



ထ,ရပ်ကာ လှည့်ထွက်သွားရန်ဖြစ်သော နိုင်ဦးကို သူခေါ်လိုက်သည်။ နိုင်ဦးကညှိုးငယ်စွာပြန်လှည့်ကြည့်သည်။

"မင်းပြောသလိုပဲ ပန်းကို ငါ . . . ငါလမ်းထိပ်ထိပဲလိုက်ပို့ပါ့မယ်"

ညှိုးငယ်ကာနေသော နိုင်ဦး၏မျက်နှာက တဖြည်းဖြည်းချင်းအံ့သြနေရာတဆတ်ခန်ပြုံးသည်။

"ကျေးဇူးတင်လိုက်တာကွာ"

မျက်ရည်တို့ဝဲနေကာ သူ့လက်ကိုဆွဲကာ အားရပါးရဆိုသည်။ 'ရပါတယ်ကွာ'ဟုနှုတ်မှဆိုလိုက်သော်လည်း တကယ်တမ်းသူ့ရင်ထဲမှာ ကြည်ဖြူစွာ၊ ကျေနပ်စွာဖြင့်အခွင့်အရေးတို့ကို ခွဲဝေပေးလိုက်ခြင်း မဟုတ်ကြောင်း သူကိုယ်သူသိသည်။

"ဒီတစ်ခါပါပဲကွာ ငါဒီတစ်ခါကြိုးစားကြည့်လို့ 'ပန်း'ဘက်ကလုံးဝဆိုးဆိုးရွားရွားကြီးဆိုရင် ငါ . . . ငါလုံးလုံးရပ်ပစ်လိုက်မယ်"

"အလာကြီးပါလား'ဟုသူတွေးဖြစ်သည်။ ပန်းဘက်ကသာ မိုးစိမ်းဖြူလို့ကတော့ ဆက်လှုပ်ရှားဦးမှာ"ဆိုသည့်သဘော။

"ငါ လစ်တော့မယ် သူရ"

"အေး"

တက်ကြွစွာ လှည့်ထွက်သောနိုင်ဦးကိုလိုက်ကြည့်ရင်း သူ့ရင်မှာ ဘာကြောင့်မှန်းမသိနာကျင်မွန်းကြပ်နေသည်။ နိုင်ဦး၏နုပျိုသောရုပ်ရည်နှင့်ခန့်ညားသောနိုင်ဦး၏ Parado ကအာရုံထဲလာလာဝင်သည်။

သီဟနှင့်စိုးအောင်ကတော့ သူ့ကိုကြည့်ရင်းခေါင်းခါကြသည်။

မနက်ဖြန် ဖြစ်နိုင်လျှင် မနက်ဖြန် (သက်သက်ကျောင်းမပျက်ဘဲ) 'ပန်း'ကျောင်းပျက်လျှင်ကောင်းမည်။

● ● ●

www.burmeseclassic.com

တင် နေကုန်စာထဲစိတ်နှစ်ထားနိုင်သော်လည်း နောက်ဆုံးစာသင်ချိန်မှာတော့ စာထဲအာရုံကမဝင်တစ်ချက် ဝင်တစ်ချက်။ သက်သက်ကျောင်းမလာသည်မို့ ဒီနေ့သူမတစ်ယောက်တည်း။ သူရကတော့ သူမကိုအခန်းရှေ့ကဖြတ်ဖြတ်လျှောက်ပြကာနေသည်။ သချာတာကတော့ ကျောင်းကအပြန်မှာ သချာပေါက် သူရ လိုက်ပို့မှာပဲဖြစ်သည်။ သက်သက်ကလည်း စ,သလိုနောက်သလိုနှင့် ဖင်းတို့ထဲအပ်သွားသည်ကိုး။ တကယ်တော့ သူမတစ်ယောက်တည်းလည်း ပြန်လို့ဖြစ်သည်။ ဘယ်သူမှလိုက်ပို့စရာမလို၊ ဖေဖေ့ကိုလာကြိုဖို့ ဘာကြောင့်များ သူမမပြောခဲ့မိပါလိမ့်။ သချာတာကတော့ သူမ၏ရင်တို့ တဒိုင်းဒိုင်းခုန် နေတာပဲဖြစ်သည်။

အတန်းရှေ့မှအရိပ်ကြောင့် ရင်ဖိုစွာလှည့်အကြည့်၊ နိုင်ဦး။ တော်တာန်ရှိမိန်းကလေးသာဆို ပစ်ကြွေသွားလောက်အောင်ကိုခံ့ညားသားနားနေသည်။ သူမကို ကြည့်နေသော မျက်ဝန်းတို့က တဖိတ်ဖိတ်လက်ကာနေသည်။ သူမအကြည့်ကိုလွှဲပစ်လိုက်သည်။ တော်ကြာသူ့ကိုပြန်ကြည့်မိလို့ သူနှင့်ပတ်သက်သောအခြားအခြားသော ကောင်မလေးများကဲ့သို့ သူမကိုထင်နေဦးမည်။

အတန်းထဲက ထွက်သည်နှင့် ကော်ရစ်ဒါမှာ ရပ်စောင့်နေသော သူ့ကိုသူမမြင်ပါသည်။ သို့သော် မမြင်သလိုဘဲနေလိုက်သည်။ သူနောက်က ကပ်ပါလာမှန်းသိသော်လည်း မသိချင်ယောင်ဆောင်ကာနေလိုက်သည်။ ကျောင်း





ဝင်းပေါက်မှအထွက် ကားဆီကိုအသွား ဘေးနား သူကပ်လာသည်။ ရင်ခုန်သံတို့ကြောင့် ခြေလှမ်းကမှားချင်နေသည့်ကြားထဲ ခလုပ်ကတိုက်သေးသည်။

"ပန်း ငါလိုက်ပို့မယ်နော်"

ကပ်ပြောသောစကားမို့ (မသိစိတ်ကလည်းနားစွင့်နေသည်မို့) သူမကြားပါသည်။ သို့သော် ဘာမှပြန်မပြောဘဲ ကားစပယ်ယာဖွင့်ပေးသော ရှေ့ခန်းမှာဝင်ထိုင်သည်။ မရဲတရဲဘေးမှာ သူဝင်ထိုင်တာကိုပဲ သူမသိသည်။ သူမတောင်တန်းများရှိရာဘက်ဆီငေးနေလိုက်သည်။

သူရတစ်ယောက်ကတော့ စိတ်လေသွားရသည်။ ဘာစကားတစ်ခွန်းမှမဆိုသောသူမ၏ဘေးမှာ သက်သောင့်သက်သာမရှိဘဲ တောင့်တောင့်ကြီးထိုင်နေရတာကိုက ပင်ပန်းလွန်းလှသည်။ ပင်ပန်းဆို ရင်ခုန်ရုံသာမက နှုတ်ဝါတဆတ်ဆတ်တုန်နေခဲ့သည်ကိုး။

"ပန်း စားပါဦး"

လက်ထဲမှ အသည်းပုံချိုချဉ်ကို ကမ်းပေးချိန် သူ့လက်တို့က သိသိသာသာ တုန်ယင်ကာနေသည်။ ဒီတစ်ခါတော့ ပန်းကခေါင်းခါပြသည်။ ခေါင်းကြီးငုံ့ကာထားသည်။

ရှက်သွေးကြွယ်ကာနေသော ဘယ်လောက်ထိတောင်ချစ်စရာကောင်းသည့်ကောင်မလေးပါလိမ့်။ လူပြည့်သည်နှင့်ကားကထွက်ရန်ပြင်သည်။ ကား၁,လာကောက်တော့ ပန်းက သူမလက်ထဲဆုပ်ထားသော တစ်ထောင်တန်ကိုကားစပယ်ယာဆီလှမ်းပေးလိုက်သည်။ စပယ်ယာကမယူ။

"နှစ်ယောက်စာလား"

စပယ်ယာ၏အမေးကြောင့် 'ပန်း'ရှက်သွားရသည်။ ယောင်ပြီးခေါင်းကိုညိတ်ပြမိသည်ထင့်၊ ကားစပယ်ယာက ဒရိုင်ဘာဆီယင်းတစ်ထောင်တန်ကို မေးဆတ်ပြရင်း 'သူတို့နှစ်ယောက်စာယူလိုက်အစ်ကို ကျွန်တော့်ဆီအကြွေအမ်းစရာမရှိတော့ဘူး'ဟု ကားသမားကိုလှမ်းပြောသည်။ ကားသမားက ယင်းသက်ထဲကတစ်ထောင်တန်ဆီလက်လှမ်းသည်။

သူရ ရုတ်တရက်ကြောင်သွားမိသည်။ အံ့အားလည်းသင့်သွားရ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ပန်းက သူ့အတွက်ကားခပေးပေးမလို့တဲ့။ တကယ်ဆိုယောကျ်ားလေးတပဲ ရှင်းပေးသင့်တာမျိုး။

"နေနေ ပန်း ငါ့မှာအကြွေပါတယ် ငါပေးလိုက်မယ်"

မသိစိတ်ဖြင့် တစ်ထောင်တန်ကိုင်ကာ ကားဆရာဆီလက်လှမ်းကာပေးသော 'ပန်း'၏လက်ကို ဆတ်ခနဲကိုင်ရင်းတားမိသည်။ ဖျတ်ခနဲပန်းက လက်ကို ပြန်ဆွဲယူသွားတော့မှ သူသတိထားမိသည်။

လက်တစ်ဖက်က နှစ်ရာတန်ကို ကားသမားအားလှမ်းပေးနေစဉ် ကျန်လက်တစ်ဖက်မသိစိတ်ဖြင့် ပန်း၏လက်ကိုကိုင်ကာတားမိသွားသည်ကိုး။ ရှက်ရှက်ဖြင့် 'Sorry ဟုတောင်းပန်တော့ ပန်းဆီမှဘာမှတုံ့ပြန်မလာခဲ့။ စိတ်တော့ဆိုးဟန်မပြ။ ခေါင်းကိုသာတွင်တွင်ငုံ့ထားသည်မို့ တော်သေးသည်။

ကားဆရာက သူတို့နှစ်ယောက်ကို ပြုံးစိစိကြည့်ရင်း ကားကိုစက်နှိုးသည်။ ကားထွက်ပြီး မကြာမီမှာကားကက်ဆက်ကို ကားဆရာကဖွင့်သည်။

"ခင်မင်မှုနဲ့ ချိတ်ဆက်ခဲ့တဲ့ ဖြူစင်ကြင်နာလက်ကလေးတွေ ××× မြတ်နိုးတွယ်တာ အကြင်နာနှလုံးသားရှိသူအတွက် ×××××× ဟန်ဆောင်ဖုံးထားလည်းပဲ တို့နှစ်ဦးအကြည့်က စကားတွေဖလှယ်နေဆဲ ××× ဒီလိုရှေ့ဆက်သွားရင် တစ်နေ့ဘာတွေဖြစ်မယ် ××× နှလုံးသားကိုသော့ခတ်ထားဖို့မင်းမှာ ခွန်အားရှိရဲ့လား သူငယ်ချင်းရေ ××× တံခါးလေးစေ့ရုံပဲလား ဒီကတော့ မိန်းကလေးမို့ ××× အစဉ်အလာတွေရဲ့စည်းဝိုင်းထဲမှာ ××× ရင်ခုန်စွာ ထံခါးစေ့ရုံပဲ ×××"

ထွန်းအိန္ဒြာဗို၏တံခါးလေးစေ့ရုံပဲလား သီချင်းကဆောင်းဘောက်စ်ထဲက ခုန်ပေါက်ထွက်လာသည်။ သီချင်းကတိုက်ဆိုင်နေသည်မို့ နှစ်ယောက်သားတစ်ယောက်ကိုတစ်ယောက် အမှတ်မထင်ကြည့်ဖြစ်ကြသည်။ ဖျတ်ခနဲ 'ပန်း'က ခေါင်းငုံ့သွားသည်မို့ သူ့ရင်တွေကတုန်ကယင်ကြီးဖြစ်သွားရပါသည်။

ဟွန်းတီးကာကျော်တက်သွားသော ကားကိုအမှတ်မထင်လှည့်ကြည့်တော့ နိုင်ဦးကားဖြစ်နေသည်။ ပန်းကိုမသိမသာကြည့်မိတော့ 'ပန်း'၏အကြည့်တို့က နိုင်ဦး၏ကားဆီရောက်နေတာ သတိထားမိသည်။



သူ့ရင်ထဲ မနာလိုသလိုကြီးဖြစ်သွားရသည်။ နိုင်ဦးတ မြန်မာ့စီးပွားရေးဘဏ်ထောင့်လောက်မှာ စောင့်ကာနေမှာကို တွေးရင်း ရင်ကနာကျင်လာသည်။ အခုထိ ပန်းက သူ့ကိုစကားဘာမှမတုံ့ပြန်သေး။ ကားဝိတ်မှနေ သူတို့လမ်းထိပ် နိုင်ဦးစောင့်နေမည်ပြောသောနေရာရောက်သည်အထိ ဝန်းဘတ်က ယခုကဲ့သို့အေးတိအေးစက် ဖြစ်နေသည်ဆိုလျှင်တော့ သူ့ရင်ကျိုးလိမ့်မည်။

နိုင်ဦးကိုရော။ နိုင်ဦးကိုတော့ သူမ စကားတွေဘာတွေပြန်ပြောမည်လား။ သူ့ရင်တစ်ခုလုံး မွန်းကြပ်ကာနေသည်။ ဘာကြောင့်ဟု လက်ညှိုးထိုးမပြတတ်။

ရည်းစားလုဖို့အတွက် ကိုယ့်အူနုကိုကိုယ်ကျေကျေနပ်နပ်ကျွဲခတ်ခံရမယ့်အဖြစ်။ သက်ပြင်းကိုပဲချဖြစ်သည်။

နိုင်ဦး ကားကိုစိတ်ထိန်းကာမောင်းရင်း စောစောကမြင်ကွင်းထို ပြန်ပြန်မစဉ်းစားရပါဘဲ အထပ်ထပ်အခါခါမြင်ယောင်သည်။

ပန်းတို့ကားမထွက်ခင် ၎င်းကားနှင့်မလှမ်းမကမ်းမှာ သူမယောင်မလည်ရှိနေခဲ့သည်။ ထိုစဉ်မှာ ကားခနှစ်ယောက်စာ ပန်းထုတ်ပေးတာမြင်ရချိန် သူ့ရင်တို့မွမွကြေနေသလို ခံစားရသည်။ အဲဒီအချိန်မှာပဲ 'သူရ'က နှစ်ရာတန်ကိုလှုပေးကာ ပန်း၏လက်ကို ပိုင်စိုးပိုင်နင်းကိုင်ကာတားလိုက်တာကို ရင်နာစွာသူမြင်လိုက်ရသည်။

ရှက်ကိုးရှက်ကန်းဖြစ်နေသော ပန်း၏ဟန်က 'သူရ'အပေါ် ထားသောစိတ်ကိုဖော်ပြနေသည်။ သူကစားသောစစ်တုရင်ကဲ့သို့ အမှန်တကယ်တစားနေသူထက် ဘေးမှကြည့်သောသူက အရာရာကိုပိုမြင်သည်။ အခုလည်း .... ဘေးမှကြည့်မြင်နေရသောသူ့အဖို့ကတော့ ....

"တောက်!"

သူ့ရင်နာစွာ တက်ခေါက်မိသည်။ သေချာတာကတော့ 'ပန်း'သည် 'သူရ'အပေါ် လုံးလုံးတိမ်းညွတ်နေလေပြီ။ သူ့အနေနှင့် ဖွတ်ဆက်တိုးနေရင်လည်း လူကြမ်းလုံးလုံးဖြစ်ရတော့မည်။ 'သူရ'ကတော့ 'ပန်း'၏ရင်ထဲက အရာတွေကိုသိသေးမည်မဟုတ်။ ဒီကောင်က လည်မလိုလိုနှင့် သိပ်မလည်လှ။ သူရ

www.burmeseclassic.com



နေရာမှာ သူသာဆိုဖာတ်သိမ်းတာကြာပြီ။

သူရအပေါ် မနာလိုသလိုလိုရှိသော်လည်း သူလုပ်စရာရှိသည်ကိုတော့ လုပ်ရမည်။ သူစိတ်ကို ဒုံးဒုံးချလိုက်သည်။ လုပ်သင့်တာကို သူတွေ့နေသည်။ လုပ်တိုလုပ်ရမည်။ သူရကလည်း သူ့အပေါ် စာနာပေးခဲ့သည်ကိုး။

♠ ♠ ♠





ဂိတ်ဆုံးကိုရောက်တော့ သူဆင်းသည်။ တကယ်တော့ ပန်းနှင့်အတူ ယှဉ်ထိုင်နေရသည်မို့ ဂိတ်ဆုံးကိုရောက်မှာကြောက်နေခဲ့မိသည်။ သီဟတို့ကတော့ နောက်ကားနှင့်မှလိုက်လာကြမည်။

ကားပေါ်ကဆင်းဆင်းချင်းကားတံခါးရှေ့မှပိတ်ရပ်နေသော လူတစ် ယောက်ကြောင့် သူဆင်းလို့မရဖြစ်သွားသည်။ မော့ကြည့်တော့ . . . နိုင်ဦး

နိုင်ဦးကိုတွေ့ရတော့ သူတင်းသွားရသည်။ ဒီကောင် အပြောနှင့်အ ဟောမည်။ အခုတော့ . . . ကားဂိတ်မှာလာစောင့်နေသည်။ ပုံစံက မိုက်ဝိုက် အပြည့်။ ပန်းကိုသာကြည့်နေသည်သူ့ကိုမကြည့်။

"ပန်း နင်ငါနဲ့ခဏလိုက်ခဲ့"

ပန်းကိုကြည့်ရင်းပြောသောစကားက တကယ့်ကိုပိုင်စိုးပိုင်နင်း ထောင်းခနဲသူဒေါသထွက်သွားရသည်။ ပန်းက 'ဘာဆိုင်လို့လိုက်ရမှာလဲ'တု ဒေါသနှင့် မတိုးမကျယ်ပြန်ပြောတာကိုကြားတော့ နိုင်ဦးကခပ်မဲ့မဲ့ပြုံးသည်။

"နင်ခဏတော့ လိုက်ခဲ့ရမယ်ပန်း"

"မလိုက်ဘူး"

ပန်းကခါးခါးသီးသီး ခေါင်းကိုဘယ်ညာရမ်းကာဆိုသည်။ ပွဲကမလာ ဒေါသကလည်းမဆွပါဘဲထွက်လာသည်။

"ဟကောင် နိုင်ဦး"



www.burmeseclassic.com

www.burmeseclassic.com



ပန်းရှေ့မှပ်တ်ရပ်ကာ နိုင်ဦးကိုစူးရဲစွာစိုက်ကြည့်ပစ်လိုက်သည်။

"မင်းကဆရာကြီးလား၊ ဝင်အာမချောင်ချင်စမ်းပါနဲ့ ဘာလဲမင်းက ကောက်ရိုးပုံစောင့်ချင်လို့လား"

"ဘာကွ မင်း"

ကောက်ရိုးပုံစောင့် 'ခွေး'ဟုဒဲ့မပြောရုံတမယ်။ အပြောခံလိုက်ရသော အခါဒေါသကထွက်လာသည်။ ရှေ့ကိုသူတိုးလိုက်ချိန် နိုင်ဦးက မထိတရိနှင့် နောက်ကိုတစ်လှမ်းဆုတ်သည်။

"သူရ"

ပန်း သူရ၏လက်မောင်းကိုဆွဲထားလိုက်သည်။ သူမကြောင့်သူရကို ရန်မဖြစ်စေချင်။ ရန်ဖြစ်သောရလဒ်က လုံးဝမကောင်းမှာသေချာသည်။ သူမ ရင်တို့ တဒိတ်ဒိတ်ခုန်ကာ စိုးရိမ်နေမိသည်။ သူရ ဒုက္ခရောက်မှာကိုသူမ မလိုလား။

"ဖယ် 'ပန်း'ဒီကောင်စော်ကားလွန်းတယ်"

"သူရ"

သူမဆွဲထားသောလက်ကိုရုန်းကာသူရက ရှေ့တိုးရန်ပြင်သည်။ သူမ ခေါ်လိုက်သောအသံမှာ ငိုသံစွက်နေသည်မို့ သူရတတ်တရက်ငြိမ်သွားသည်။

"နင် . . . နင်ငါ့ကိုချစ်တယ်ဆိုရင် ရန်မဖြစ်ပါနဲ့ဟာ"

ပန်း၏နှုတ်မှထွက်လာသော စကားကြောင့် သူရမင်သက်မိသွားရသည်။ သူ၏လက်မောင်းကို တင်းကြပ်စွာဆွဲထားရင်း စိုးရိမ်နေရှာသော ကောင်မလေး 'နင်ငါ့ကိုချစ်ရင် ရန်မဖြစ်ပါနဲ့'တဲ့။ အပျော်ကခံစားမှုကိုဖြစ်စေကာ ဝုန်းခနဲရင်ကိုဆောင့်တက်သည်။

"တောက် !"

နိုင်ဦးတက်ခေါက်ကာ သူရနှင့်ပန်းကိုကျောခိုင်းပစ်လိုက်သည်။ မျက်နှာတစ်ဖက်သို့လှည့်အပြီးမှာ မျက်နှာပေါ်ရှိမာကြောမှုတို့ကို ဖြေလျှော့လိုက်သည်။ ပြီးပြီ . . . ။ သူ့ကဏ္ဍကဒီလောက်ပဲဖြစ်သည်။ ပန်း၏သဘောထားကို သူရသိလောက်ပြီထင်သည်။ ဒါ . . . သူ့အပေါ်စာနာစိတ်ထားခဲ့သော



BURMESE CLASSIC .com



သူရအတွက်ရော 'ပန်း'အတွက်ပါသူ ပေးဆပ်ခဲ့တာပဲဖြစ်သည်။ အစီပွာယ် ၏၊ မရှိ၏တော့သူမသိ။ သူသိတာကတော့ သူ့ရင်နာနေခဲ့တာကိုဖြစ်သည်။

ကျောခိုင်းသွားသော နိုင်ဦးကိုကြည့်ရင်းနှစ်ယောက်သား မင်သက် နေမိသည်။ ပထမဆုံးလှုပ်ရှားလာသူက 'ပန်း'။

ကိုင်ထားဆဲဖြစ်သော သူရ၏လက်မောင်းဆီက သူမ၏လက်တို ရှု ကာရှက်ရှက်ဖြင့် ထွက်လာခဲ့သည်။

ဝမ်းသာလုံးအဆို့ကြီးဆို့နေသော သူရက ပန်းနောက်ကိုလိုက်သည်

သူ့ရင်ထဲကဒေါသတွေ ကြက်ပျောက် ငှက်ပျောက် ပျောက်တ သည်။ လောလောဆယ်ရင်ထဲရှိနေ သိနေတာက ပန်းနောက်ကိုအမီလိုက် သာ။

◆ ◆ ◆



www.burmeseclassic.com

ရှင်ဦး။

ကားစတီယာရင်ကို ကိုင်ရင်း သူ ငိုချင်စိတ်ကိုထိန်းထားနေမိသည်။

"ငါ့အစောကြီးကတည်းက ရိပ်မိပါတယ်ပန်းရယ်"

တကယ်တော့ အချစ်ဆိုတာ ချစ်သူအတွက် ဖြစ်သင့်တာတွေကို ဖြည့်ဆည်းပေးရင်း ကျေနပ်နေရတဲ့ခံစားမှုတစ်ခုပေါ့။

ငါကျေနပ်ပါတယ်။

နောက်ဘဝများမှပေါ့ ပန်း။ ဖြစ်နိုင်မယ်ဆိုရင်ပေါ့လေ"

သူရင်တဆတ်ဆတ်ခါအောင် နာကျင်နေခဲ့သည်။ မျက်ရည်စတို့ကို ခေါင်းမော့ကာထိန်းရင်း ပန်းကိုပြင်းပြင်းထန်ထန်သတိရနေမိသည်။

ပျော်လိုက်တော့ . . . . ပန်း . . . ။

♣ ♣ ♣





ပျော် ချင်းယှဉ်မိချိန်မှာ ပန်းကိုသူမရဲတရဲငဲ့ကြည့်ဖြစ်သည်။ မျက်ရည်စ တချို့တောင်မပြောင်ချင်သေး။ ရှက်ဝဲဝဲဖြင့် ခေါင်းငုံ့နေပါသော 'ပန်း'။

"ဟော့ တစ်ရှူးယူမလား"

". . . ."

သူ့အမေးကြောင့် ပန်းကဘာတွေးမိသည်မသိ။ မျက်စောင်းဒိုင်းခနဲ ထိုးသည်။ မျက်နှာမှာရှက်ပြုံးလှလှကတွဲလွဲခိုသည်။

"ငါ နောက်တစ်ခါ ရန်မဖြစ်တော့ဘူးနော်၊ ဂါကတိပေးတယ်"

". . . ."

"ဘာဖြစ်လို့လဲသိလား"

". . . ."

သူ့အမေးကိုတစ်ခွန်းမှမဖြေသော်လည်း ရယ်ချင်ပက်ကျိဖြစ်ချင်စိတ်ကို သူမထိန်းလိုက်သည်။ ဘာကြောင့်မှုံး သူမစိုးရိမ်စိတ်တွေ အထွတ်အထိပ်ရောက်ခဲ့ပါလိမ့်။ အခုတော့ သူမရှက်နေရပြီ။ စကားဖြင့် အသားယူချင်နေသော သူ့ကို ဘုတော[illegible]သည်။

"ပန်း

"ဘာလဲ"

www.burmeseclassic.com



အလဲ့။ သူရရယ်ချင်သွားသည်။ 'ဘာလဲ'တဲ့။ စကားနှစ်လုံးတော့ စပြောလာပြီ။ တိုးတက်လာတဲ့သဘော။

"ငါ နောက်တစ်ခါ လုံးဝ ရန်မဖြစ်တော့ဘူးနော်"

"ဒါတော့ နင့်သဘောပဲ"

"ဘာဖြစ်လို့လဲသိလား"

"မသိဘူး"

ညစ်ကျယ်ကျယ်ပြုံးရင်းဆိုသော သူမကိုကြည့်ကာ သူရစိတ်ယားလာသည်။ ကြည့် ရှက်ပြုံးပြုံးနေသော သူမ၏အပြုံးက မိုးထက်ကရထားပေါ်က နတ်သမီးတစ်ပါး၏အပြုံးထက်ပင်သာ၍လှပနေသေးသည်။

"သက်သက်ကိုကျေးဇူးတင်ရမယ်"

"...."

"ကောင်မလေးတစ်ယောက်ရဲ့ ရင်ထဲကဖြောင့်ချက်ကိုသိလိုက်ရလို့"

"အောင်မာ"

"ဘုန်း"

"အားဆော်တယ်ဗျ"

စ,ချင်စိတ်ဖြင့် စ,တော့ သူမက ရှက်ရှက်ဖြင့် 'အောင်မာ'ဟုရေရွတ်ရင်း လက်ထဲမှလယ်ဂျာစာအုပ်ဖြင့် 'ဘုန်း'ခနဲလက်မောင်းကိုလှမ်းရိုက်သည်။

"သွားတော့နော်"

လမ်းထိပ်ရောက်တော့ နှုတ်ဆက်ရင်းသူရပ်ကာကျန်ရစ်လိုက်သည်။ သူမအိမ်နှင့်ကသိပ်မဝေးတော့။ တော်ကြာ ယောက္ခမလောင်းကြီးကသိနေမှ ဟုတ်ပေ့ဖြစ်နေဦးမည်။

တော်တော်လေးလှမ်းတော့ သူမက ဖျတ်ခနဲလှည့်ကြည့်သည်။ သူမကိုကြည့်နေသေးသော လမ်းသွယ်ထိပ်မှ သူ့ကိုဆတ်ခနဲ တဲ့တာပြရင်း ကျောခိုင်းသွားသည်။

သူ့ရင်ထဲမှာ အုန်းခနဲ ဗေဒင်ကြည့်နေစရာပင်မလိုတော့။ သူမ၏ မျက်ဝန်းမှာ အချစ်၏အစအနပေါင်းများစွာကို သူတွေ့ရှိလိုက်ပြီး ဖြစ်သည်။





အချစ်သည် တစ်ခါတစ်ရံ၌ မျက်လုံးချင်း ခေတ္တဆုံရုံနှင့်ပင်ပြီးပြည့်စုံသော စကားတို့ကို ဆိုနိုင်သည်မဟုတ်ပါလား။

● ● ●



BURMESE CLASSIC .com

www.burmeseclassic.com